# ကြေးမုံ

The Mirror
Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက်၊ သောကြာနေ့ (17-7-2015) (၈၂၆၄)


## စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်

တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့တခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညစာစားပွဲတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရခိုင်ပြည်နယ် ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ ထောက်ပံ့ပစ္စည်းများပေးအပ်

❝ ပျက်စီးသွားသည့် လမ်း၊ တံတားများ ရေရှည်တည်တံ့ခိုင်မြဲအောင် စီမံကိန်းများ စနစ်တကျ ချမှတ်လုပ်ဆောင်ရန်လိုအပ်။ ❞

စာမျက်နှာ - ၃

# အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် တွေ့ဆုံမေးမြန်းခြင်း



အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ

❝ ဘဘက အမြဲအေးချမ်းပြီး အမြဲပြုံးနေတတ်တယ်။ အောက်လက်ငယ်သားတွေအပေါ်မှာ သိပ်ရည်မွန်တယ်။ ကျောသားရင်သားမခွဲခြားဘူး။ ထမင်းစားရင်တောင် ငါဝန်ကြီးဆိုပြီး မရှိဘူး။ အတူတူလာစားကြဆိုပြီး တပည့်တပန်းတွေနဲ့ ပျော်ပျော်နေတယ်။ ❞

## သခင်မြနှင့် ဦးရာဇတ်

တွေ့ဆုံမေးမြန်း - ဆုနင်းလဲ့
ဓာတ်ပုံ - ခင်မောင်ဝင်း

**အာဇာနည်နေ့အထိမ်းအမှတ်အနေဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များကို တွေ့ဆုံမေးမြန်းခဲ့ရာတွင် ဘဏ္ဍာရေးနှင့် အခွန်တော်ဌာနဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော သခင်မြ၏ မွေးစားသမီးကြီးဖြစ်သူ ဒေါ်ခင်ဆွေဝင်းကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ချင်းတွင်းလမ်းရှိ မြဂေဟာတွင် တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။**



ဒေါ်ခင်ဆွေဝင်း

သခင်မြသည် သားသမီးမထွန်းကားခဲ့ဘဲ တူ၊ တူမများကို သားသမီးကဲ့သို့ အထူးချစ်ခင်နှစ်သက်ခဲ့ပြီး မွေးစားခဲ့ခြင်းဖြစ်သည်။ သခင်မြလုပ်ကြံခံရချိန်တွင် မွေးစားသမီးကြီးဖြစ်သူ ဒေါ်ခင်ဆွေဝင်းသည် (၃)နှစ်ခန့်အရွယ်သာရှိသေးသည်။

သခင်မြ၏ ဇနီးဖြစ်သူ အမေညွန့်က အမွေစားအမွေခံအဖြစ် မွေးစားခဲ့သော သားဦးရဲမြင့်အောင်(ဒေါ်ခင်ဆွေဝင်း၏မောင်)မှာ သခင်မြကွယ်လွန်အပြီး တစ်ပတ်အကြာတွင် မွေးဖွားခဲ့ခြင်းဖြစ်သည်။

ဒေါ်ခင်ဆွေဝင်းတို့မောင်နှမလေးယောက်ကို အမေညွန့်က အင်မတန်ချစ်ခင်မြတ်နိုးပြီး ဒေါ်ခင်ဆွေဝင်း၏ မိဘများမှာ သခင်ခင်အောင်နှင့်ဒေါ်မာမာကြည်တို့ဖြစ်သည်။ နိုင်ငံရေးမျိုးဆက်ဖြစ်သော်လည်း နိုင်ငံရေး၏အလှည့်အပြောင်းကံကြမ္မာများအတွင်း ကြံ့ကြံ့ခံရင်း ပညာများကို တတ်အောင်သင်ကြားကာ ပညာဖြင့်ပင် အသက်မွေးဝမ်းကျောင်းပြုခဲ့သူများဖြစ်သည်။

အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံလိုက်ရသည့်အတွက် အဖမဲ့သွားသော မိသားစုများ၏ အားကိုးရာသည် ပညာကိုတတ်မြောက်အောင်သင်ကြားရင်း ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်အောင် ကြိုးစားခဲ့သည်ဟု အသက်(၇၁)အရွယ်ရှိပြီဖြစ်သည့် ဒေါ်ခင်ဆွေဝင်းက ပြောသည်။ အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ၏ မျိုးဆက်အမွေဆက်ခံခဲ့သော ဒေါ်ခင်ဆွေဝင်းနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်များကို ပြန်လည်ကောက်နုတ်ဖော်ပြလိုက်ပါသည်-

**မေး။ အာဇာနည်ခေါင်းဆောင်ကြီး သခင်မြရဲ့ မိသားစုအကြောင်း ပြောပြပေးပါ။**

ဖြေ။ ဘဘ သခင်မြနဲ့ ကြီးကြီးဒေါ်ကြည်ညွန့်က သားသမီးမရှိပါဘူး။ ဒါပေမယ့် အန်တီတို့မောင်နှမတွေကို မွေးစားထားတာပါ။ မောင်လေးကိုတော့ ကြီးကြီးက အမွေစားအမွေခံ မွေးစားလိုက်တယ်။ ဘဘဆုံးပြီး တစ်ပတ်အကြာမှာ မောင်လေးကိုမွေးတော့ ကြီးကြီးနဲ့ အန်တီတို့ အမေနဲ့က ညီအစ်မဆိုတော့ သူ့ညီမလေးကိုလည်း အရမ်းချစ်တယ်။

အန်တီတို့အဖေက သခင်ခင်အောင်၊ ဘဘမြရဲ့တိုင်ပင်ဖော်၊ တပည့်လည်း တပည့်ပေါ့။ သိပ်ချစ်တယ်။ ဖေဖေနဲ့ မေမေတို့ကို ဘဘတို့ကပဲ လက်ထပ်ပေးတာ။ လက်ထပ်ပြီးတော့လည်း မခွဲဘဲနဲ့ အတူတူနေခဲ့ကြတာ။ အန်တီတို့လည်း သူတို့လက်ထဲမှာပဲ ကြီးတယ်။ အန်တီမောင်လေး ကိုရဲမြင့်အောင်ကို ဘဘ သခင်မြရက်လည်တဲ့နေ့မှာ မွေးတယ်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆




ကြေးမုံစာတည်းရှုထောင့် ၁၇-၇-၂၀၁၅၊ သောကြာနေ့

# မမေ့နိုင်သည့် အာဇာနည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နေထိုင်ကြသူများသည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် အေးချမ်းသာယာစွာ တည်ရှိနေထိုင်ခဲ့ကြပြီး နိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသော ပြည်ထောင်စုတိုင်းရင်းသားအပေါင်းတို့သည် ချစ်ခင်ရင်းနှီးစွာ အေးအတူ ပူအမျှ၊ ဥမကွဲ သိုက်မပျက် စည်းလုံးညီညွတ်စွာ နေထိုင်ခဲ့ကြကြောင်း သမိုင်းအထောက်အထားများရှိသည်။

သို့သော် ကိုလိုနီနယ်ချဲ့တို့က မြန်မာပြည်အား ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲပြီး ၁၈၈၅ ခုနှစ်တွင် သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့သည်။ ထိုအခါ လွတ်လပ်ရေးကို မြတ်နိုးတန်ဖိုးထားကြသူများ၊ အမျိုး၊ ဘာသာ၊ သာသနာကို ချစ်မြတ်နိုးကြသူများက သူ့ကျွန်မခံလိုသောစိတ်ဖြင့် တိုင်းရင်းသားသွေးစည်းညီညွတ်မှုကိုရယူကာ ရရာလက်နက်စွဲကိုင်လျက် နယ်ချဲ့ကျူးကျော်သူတို့ကို ခုခံတွန်းလှန်ကြသည်။ မြန်မာပြည်နေရာအနှံ့၌ ၁၈၈၅ ခုနှစ်မှ ၁၉၀၀ ပြည့်လွန်နှစ်အထိ ၁၅ နှစ်ကျော် အသက်ပေါင်းများစွာ ပေးဆပ်ခဲ့ကြသည်။

၁၉၁၉ ခုနှစ်တွင် ဂျီစီဘီအေ (G.C.B.A) ခေါ် မြန်မာအမျိုးသားရေးအသင်းကြီးကို ဖွဲ့စည်းတည်ထောင်လျက် ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားခဲ့သည်။ တောင်သူလယ်သမားထုကလည်း ဆရာစံဦးဆောင်၍ ၁၉၃၀ ပြည့်နှစ်တွင် နယ်ချဲ့တို့အား ရရာလက်နက်စွဲကိုင်လျက် တိုက်ခိုက်ခဲ့ကြသည်။

တို့ဗမာအစည်းအရုံးကြီးသည် အမျိုးသားရေးကိုအခြေခံ၍ လွတ်လပ်ရေးကို ရယူရန် တိုက်ပွဲဝင်ခဲ့သည်။ ၁၉၄၀ ခုနှစ်တွင် သခင်အောင်ဆန်း ဦးဆောင်သော ရဲဘော်သုံးကျိပ်တို့သည် ဂျပန်နိုင်ငံ၌ စစ်ပညာသင်ယူကာ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်းပြီး မြန်မာ့မြေမှ နယ်ချဲ့တို့အား တွန်းလှန်မောင်းထုတ်ပစ်ခဲ့သည်။

၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် ဖက်ဆစ်ဂျပန်တို့အား တိုက်ထုတ်နိုင်ခဲ့သည်။ ထို့နောက် တစ်နှစ်အတွင်း လွတ်လပ်ရေးရရှိရေးအတွက် အင်္ဂလန်သို့သွား၍ အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုခဲ့ပြန်သည်။ လွတ်လပ်ရေးအတွက် တိုင်းရင်းသားလူမျိုးအားလုံး၏ သွေးစည်းညီညွတ်မှုကို ပြသရန် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ရှမ်းပြည်နယ်တောင်ပိုင်းရှိ ပင်လုံမြို့တွင် တိုင်းရင်းသားကိုယ်စားလှယ်များ တညီတညွတ်တည်း ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

ထိုကဲ့သို့ တစ်နှစ်တာကာလအတွင်း လွတ်လပ်ရေးရရှိအောင် ဆောင်ရွက်ခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးတို့သည် ဇူလိုင် ၁၉ ရက်၌ တိုင်းပြုပြည်ပြုလွှတ်တော် အထူးအစည်းအဝေးကြီးကို ကျင်းပစဉ် အဖြစ်ဆိုးနှင့်ကြုံခဲ့သည်။

ထိုနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မသမာသူ တိုင်းတစ်ပါးနယ်ချဲ့လက်ပါးစေအဖွဲ့၏ လုပ်ကြံသတ်ဖြတ်မှုကို ရုတ်တရက်ခံလိုက်ရပြီး တိုင်းပြည်အတွက် အသက်ပေးခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဦးဘချို၊ ဦးရာဇတ်၊ ဦးဘဝင်း၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၊ ဦးအုန်းမောင်၊ ရဲဘော်ကိုထွေး အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦးတို့ ကျဆုံးခဲ့သည်။ ထိုနေ့ ထိုရက်သို့ရောက်တိုင်း ပြည်သူပြည်သားတို့၏ နှလုံးသားထဲဝယ် ကြိမ်မီးအုံးပမာ တမြည့်မြည့်ခံစားကာ ယူကျုံးမရ ဖြစ်လျက်ရှိသည်။

လွတ်လပ်ရေးရရန် အပတ်တကုတ် အားသွန်ခွန်စိုက် ကြိုးပမ်းပေးခဲ့သော ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများသည် တိုင်းရင်းသားသွေးစည်းညီညွတ်မှုကို ရယူပေးနိုင်ခဲ့သော်လည်း လွတ်လပ်ရေးကို ခံစားခွင့်မရရှာကြချေ။ မြန်မာ့လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည့် အာဇာနည်နေ့ကို မြန်မာပြည်သူလူထုတစ်ရပ်လုံးက အောက်မေ့သတိရလျက်၊ ဝမ်းနည်းကြေကွဲလျက်ရှိသည်။ မမေ့နိုင်သည့်အာဇာနည်ခေါင်းဆောင်ကြီးများအား ကျွန်တော်တို့ပြည်သူအားလုံး ဦးညွှတ်ဂုဏ်ပြုကြရမည်ဖြစ်သည်။ ။



# ပြန်ကြားရေးဝန်ကြီးဌာနနှင့် စာပေရိပ်မြုံဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၆**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် စာပေရိပ်မြုံဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ်(၃၂/၃၉၆) (ယခင်ဂါးဒီးယန်းသတင်းစာတိုက်)ရှိ ပြန်တမ်းဌာနခွဲ နှစ်ထပ်အဆောက်အအုံအား စာပေဖွံ့ဖြိုးရေးတွင် အသုံးချနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ရုံးခန်းမ၌ ကျင်းပသည်။

ယင်းသို့ ဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး စာပေရိပ်မြုံဖောင်ဒေးရှင်းမှ စာရေးဆရာကြီး ဦးဖေမြင့်၊ လယ်တွင်းသားစောချစ် (ဦးတင်လှိုင်)နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**(အပေါ်ဓါတ်ပုံ)**

စာပေရိပ်မြုံဖောင်ဒေးရှင်းသည် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ယခင်ဂါးဒီးယန်းသတင်းစာတိုက် အဆောက်အအုံ၌ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအကျိုးအတွက် အထောက်အကူပြုလုပ်ငန်းများဖြစ်သည့် စာတမ်းဖတ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ စာဖတ်ပွဲများ၊ ပြပွဲပြိုင်ပွဲများ ပြုလုပ်ခြင်း၊ စာရေးသူ၊ ကျမ်းပြုသူများအတွက် စာရေးရန်နေရာနှင့် စာပေအစုအဖွဲ့များအတွက် ရုံးခန်းနေရာများကို စီစဉ်ဆောင်ရွက်ပေးခြင်း၊ စာအုပ်ဆိုင်နှင့် ကဖေးဆိုင်ဖွင့်လှစ်ခြင်း စသည်တို့အပါအဝင် လိုအပ်သည့် အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်သောအသင်းအဖွဲ့စည်းမျဉ်းရေးဆွဲရေးနှင့် အဆောက်အအုံ ငှားရမ်းရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ဇင်ဘာဘွေသံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဇူလိုင် ၁၇**

ဇင်ဘာဘွေသံအမတ်ကြီး မစ္စတာ မက်ဝဲလ်ရန်ဂါအား နယူးဒေလီမြို့တွင် အခြေစိုက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဇင်ဘာဘွေနိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ သဘောတူပြီးဖြစ်သည်။

မစ္စတာ မက်ဝဲလ်ရန်ဂါကို ၁၉၆၁ ခုနှစ်တွင် မွေးဖွားခဲ့သည်။ အင်္ဂလန်နိုင်ငံ မန်ချက်စတာတက္ကသိုလ်မှ ၁၉၉၆ ခုနှစ်တွင် လူ့စွမ်းအားအရင်းအမြစ် လေ့လာခြင်းဆိုင်ရာ ဒီပလိုမာဘွဲ့ကိုလည်းကောင်း၊ ၁၉၉၈ ခုနှစ်တွင် လူ့စွမ်းအားအရင်းအမြစ် လေ့လာခြင်းဆိုင်ရာ မဟာသိပ္ပံဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။ တရားရေး၊ ဥပဒေရေးရာနှင့် လွှတ်တော်ရေးရာဝန်ကြီးဌာန၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနတွင် ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ အတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ် ဇူလိုင်လအထိ တရားရေးနှင့် ဥပဒေရေးရာဝန်ကြီးဌာနတွင် ခေတ္တအမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၄ ခုနှစ် ဩဂုတ်လမှ ယနေ့အထိ အိန္ဒိယနိုင်ငံဆိုင်ရာ ဇင်ဘာဘွေသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသုံးဦးရှိသည်။

သံအမတ်ကြီး မစ္စတာ မက်ဝဲလ်ရန်ဂါသည် နယူးဒေလီမြို့တွင် အခြေစိုက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဇင်ဘာဘွေသံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# သဘာဝပတ်ဝန်းကျင်စိမ်းလန်းစေရေး အရာတော်မြို့နယ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုး

**အရာတော် ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် ကမ်းပြုကျေးရွာအုပ်စု အရာတော်-မုံရွာကားလမ်းဘေး တုံးတင်ကန်ကျေးရွာအနီးဝန်းကျင်ရှိ မြေကွက်လပ်တွင် ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပြုလုပ်သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကံထွန်း၊ ဦးစောဦးထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးငြိမ်းမောင်မောင်နှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းများမှ တပ်ရင်းမှူးများနှင့် အရာရှိစစ်သည်မိသားစုများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ စိမ်း/စိုဦးစီးဌာန ဦးစီးအရာရှိ ဦးမိုးနိုင်ဦးနှင့် ဝန်ထမ်းများ၊ သစ်တောဦးစီးဌာန တာဝန်ခံ တောအုပ်ဦးကျော်မြင့်နိုင်နှင့် ဝန်ထမ်းအဖွဲ့ဝင်များက "သစ်တောသစ်ပင် ဒို့ချစ်ခင်၊ သာယာလှပစိမ်းမြမြ" စသည့် ဆောင်ပုဒ်နှင့်အညီ ပတ်ဝန်းကျင်ထိန်းသိမ်းရန်နှင့် ရာသီဥတုဒဏ် ကာကွယ်သည့်အနေဖြင့် ကျွန်း၊ ယူကလစ်၊ မဲဇလီစသည့်အပင်ပေါင်း ၆၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်းသိရသည်။ **မြို့နယ် (ပြန်/ဆက်)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၁၆**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၅၁၅၀၀ | - | ၇၅၁၅၀၀ |
| မန္တလေး | ရွှေဈေး | ၇၅၁၀၀၀ | - | ၇၅၁၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၈၀/၆၉၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၂၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၂၁၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၃၀. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၉၅. ၈၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၅. ၅၈၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၁၉. ၄၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၉. ၁၃၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၈၁. ၇၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၅. ၉၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၉၆. ၆၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၉၀. ၃၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

# ပျက်စီးသွားသည့် လမ်း၊ တံတားများ ရေရှည်တည်တံ့ခိုင်မြဲအောင် စီမံကိန်းများ စနစ်တကျ ချမှတ်လုပ်ဆောင်ရန်လိုအပ်

**နေပြည်တော် ဇူလိုင် ၁၆**

ရခိုင်ပြည်နယ်အတွင်း ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်တည်ဆောက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့်အတူ ဇွန်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များသို့ သွားရောက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တောင်ကုတ်မြို့သို့ ရောက်ရှိကြပြီး တောင်ကုတ်ချောင်း ရေကြီးရေလျှံမှုကြောင့် ကမ်းပါးပြိုပျက်စီးခဲ့သည့် ချောင်းကောက်ရပ်ကွက်ကမ်းနားလမ်းအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည် တောင်ကုတ်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ်အတွင်း ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် လတ်တလောလိုအပ်သည့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

အခမ်းအနားတွင် ဒုတိယသမ္မတက ရခိုင်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကုတ်မြို့တစ်မြို့လုံးနီးပါး ရေလျှံမှုဖြစ်ပေါ်ခဲ့သည့်အတွက် အိမ်များ၊ လမ်းများ၊ တံတားများ၊ စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းများ ပျက်စီးခဲ့ပါကြောင်း၊ ထိုသို့ ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးသွားသည့် အပိုင်းများကို ပြန်လည်ပြင်ဆင်ပေးလျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်တည်ဆောက်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများဖွဲ့စည်း၍ ပျက်စီးမှုများအား ရေတို၊ ရေရှည် စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရတွင် လေဘေး၊ ရေဘေး၊ မီးဘေး၊ ငလျင် စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ဒုက္ခရောက်သူများကို ချက်ချင်းကူညီနိုင်ရန် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေရှိပါကြောင်း၊ ယင်းသီးသန့်ရန်ပုံငွေမှ ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း။

ပျက်စီးသွားသည့်လမ်း၊ တံတားများကို ယာယီသွားလာနိုင်ရန် ပြည်နယ်အစိုးရနှင့် တာဝန်ရှိသူများ ဆောင်ရွက်ပေးထားပြီးဖြစ်သော်လည်း ရေရှည်တည်တံ့ခိုင်မြဲအောင် စီမံကိန်းများ စနစ်တကျ ချမှတ်လုပ်ဆောင်သွားရန်လိုအပ်ပါကြောင်း၊ ရေဘေးကြောင့် ဒုက္ခရောက်နေသည့် မြို့နယ်များအပါအဝင် ရခိုင်ပြည်နယ်အတွင်းရှိ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် တာဝန်ရှိသူများအားလုံး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်၍ ဆွေးနွေးတင်ပြကြရန်လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက ရခိုင်ပြည်နယ်အတွင်း ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် တာဝန်ရှိသူများက ကိုင်းရှည်၊ လမူး၊ သဒ္ဒန်၊ တရာဘ၊ ပလဝါ၊ ကြက်ကိုင်းနှင့် လက်ပံကျေးရွာများအတွက် ဆန်၊ ဆီ၊ ပဲ၊ အဝတ်အထည်၊ ခြင်ထောင်၊ စောင် စသည့် ထောက်ပံ့ပစ္စည်းများနှင့် ဆိုလာမီးအိမ်များကို ထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ရေဘေးသင့်ပြည်သူများကိုယ်စား မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးကျော်တောင်က ကျေးဇူးတင်စကားပြောကြားကာ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယသမ္မတက ပြန်လည်သုံးသပ်ဆွေးနွေးပြီး မြစ်များ၊ ချောင်းများအတွင်း ရေစီးရေလာကောင်းမွန်စေရန် သောင်တူးဖော်ခြင်း၊ ကျွန်းမြေတူးဖော်ခြင်းလုပ်ငန်းများကို ရေရှည်ကို မြော်တွေး၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု ရှိ၊ မရှိကို ပညာရှင်များနှင့် လေ့လာဆန်းစစ်၍ ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်းနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို နိုင်ငံတော်အစိုးရအနေဖြင့် ဦးစားပေးအစီအစဉ်အလိုက် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် သံတွဲမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာမြတ်မြတ်မိုးက သံတွဲခရိုင်ဆေးရုံနှင့် တိုက်နယ်ဆေးရုံများ ရေလွှမ်းမိုးခံရမှု၊ ဆေးပစ္စည်းများ ပျက်စီးဆုံးရှုံးမှုနှင့် ထိန်းသိမ်းသိုလှောင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယသမ္မတသည် ဆေးရုံဝင်းအတွင်း ရေလွှမ်းမိုးမှုကင်းလွတ်စေရန် အောက်ခြေမြင့်၍ တည်ဆောက်ထားသည့် လူနာဆောင်နှင့် ဆေးရုံအတွင်းရှိ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ဆောင်၊ ဓာတ်မှန်ခန်းနှင့် သွားဆေးကုဌာနတို့ကို လှည့်လည်ကြည့်ရှုပြီး တက်ရောက်ကုသနေသည့်လူနာများအား လိုက်လံအားပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် သံတွဲမြို့ မြို့နယ်ခန်းမ၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတက ပြီးခဲ့သည့် ဇွန်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့်အတွက် အရေးပေါ်အကူအညီများပေးရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ပျက်စီးဆုံးရှုံးသွားသည့် လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံများ ပြန်လည်တည်ဆောက်ရေး ရေတို၊ ရေရှည်စီမံချက်များ ချမှတ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ရေကြီးရေလျှံမှုမျိုး ထပ်မံမဖြစ်ပေါ်စေရန်နှင့် ထပ်မံဖြစ်ပေါ်လာပါက ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်သင့်သည်များကို ဆွေးနွေးအဖြေရှာ ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်းနှင့် ရခိုင်ပြည်နယ်တစ်ခုလုံးနှင့် သံတွဲမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား ဝိုင်းဝန်းဆွေးနွေးတင်ပြကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက ရေဘေးကြောင့်ပျက်စီးဆုံးရှုံးမှုများအပေါ် ဆောင်ရွက်ပေးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် တာဝန်ရှိသူများက သံတွဲမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများမှ ဒေသခံများအတွက် လတ်တလောလိုအပ်သည့် ထောက်ပံ့ပစ္စည်းများနှင့် ဆိုလာမီးအိမ်များကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ယင်းနောက် သံတွဲမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးမြင့်က ကျေးဇူးတင်စကားပြောကြားပြီး ဒေသ၏လိုအပ်ချက်များကို တင်ပြရာ ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လတ်တလောဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဦးစားပေးဆောင်ရွက်ရန်နှင့် နိုင်ငံတော်မှ ရေရှည်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားခဲ့သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် သံတွဲမြို့ ဒွါရာဝတီတံတားသို့ ရောက်ရှိပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက သံတွဲမြို့ ရေကြီးရေလျှံမှု လျှော့ချရေးအတွက် သံတွဲချောင်းရေစီးရေလာ ကောင်းမွန်ရေးနှင့် တူးမြောင်းဖောက်လုပ်ရန် လျာထားသည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက သက်ဆိုင်ရာ ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းပြီး ရလဒ်ကောင်းများရရှိမှသာ ဆောင်ရွက်သွားရန် မှာကြားသည်။




**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တောင်ကုတ်မြို့နယ်၌ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။** (သတင်းစဉ်)





**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း သံတွဲချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် တူးမြောင်းဖောက်လုပ်မည့်နေရာအား ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် သံတွဲချောင်း ရေကြီးရေလျှံမှုလျှော့ချရေးအတွက် တူးမြောင်းဖောက်လုပ်ရန် လျာထားသည့်စီမံကိန်းနေရာအား ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

## အမေရိကန်သမ္မတဟောင်း ဂျော့အိတ်ချ်ဒဗလျူဘုရှ် ချော်လဲမှုကြောင့် လည်ပင်းရိုးတစ်ချောင်းကျိုး

**ဝါရှင်တန် ဇူလိုင် ၁၆**

အမေရိကန်သမ္မတဟောင်း ဂျော့အိတ်ချ်ဒဗလျူဘုရှ်မှာ မိန်းပြည်နယ်ရှိ ၎င်း၏နေအိမ်၌ ချော်လဲကျရာ လည်ပင်းရိုးတစ်ချောင်း ကျိုးသွားခဲ့ကြောင်း ၎င်း၏ ပြောရေးဆိုခွင့်ရှိသူ ဂျင်မက်ဂရိတ်က ပြောကြားသည်။

ကန်နီဘန့်ခ်ပို့တ်ရှိနေအိမ်၌ ချော်လဲပြီးနောက် အသက်(၉၁)နှစ်ရှိ ဘုရှ်၏ အခြေအနေမှာ တည်ငြိမ်မှုရှိကြောင်း၊ သမ္မတဟောင်းမှာ လည်ပင်းအထိန်းအချုပ်ကိရိယာတစ်ခုဖြင့်နေရမည်ဖြစ်ကြောင်း ဂျင်က တွစ်တာစာမျက်နှာတစ်ခုတွင် ပြောကြားသည်။ ၎င်းအား ဆေးကုသမှုပြုလုပ်ရန် ၄၅ မိနစ်နီးပါး ကားမောင်းနှင်ရသည့် ပို့တ်လန်းမြို့ရှိ ဆေးရုံတစ်ရုံသို့ အမြန်ပို့ဆောင်ခဲ့သည်။ အသက်ရှင်လျက်ရှိသော အသက်အကြီးဆုံး အမေရိကန်သမ္မတဟောင်းဖြစ်သူ ဘုရှ်မှာ ၂၀၁၁ ခုနှစ်ကတည်းက ခန္ဓာကိုယ်အောက်ပိုင်း ခြေတုန်လက်တုန်ရောဂါ ခံစားနေရသဖြင့် ဘီးတပ်ကုလားထိုင်တစ်လုံး အသုံးပြုပြီး သွားလာနေရသည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက အသက်ရှူကျပ်သည့်ရောဂါကုသရန်အတွက် ၎င်းအား တက္ကဆက်ပြည်နယ် ဟူစတန်မြို့၌ တစ်ပတ်ကြာ ဆေးရုံတင်ခဲ့ရသေးသည်။ အမေရိကန်ပြည်ထောင်စု၏ ၄၁ ဆက်မြောက်သမ္မတနှင့် သမ္မတဟောင်း ဂျော့ဒဗလျူဘုရှ်၏ ဖခင်ဖြစ်သူ ဘုရှ်သည် ၁၉၈၈ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် အနိုင်မရသေးမီက သမ္မတ ရော်နယ်ရေဂင်၏လက်အောက်တွင်ဒုတိယသမ္မတအဖြစ် သက်တမ်းနှစ်ကြိမ် တာဝန်ထမ်းဆောင်ခဲ့သည်။

**ဆင်ဟွာ။**





## ပိုးလမ်းမသို့ ခရီးသွားနေသည့် ရှောင်လင်ဘုန်းကြီးများ

**ကျိန်ကျိုး ဇူလိုင် ၁၆**

တရုတ်ရှောင်လင်ကျောင်းတော်က ရှောင်လင်ဘုန်းတော်ကြီးများနှင့် အခြားဗုဒ္ဓဘာသာ ရဟန်းတော်များအား ပိုးလမ်းမတစ်လျှောက်ရှိ ၎င်းတို့၏ ခေတ်ဟောင်းမိတ်ဖက်အဖွဲ့အစည်းများကို စည်းရုံးရေးအတွက် ခရီးထွက်ရန် စေလွှတ်လိုက်ကြောင်း ဇူလိုင် ၁၆ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ရှောင်လင်ကျောင်းတော်၏ ခရီးစဉ်သည် နိုင်ငံရပ်ခြားတွင် ၎င်းတို့ကျောင်းတော်၏ ဂုဏ်သတင်းကိုမြှင့်တင်ရန် တစ်စိတ်တစ်ပိုင်းပါဝင်ပြီး ယဉ်ကျေးမှုဓလေ့များအပြန်အလှန်ကူးလူးဆက်ဆံသွားရန်နှင့် ပိုးလမ်းမတစ်လျှောက်တွင် ဗီဒီယိုဇာတ်ကား ရာပေါင်းများစွာရိုက်ကူးရေး အစီအစဉ်များပါဝင်သည်။

ခရီးစဉ်၏ ပထမဆုံးခရီးတစ်ထောက်နားသည့် နေရာသည် ထိုင်းနိုင်ငံဖြစ်သည်။ ရှောင်လင်ဘုန်းတော်ကြီး ရှီယောင်ရှင် ဦးဆောင်သည့် ရှောင်လင်ဘုန်းတော်ကြီး ၄၂ပါး၊ ဗုဒ္ဓဘာသာရဟန်းတော် ၄၅ ပါးတို့သည် ဩဂုတ် ၁ ရက်မှ ၆ ရက်အထိ ဗန်ကောက်မြို့နှင့်ချင်းမိုင်မြို့တို့တွင် ခရီးစဉ်၏အစီအစဉ်များကို လှုပ်ရှားဆောင်ရွက်သွားမည်ဖြစ်သည်။

"ရှေးခေတ် အိန္ဒိယရဟန်းတော်တွေက ပိုးလမ်းမကြီးကနေ တရုတ်နိုင်ငံကို လာရောက်ပြီး ဗုဒ္ဓရဲ့ တရားဒေသနာတော်တွေကို ဟောကြားခဲ့ကြပါတယ်။ တရုတ်ရဟန်းတော်တွေက ဗုဒ္ဓဘာသာကျမ်းစာအုပ်တွေရှာဖွေဖို့အတွက် ပိုးလမ်းမကြီးဘက်ကိုပြန်ပြီးခရီးထွက်ခဲ့ကြပါတယ်။အဲဒီလိုနဲ့ ရှောင်လင်ကျောင်းတော်ဟာ ဗုဒ္ဓဘာသာယဉ်ကျေးမှုအမွေအနှစ်တွေ ဖြန့်ဝေတဲ့နေရာတစ်ခုဖြစ်လာပါတယ်" ဟု ရှီယောင်ရှင်က ပြောကြားသည်။

ရှောင်လင်ကျောင်းတော်သည် ငါးရာစုနှောင်းပိုင်းတွင်စတင်တည်ထောင်ခဲ့ပြီး တရုတ်နိုင်ငံအလယ်ပိုင်း ဟယ်နန်ပြည်နယ်တွင် တည်ရှိသည်။ ဇင်ဗုဒ္ဓဘာသာ စတင်ထွန်းကားသည့် နေရာတစ်ခုဖြစ်သကဲ့သို့ တရုတ်ကွန်ဖူးပညာရပ်များ အစပျိုးသည့် နေရာတစ်ခုလည်းဖြစ်သည်။

**ဆင်ဟွာ။**

## နီပေါတွင် မြေပြိုမှုဖြစ်ပွား စာသင်ကျောင်းတစ်ကျောင်းမြေပိ၍ တစ်ဦးသေဆုံး

**ခတ္တမန္ဒူ ဇူလိုင် ၁၆**

မုတ်သုံမိုးသည်းထန်စွာရွာသွန်းမှုကြောင့် နီပေါနိုင်ငံ အနောက်ပိုင်းဒေသတစ်နေရာတွင် မြေပြိုကျမှုဖြစ်ပွားခဲ့ရာ စာသင်ကျောင်းတစ်ကျောင်း တစ်စိတ်တစ်ဒေသ မြေအောက်သို့ နစ်မြုပ်ခဲ့ရကြောင်း၊ ကျောင်းသူတစ်ဦးသေဆုံးပြီး ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့ ဒေသဆိုင်ရာ သတင်းများ၌ ဖော်ပြသည်။

ပိုခါရာမြို့ရှိ စာသင်ကျောင်း၌ ကျောင်းသားကျောင်းသူများ စာမေးပွဲဖြေဆိုနေကြစဉ် မြေပြိုမှုဖြစ်ပွားခြင်းဖြစ်ပြီး စာသင်ခန်း သုံးခန်းမှာ မြေအောက်သို့ နစ်မြုပ်ခဲ့ကြောင်း နီပေါရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းမြေပြိုကျမှုကြောင့် ကျောင်းသူတစ်ဦး သေဆုံးပြီး ထိခိုက်ဒဏ်ရာရသူများ၌ ဆရာမ သုံးဦး ပါဝင်ကြောင်း ခရိုင်ရဲတပ်ဖွဲ့အကြီးအကဲ ဟာရီရာဟာဒူးပေါလ်က ပြောကြားသည်။ ကျောင်းသား ကျောင်းသူအများစုသည် စာမေးပွဲဖြေဆိုမှုပြီးဆုံးပြီးနောက် စာသင်ကျောင်းမှ ထွက်ခွာအပြီးတွင် မြေပြိုကျမှုဖြစ်ပွားခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဒဏ်ရာရရှိသူများအား ဆေးရုံသို့ တင်ပို့ကာ ဆေးကုသမှုခံယူစေပြီး ယင်းတို့အထဲမှ တစ်ဦးမှာ စိုးရိမ်ဖွယ်ရာအခြေအနေရှိသည်ဟု ဆိုသည်။

နီပေါနိုင်ငံတွင် မုတ်သုံရာသီ ကျရောက်တိုင်း နှစ်စဉ်နှစ်တိုင်း၌ ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများ ကြုံတွေ့ရမြဲဖြစ်ပြီး ယင်းဖြစ်ရပ်များကြောင့် လူအသေအပျောက်ရှိတတ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

## အီရန်တွင် ဗြိတိန်သံရုံးပြန်လည်ဖွင့်လှစ်ရန် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး မျှော်လင့်

**လန်ဒန် ဇူလိုင် ၁၆**

အီရန်နိုင်ငံတွင် ဗြိတိန်သံရုံးကို ယခုနှစ်ကုန်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ရန် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဖီးလစ်ဟမ်မွန်က မျှော်လင့်လျက်ရှိကြောင်းပြောသည်။

နှစ်နိုင်ငံသံရုံးများ အပြန်အလှန် ဖွင့်လှစ်နိုင်ရေးအတွက် ဖီးလစ်ဟမ်မွန်က အီရန်နိုင်ငံခြားရေး မိုဟာမက် ဂျာဗက်ဇာရစ်ဖ်နှင့် ဆွေးနွေးလျက်ရှိကြောင်း ဟမ်မွန်က ယမန်နေ့လွှတ်တော်တွင် ပြောကြားခဲ့သည်။ ၂၀၁၁ ခုနှစ်က အီရန်လူငယ်များသည် အီရန်နိုင်ငံအား စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ခဲ့ခြင်းကို မကျေမနပ်ဖြစ်ကာ ဗြိတိန်သံရုံးကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် နှစ်နိုင်ငံသံရုံးများ ပိတ်သိမ်းခဲ့ရသည်။

အီရန်နျူကလီးယားအရေး ဆွေးနွေးနေစဉ် တစ်ဖက်ကလည်း နှစ်နိုင်ငံသံရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရန် ဆွေးနွေးလျက်ရှိသည်။ အီရန်နိုင်ငံက နျူကလီးယားအရေးနှင့် ပတ်သက်ပြီး သဘောတူညီခဲ့ပြီးသည့်နောက် အီရန်နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုကိုလည်း ပြန်လည်ဖြေလျှော့ပေးခဲ့သည်။ အီရန်နိုင်ငံအနေဖြင့် သဘောတူညီမှုစာချုပ်အတိုင်း လိုက်နာကျင့်သုံးနိုင်မည်ဆိုပါက အမေရိကန်ဒေါ်လာ ဘီလီယံ ၁၄၀ ခန့်ကို အကျိုးခံစားရလိမ့်မည်ဖြစ်သည်။

**အန်အိတ်ချ်ကေ။**

## အိန္ဒိယအလုပ်သမားများအား ခေါင်းပုံဖြတ်မှု နစ်နာကြေးပေးရန် အမေရိကန်ကုမ္ပဏီ သဘောတူ

**နယူးယောက် ဇူလိုင် ၁၆**

ကက်ထရီနာအမည်ရှိ ဟာရီကိန်းမုန်တိုင်းတိုက်ခတ်ခံရမှုကြောင့် ပျက်စီးခဲ့ရသော ရေနံတူးစင်များကို ပြင်ဆင်နိုင်ရန် အမေရိကန်အဏ္ဏဝါတည်ဆောက်ရေးကုမ္ပဏီတစ်ခုက ငှားရမ်းခဲ့သည့် အိန္ဒိယ အလုပ်သမား ၂၀၀ ခန့်ကို နစ်နာကြေးအမေရိကန် ဒေါ်လာ သန်း ၂၀ ပေးရန် တရားရုံးတော်တွင် သဘောတူညီချက်ရရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန် အခြေစိုက် ဆစ်ဂနယ် အင်တာနေရှင်နယ် ကုမ္ပဏီသည် အိန္ဒိယနိုင်ငံမှ ခေါ်သွင်းကာ အလုပ်လုပ်ကိုင်စေသည့် အလုပ်သမားများအပေါ် ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း ပြုလုပ်သည်ဟု ဂျူရီ တရားသူကြီးအဖွဲ့က ဆုံးဖြတ်ခဲ့သည်။

အိန္ဒိယအလုပ်သမားများ၏ လုပ်အားကို ခေါင်းပုံဖြတ်ကာ စေခိုင်းခဲ့ခြင်းနှင့် ပတ်သက်နေသည့် တရားစွဲဆိုမှု အများအပြားရှိနေပြီး အမေရိကန်သမိုင်းတွင် အကြီးကျယ်ဆုံးသော အလုပ်သမား တရားမဝင် တင်သွင်းမှုဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အယ်လ်ဘားမားပြည်နယ်အခြေစိုက် အဆိုပါ ကုမ္ပဏီသည် အိန္ဒိယအလုပ်သမားများအား ဝန်ချတောင်းပန်ကြောင်း ကြေညာချက် တစ်ရပ်ကိုလည်း ထုတ်ပြန်ပေးခဲ့ရသည်။ အိန္ဒိယအလုပ်သမားများသည် ဂဟေဆော်သမား၊ ပိုက်ဆက်သမား၊ ရေနံတူးစင် ပြုပြင်သူများစသည့် အလုပ်အကိုင်နေရာများတွင် အလုပ်လုပ်ကိုင်ရန် အဆိုပါ ကုမ္ပဏီက ငှားရမ်းခဲ့ပြီး ၎င်းတို့ကို ကုမ္ပဏီက တာဝန်ယူ၍ အမေရိကန်ပြည်ထောင်စု အတွင်းသို့ ခေါ်သွင်းခဲ့သည်။

အိန္ဒိယလုပ်သားများသည် တစ်ဦးလျှင် ပြည်ပအလုပ်အကိုင် ရှာဖွေရေးကိုယ်စားလှယ်များနှင့် ရှေ့နေတစ်ဦးတို့ကို အမေရိကန်ဒေါ်လာ ၁၀၀၀၀ မှ ၂၀၀၀၀ အထိ ပေးခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

**ပီတီအိုင်။**

## ဂျပန်ကာကွယ်ရေးဥပဒေပြောင်းလဲရန် အောက်လွှတ်တော်အတည်ပြု



**တိုကျို ဇူလိုင် ၁၆**

ဂျပန်နိုင်ငံ၏ လုံခြုံရေးဥပဒေကို ပြောင်းလဲသွားစေမည့် အငြင်းပွားဖွယ် ဥပဒေကြမ်းနှစ်ခုကို တိုကျိုမြို့တွင် ကန့်ကွက်မှုများဖြစ်ပွားနေလင့်ကစား အောက်လွှတ်တော်က ယနေ့ အတည်ပြုလိုက်သည်။

အဆိုပါဥပဒေ အပြောင်းအလဲကြောင့် ဂျပန်တပ်များသည် ဒုတိယကမ္ဘာစစ်ကြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပင်လယ်ရပ်ခြားတွင် တိုက်ပွဲဝင်နိုင်တော့မည်ဖြစ်သည်။

၎င်းဥပဒေကြမ်းများကို အထက်လွှတ်တော်က အတည်ပြုပေးရန် လိုအပ်သေးသော်လည်း နောက်ဆုံးတွင် ဥပဒေအဖြစ် အသက်ဝင်လာမည်ဟု အများက မျှော်လင့်ထားကြသည်။

လူထုအကြားတွင် ယင်းအပြောင်းအလဲမှာ လူကြိုက်မများလှဘဲ ယမန်နေ့တွင် ပါလီမန်အဆောက်အအုံအပြင်ဘက်၌ ဆန္ဒထုတ်ဖော်မှုများရှိခဲ့သည်။

စုပေါင်းကာကွယ်ရေးဟုခေါ်ဆိုသော အယူအဆအရ စစ်ရေးကဏ္ဍတိုးချဲ့ရန် လိုအပ်လျက်ရှိသည်ဟု ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အကြောင်းပြကာ ထိုဥပဒေကြမ်းများကို အတည်ပြုပေးရန် တွန်းအားပေးလျက်ရှိသည်။

သို့သော် စစ်တမ်းကောက်ယူရာတွင် ဂျပန်နိုင်ငံသား ထက်ဝက်ကျော်က ယင်းဥပဒေများကို ဆန့်ကျင်ကြသည်။

စုပေါင်းကာကွယ်ရေးဟူသော အယူအဆမှာ ဂျပန်နိုင်ငံ၏ရပ်တည်မှုနှင့် ဂျပန်ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် ခြိမ်းခြောက်ခံရသည့်အခါ (သို့မဟုတ်) ဂျပန်နိုင်ငံ တိုက်ခိုက်ခြင်း ခံရသောအခါ (သို့မဟုတ်) ၎င်း၏မဟာမိတ်နိုင်ငံ တိုက်ခိုက်ခြင်း ခံရသောအခါ ဂျပန်နိုင်ငံ၏ရပ်တည်မှုနှင့် ပြည်သူတို့ကို ကာကွယ်ရေးအတွက် တိုက်ခိုက်မှုများကို တွန်းလှန်နိုင်ရန် အခြားသင့်လျော်သော နည်းလမ်းမရှိသော အခါ စစ်အင်အားကို အနည်းဆုံး လိုအပ်ချက်ဖြင့်သာ အသုံးပြုရန် ကန့်သတ်ထားခြင်းဖြစ်သည်။

**ရိုက်တာ။**

■



ဈေးဆိုင်များသို့ လာရောက်ရောင်းချသည့် UN လက်အောက်ခံအဖွဲ့အစည်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ထောက်ပံ့သည့်ပစ္စည်းများကို တွေ့မြင်ရစဉ်။

# ဘင်္ဂါလီဒုက္ခသည်များအတွက် ထောက်ပံ့ပေးသည့်ပစ္စည်းများ လိုအပ်သည့်အတိုင်းအတာထက် ပိုမိုများပြားနေမှုကြောင့် လမ်းဘေးဈေးဆိုင်များဖွင့်၍ တစ်ဆင့်ပြန်လည်ရောင်းချခြင်းများ ပြုလုပ်လျက်ရှိ

**စစ်တွေ ဇူလိုင် ၁၆**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ဘင်္ဂါလီဒုက္ခသည်စခန်းများတွင် စားဝတ်နေရေး၊ ကျန်းမာရေး၊ လူမှုရေး အခက်အခဲများရှိနေကြောင်း OIC အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းအချို့နှင့် နိုင်ငံတကာမီဒီယာများက စွပ်စွဲပြောဆိုနေသော်လည်း နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့မှ လစဉ် ထောက်ပံ့ပေးသည့် ဆန်၊ ဆီ၊ ပဲနှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ အဝတ်အထည်များ၊ အမျိုးသမီးအသုံးအဆောင်ပစ္စည်းများ၊ ကလေး အသုံးအဆောင်ပစ္စည်းများ၊ မိုးကာစများမှာ ဒုက္ခသည်များသုံးစွဲနိုင်သည်ထက် ပိုလျှံနေသည့်အတွက် စစ်တွေမြို့နယ် ဘုမေကျေးရွာအုပ်စု ဒါးပိုင် (ဘင်္ဂါလီ) ကျေးရွာအနီး ကားလမ်းဘေးတွင် ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချလျက် ရှိသည်။

အဆိုပါ ဆိုင်များမှာ ၂၀၁၂ ခုနှစ် နောက်ပိုင်းမှ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပြီး ထိုဆိုင်များမှ ရောင်းချသည့်ဈေးနှုန်းမှာ အခြားဆိုင်ကြီးများတွင် ရောင်းချသည့် ဈေးနှုန်းများထက် တစ်ဝက်ခန့် သက်သာနေခြင်းကြောင့် လာရောက်ဝယ်ယူမှုများ ရှိနေသည်။

စစ်တွေမြို့နယ်အတွင်း ဘင်္ဂါလီဒုက္ခသည်စခန်းများ၏ မြေပြင်ရှိ လူဦးရေစာရင်းများအား သေချာစွာ စိစစ်ကြပ်မတ်နိုင်မှုအားနည်းခြင်း၊ စိစစ်ရန် ခက်ခဲခြင်း၊ ဒုက္ခသည်စခန်း ကော်မတီဝင်များ၏ တင်ပြသည့် လူဦးရေစာရင်းများကို အခြေခံ၍ နိုင်ငံတကာ အဖွဲ့အစည်းများမှ ထောက်ပံ့ရေးပစ္စည်းများအား ပေးအပ်ခြင်း ပြုလုပ်နေမှုကြောင့် ဒုက္ခသည်စခန်း ကော်မတီဝင်များသည် လိုအပ်သော လူဦးရေထက် ထောက်ပံ့မှုများ ပိုမိုရရှိနေသဖြင့် ပိုလျှံသော အသုံးအဆောင်ပစ္စည်းများကို ပြင်ပသို့ ရောင်းချနေကြောင်း သတင်းများ ပေါ်ထွက်လျက်ရှိသည်။ **(သတင်းစဉ်)**



စစ်တွေမြို့နယ် ဒါးပိုင်ကျေးရွာအနီး ကားလမ်းဘေးတွင် UN လက်အောက်ခံအဖွဲ့အစည်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ထောက်ပံ့သည့်ပစ္စည်းများကို တရားမဝင် ရောင်းချနေသည့် ဈေးဆိုင်များအား တွေ့ရစဉ်။



ဈေးဆိုင်များတွင် ရောင်းချနေသည့် UN လက်အောက်ခံအဖွဲ့အစည်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ထောက်ပံ့သည့်ပစ္စည်းများကို တွေ့ရစဉ်။



ဈေးဆိုင်များတွင် ရောင်းချနေသည့် UN လက်အောက်ခံအဖွဲ့အစည်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ထောက်ပံ့သည့်ပစ္စည်းများကို တွေ့ရစဉ်။

# ဗိုလ်ချုပ်တို့ကျေးဇူး - နေ့တိုင်းသတိတရ ပေးဆပ်နေကြပါစို့

တက္ကသိုလ်မြတ်သူ

**ဗိုလ်ချုပ်တို့ ပင်လုံစာချုပ်၊ ပင်လုံစိတ်ဓာတ်ဖြင့်တည်ဆောက်ပြီး လွတ်လပ်စေခဲ့သော ပြည်ထောင်စုကြီးမပြိုကွဲရေး၊ ဗိုလ်ချုပ်ကိုယ်တိုင် စစည်းခိုင်မာအားကောင်းစေခဲ့သော လွတ်လပ်ရေးအင်အားဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ ဗိုလ်ချုပ်အသက်ပေးပြီး ယူပေးခဲ့သော မြန်မာ့လွတ်လပ်ရေး(ဝါ) မြန်မာ့အချုပ်အခြာကို ထာဝရတည်တံ့အောင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး နေ့စဉ်ထမ်းဆောင် ကြိုးစားစောင့်ရှောက်ကြရင်း သွားလေသူ ဗိုလ်ချုပ်၏ကျေးဇူးကို နေ့စဉ်၊ ညစဉ် အချိန်တိုင်း ဆပ်ကြပါစို့။**

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများလုပ်ကြံခံရစဉ်က ကျွန်တော်သည် မြင်းခြံအစိုးရအထက်တန်းကျောင်းတွင် ပညာသင်နေဆဲဖြစ်သည်။ မျှားမကြာမီကပင် ဗိုလ်ချုပ်နှင့် ဖဆပလခေါင်းဆောင်ကြီးများ(မှတ်မိသရွေ့) သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ သခင်သန်းထွန်း၊ ဘကြီးဘဘောတို့ မြင်းခြံသို့ လွတ်လပ်ရေးတရားလာဟောသွားသေးသည်။ ကျွန်တော်တို့ ကျောင်းသားအရေးဆောင်ရွက်နေချိန်ဖြစ်၍ မြင်းခြံတရုတ်ဘုံကျောင်းရှေ့ ကွက်လပ်သို့သွားကာ ဗိုလ်ချုပ်တို့တရားပွဲနားထောင်ခဲ့ရသေးသည်။

ဗိုလ်ချုပ်တို့ ၁၉-၇-၄၇ ရက်နေ့ နံနက် ၁၀ နာရီခွဲကျော်စအချိန် လုပ်ကြံခံရသော သတင်းဆိုး မြင်းခြံသို့ နာရီပိုင်းအတွင်း ရောက်လာရာ တစ်မြို့လုံးကြေကွဲကြရသည်။ မြို့လယ်ရုပ်ရှင်ရုံ (ရှေးအခေါ် မြန်မာညွှန့်ရုပ်ရှင်ရုံ၊ နောင် ဂုဏ်စီနီမာရုပ်ရှင်ရုံ)တွင် ဝမ်းနည်းကြေကွဲသော မြို့လူထု အစည်းအဝေးကျင်းပသည်။ လက်ပတ်အနက်ရောင်ကိုယ်စီဖြင့် တက်ခဲ့ကြသည်။

ရန်ကုန်တွင်ကျင်းပသည့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ (ဗကသ)ညီလာခံသို့ ကျွန်တော်အပါအဝင် မြင်းခြံမြို့နယ် ခရိုင်ကျောင်းသားသမဂ္ဂ ကိုယ်စားလှယ်များတက်ကြရာ၌ ဂျူဗလီဟောရှိ ဗိုလ်ချုပ်တို့အာဇာနည်ကြီးများ၏ ရုပ်ကလာပ်များကို ကျွန်တော်တို့ ဗကသ ညီလာခံကိုယ်စားလှယ်များ သွားရောက်အလေးပြုခဲ့ရသည်။

ထိုအချိန်တွင် ကျွန်တော်တို့ ကျောင်းသားထုတစ်ရပ်လုံးအပါအဝင် အလုပ်သမား၊ တောင်သူလယ်သမား၊ တိုင်းရင်းသားပြည်သူများ၏ လွတ်လပ်ရေးကြိုးပမ်းမှုအရှိန် အမြင့်ဆုံးရောက်နေပေသည်။ ပြည်သူတစ်ရပ်လုံး တညီတည်းလိုလားနေသည်မှာ မြန်မာ့လွတ်လပ်ရေးပြန်ရဖို့ဖြစ်သည်။ တိုင်းရင်းသားစုံပြည်သူတို့ရင်တွင်း၌ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ လွတ်လပ်ရေးစိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ် တညီတည်းကိန်းအောင်းရှင်သန်ကြွခိုင်နေပေသည်။

မြန်မာ့လွတ်လပ်ရေးအတွက် နယ်ချဲ့အင်္ဂလိပ်တို့၏ ပထမကျူးကျော်စစ်(၁၈၂၄ )၊ ဒုတိယကျူးကျော်စစ်(၁၈၅၂)၊ တတိယကျူးကျော်စစ်(၁၈၈၅) သုံးကြိမ်စလုံးတွင်လည်းကောင်း၊ လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည့် ကာလတစ်လျှောက်လုံးတွင်လည်းကောင်း မြန်မာ့လွတ်လပ်ရေးပြန်လည်ရရှိရန် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့သည့် တိုင်းရင်းသားစုံမြန်မာမျိုးချစ်(လွတ်လပ်ရေးခေါင်းဆောင်)တို့သည်ကား ရာလည်းမက၊ ထောင်လည်းမက၊ သောင်း၊ သိန်းလည်းမက ရှိခဲ့ပေသည်။

မြန်မာ့လွတ်လပ်ရေးကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် အရယူပေးခဲ့သူမှာကား ဗိုလ်ချုပ်အောင်ဆန်း ဖြစ်လေသည်။

**ဗိုလ်ချုပ်၏ မြန်မာချစ်စိတ်၊ မြန်မာစိတ်ဓာတ်ပြည့်ဝပုံ၊ ဇာတိသွေးဇာတိမာန် ထက်သန်ပုံ၊ နိုင်ငံနှင့်လူမျိုးကို ကိုယ်ကျိုးမဖက် အာဏာမဖက် ချစ်တတ်ပုံ၊ ရိုးဂုဏ်၊ ထက်မြက်ဂုဏ်ကား ရှာမှ ရှားပေသည်။**

ထို့ကြောင့်လည်း ဗိုလ်ချုပ်ခေါင်းဆောင်သော ထိုခေတ်၊ ထိုအချိန် မြန်မာတို့ တညီတညွတ်၊ တစ်စိတ်တစ်ဝမ်း၊ တစ်သွေးတစ်သားတည်းရှိခဲ့သည်ကို အရေးကြီးသွေးစည်း၊ အရေးကြီးသွေးနီး၊ အရေးကြုံသက်လုံကောင်းခဲ့ကြသည်ကို စံချိန်တင်နိုင်ခဲ့ပေသည်။

နယ်ချဲ့သွေးခွဲသည့်ကြားမှ ကိုယ်ကျိုးအတ္တ ရာထူးအာဏာ မက်မောလွန်းကြသူ လက်တစ်ဆုပ်စာကြားမှ ပင်လုံညီလာခံ၊ ပင်လုံစာချုပ်၊ ပင်လုံစိတ်ဓာတ်(ဝါ) ပြည်ထောင်စုစိတ်ဓာတ်ကိုယ်စီဖြင့် လွတ်လပ်ရေးအရယူရန် လုံလောက်သောတိုင်းရင်းသားစည်းလုံးရေး၊ အမျိုးသားညီညွတ်ရေးခွန်အားကို ရယူတည်ဆောက်ပေးခဲ့သူမှာ ဗိုလ်ချုပ်အောင်ဆန်းပင်ဖြစ်သည်။

ထို့ကြောင့် ဗိုလ်ချုပ်ကို လွတ်လပ်ရေးဗိသုကာဟု မြန်မာတို့စွဲမှတ်ထားကြခြင်းဖြစ်ပေသည်။

ဗိုလ်ချုပ်၏ မဆုတ်မနစ်ကြိုးပမ်းမှုကြောင့် အောင်ဆန်း-အက်တလီစာချုပ် ချုပ်နိုင်ခဲ့သည်။ အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုပြီး ဗိုလ်ချုပ်ကို ခေါင်းဆောင်နေရာထားကတည်းက မိမိသာ မင်းသားကြီး၊ ဆရာကြီး၊ ခေါင်းဆောင်ကြီး လုပ်လိုသော ဂဠုန်ဦးစော မကျေနပ်တော့ချေ။

သို့ဖြင့် ဦးစောသည် မင်းသားကြီး မလုပ်ရသည့်အတူတူ ပွဲပျက်အောင် ပတ်မကြီးထိုးဖောက်ရန် အကြံကြီး ကြံတော့သည်။

**၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့၊ မိုးရာသီပီပီ ရန်ကုန်တစ်မြို့လုံး မိုးလုံးပတ်လည် ညို့ညို့ဆိုင်းနေသည်။ မိုးရွာလိုက်၊ မိုးအုံ့လိုက်ရှိ၏။ ဦးစော၏ အစီအစဉ်အတိုင်း ထိုနေ့သည် စနေနေ့။ နံနက် ၁၀ နာရီ၊ အတွင်းဝန်ရုံး(နောင်ဝန်ကြီးရုံး)တွင် အစိုးရအဖွဲ့ အစည်းအဝေးရှိ၏။ ဂျစ်ကားနံပါတ်အတု အာရ်စီ ၁၈၁၄ ပေါ်တွင် မောင်းပြန်သေနတ်များကိုင်ဆောင်ထားသော သုခ(ယာဉ်မောင်း)၊ မောင်စိုး၊ သက်နှင်း၊ စိန်ကြီး၊ ရန်ကြီးအောင်တို့ ရုံးတွင်းမောင်းဝင်လာကြသည်။ သုခက ကားစောင့်၊ ကျန်လေးဦးက ဗိုလ်ချုပ်တို့ စည်းဝေးခန်းစောင့်သူ သောင်းစိန်ကို တွန်းထိုးဖယ်ရှားကာ အစည်းအဝေးခန်းထဲ ဝင်ပစ်၏။**

ဗိုလ်ချုပ်က လက်ကာပြပြီး တားသေး၏။ တရစပ်ပစ်ခတ်ကြသဖြင့် ဗိုလ်ချုပ်နှင့် အာဇာနည်ခေါင်းဆောင်ကြီးများဖြစ်သော သခင်မြ၊ ဦးဘဝင်း၊ ဒီးဒုတ်ဦးဘချို၊ ဦးရာဇတ်၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊အတွင်းဝန်ဦးအုန်းမောင်၊ အစည်းအဝေးအပြင်ဘက်၌ ပစ်ခတ်ခံရသော ဆရာကြီးဦးရာဇတ်၏ သက်တော်စောင့် ကိုထွေးတို့ ကျဆုံးခဲ့ကြရ၏။

ဦးစောနှင့် အပေါင်းပါများကို ဖမ်းဆီးစစ်ဆေးကာ သေဒဏ်ချမှတ်ခဲ့၏။ အင်္ဂလိပ်စစ်ဗိုလ် ဗိုလ်ကြီး ဒေးဗစ်ဗီဗီယင်ကို ထောင်ချထားခဲ့သည်။ ကေအင်ဒီအို စောဘဦးကြီးတို့ ၁၉၄၉ ခုနှစ်က အင်းစိန် ဝင်သိမ်းစဉ် ထောင်ဖောက်ပြီး ဗီဗီယင်ကို စောဘဦးကြီးက ၎င်း၏ စစ်အကြံပေးအဖြစ် ခေါ်ထုတ်သွားခဲ့သည်။

တိုက်ပွဲတွင် စောဘဦးကြီး ကျသောအခါ သူ၏အလောင်းဘေးတွင် ဗီဗီယင်၏ အလောင်းကိုပါ တွေ့ကြရသည်။ မေဂျာယန်းကိုလည်း ထောင်ဒဏ်အပြစ်ပေးပြီးမှ အယူခံတွင် ပြန်လွှတ်ပေးခဲ့၏။ ယင်းလုပ်ကြံမှု ကျူးလွန်ပြီးစ ဦးစောတို့ကို ဖမ်းဆီးလိုက်ချိန် ရန်ကုန်ရှိ ယင်းအမှုနှင့် ပတ်သက်သော အင်္ဂလိပ်လူမျိုးတို့ အင်္ဂလန်သို့ ရေးကြီးသုတ်ပြာ ပြန်ပြေးကြ၏။ ဦးစောအား ကြိုးဒဏ်စီရင်ထားချိန် ဦးစောက ဇနီး ဒေါ်သန်းခင်ထံ နှုတ်ဆက်စာပို့ခဲ့သည်။

တက္ကသိုလ်ရိပ်သာလမ်း(၅၅)တွင်နေသော Tall Man လျှို့ဝှက်အမည်ခံ ရန်ကုန် ဗြိတိသျှသံရုံး -ဗြိတိသျှကောင်စီလူကြီး မစ္စတာ ဘင်ဂါလီထံ ဦးစောစာတစ်စောင် လျှို့ဝှက်ပို့ခဲ့သည်။ ယင်းစာ၌ “ ခင်ဗျားတို့ခိုင်းတဲ့အတိုင်း ကျုပ်လုပ်ပေးခဲ့ပြီးပြီ။ ယခု ကျွန်တော့်အခြေအနေကိုသိသည့်အတိုင်း ကျွန်တော့်ကိုကယ်ထုတ်ပါ” ဟူသော အဓိပ္ပာယ်ပါသော စာဖြစ်သည်။ ဘင်ဂါလီလည်း လန်ဒန်ပြန်ပြေးရန် ကြိုးစားစဉ် ပုလိပ်ဘက်က ပြည်ပထွက်ခွာခွင့် တားခဲ့ရသည်။

ဗိုလ်ချုပ်တို့ခမျာ သူတို့ အရယူပေးခဲ့သည့် မြန်မာ့လွတ်လပ်ရေးအောင်ပွဲသဘင် (၄-၁-၄၈ ရက်နေ့)ကို မဆင်နွှဲနိုင်ရှာကြတော့သည်ကို ပြည်သူတို့ ရင်ဆို့ကြေကွဲအောင် ခံစားကြရ၏။ လက်နက်ပျောက်ဆုံး၊ ခိုးထုတ်မှုသတင်းများ ကြားလာရသည့် ဗိုလ်ချုပ်၏အနီးကပ်ရဲဘော်များက ဗိုလ်ချုပ်၏လုံခြုံရေးကို အချိန်ပြည့် တိုးမြှင့်တာဝန်ယူလိုကြ၏။ တင်ပြကြ၏။

**ထိုစဉ်က အတွင်းဝန်ရုံးတံခါးက အမြဲဖွင့်ထားကာ လုံခြုံစွာ ကာရန်ထားခြင်းမရှိခဲ့။ မည်သူမဆို အလွယ်ဝင်နိုင်၏။ ဗိုလ်ချုပ်က မိမိလုံခြုံရေးတိုးမြှင့်တင်းကျပ်ရန် ပြောလာသမျှ လက်မခံခဲ့ပေ။ “ ကျုပ်က လူထုကောင်းစားရေး၊ လူထုလွတ်လပ်ရေးလုပ်ပေးနေတာ ပြည်သူလူထု သိတာပဲ။ ပြည်သူကို ကျုပ်ယုံတယ်။ ကျုပ်ကို သတ်မယ့်သူ မရှိပါဘူး ” ဟူ၍ ပြောလေ့ရှိသည်။**

နှစ်စဉ် ဇူလိုင် ၁၉ ရက် မုတ်သုံမိုးက ဖြိုင်ဖြိုင်ရွာစဉ် ပြည်သူတို့သည် ဗိုလ်ချုပ်ကို တမ်းတလွမ်းကြရသည်။ ဗိုလ်ချုပ်သည်လည်း လွမ်းလောက်သူဖြစ်သည်။ ရိုးသားသည်။ တိုင်းပြည်နှင့် လူမျိုးအပေါ် သစ္စာရှိသည်။ စေတနာသဒ္ဓါထက်သန်သည်။ ပြည်သူတို့ကို နယ်ချဲ့လက်အောက်မှ လွတ်မြောက်စေသည်။ အလုပ်သမား၊ လယ်သမား၊ ဆင်းရဲသားများ အပါအဝင် ပြည်သူတစ်ရပ်လုံး နိုင်ငံ၏အသီးအပွင့်များကို မျှမျှတတ ခံစားစေလိုသည်။

သူ့တွင်နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်ရှိသည်။ လွတ်လပ်ရေးအရယူပေးပြီး လွတ်လပ်ရေး(အချုပ်အခြာအာဏာ)ကိုလည်းကောင်း၊ လွတ်လပ်သော တိုင်းရင်းသားလူမျိုးစုံတို့၏ ဝံသာနုရက္ခိတတရား၊ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုကြီးကိုလည်းကောင်း ထာဝရတည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရန် မကျဆုံးမီ(မသေမီ) တဖွဖွမှာသွားခဲ့သည်။

**ကျွန်တော်၏ခံယူချက်ကိုဆိုရပါလျှင် ကျွန်တော်တို့မြန်မာအားလုံးသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများကို တစ်နှစ်တစ်ကြိမ် လွမ်းပြ၊ တမ်းတနေရုံဖြင့် မလုံလောက်ပါ။**

ဗိုလ်ချုပ်ဓာတ်ပုံကို ဟိုနေရာသုံး၊ဒီနေရာသုံး ကိုယ်ကျိုးအတွက် အသုံးချနေရုံဖြင့် ဗိုလ်ချုပ်ကို ချစ်ရာမရောက်။

**ဗိုလ်ချုပ်တို့ ပင်လုံစာချုပ်၊ ပင်လုံစိတ်ဓာတ်ဖြင့်တည်ဆောက်ပြီး လွတ်လပ်စေခဲ့သော ပြည်ထောင်စုကြီးမပြိုကွဲရေး၊ ဗိုလ်ချုပ်ကိုယ်တိုင်စုစည်းခိုင်မာအားကောင်းစေခဲ့သော လွတ်လပ်ရေးအင်အားဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ ဗိုလ်ချုပ်အသက်ပေးပြီး ယူပေးခဲ့သော မြန်မာ့လွတ်လပ်ရေး(ဝါ) မြန်မာ့အချုပ်အခြာကို ထာဝရတည်တံ့အောင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး နေ့စဉ်ထမ်းဆောင် ကြိုးစားစောင့်ရှောက်ကြရင်း သွားလေသူ ဗိုလ်ချုပ်၏ကျေးဇူးကို နေ့စဉ်၊ ညစဉ် အချိန်တိုင်း ဆပ်ကြပါစို့။** ။

## အာဇာနည်နေ့ အမိဋ္ဌာန်

★ ဇူလိုင်ဆယ့်ကိုး၊ တပ်လှန့်နှိုး၍
မိုးနှင့်မျက်ရည်၊ နှောခဲ့သည်ကို
ပြန်လည်အောက်မေ့၊ တစေ့စေ့လျှင်
ဝေ့ဝေ့မျက်ရည် လည်မိသည်။

★ မင်းသားကြီးမှု၊ မလုပ်ရလျှင်
ပတ်မကြီးမှောက်၊ ထိုးကာဖောက်သို့
မှောက်မှားရက်ပေ၊ လက်ပါးစေကြောင့်
သေနတ်သံများ၊ ယမ်းငွေ့ကြားဝယ်
မေ့သားဇာနည်၊ မျိုးသာကီတို့
မြန်ပြည်လွတ်ရေး၊ အသက်ပေးခဲ့
သွေးများ ချောင်းစီးခဲ့ရသည်။

★ ယနေ့ထက်တိုင်၊ မမေ့နိုင်သည့်
ဇူလိုင်ဆယ့်ကိုး၊ အဖြစ်မျိုးကို
အမျိုးသားရေး၊ သတ္တိသွေးဖြင့်
စုဝေးညီညာ၊ တားဆီးပါအံ့
စဉ်လာကောင်းရန်၊ အဓိဋ္ဌာန်သည်
မြန်ပြည်ငြိမ်းချမ်း၊ လန်းစေသတည်း။ ။

တက္ကသိုလ်ညိုညိုသန့်

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

အမျိုးသားလွှတ်တော်အစည်းအဝေး

# အမျိုးသားလွှတ်တော်အစိုးရအဖွဲ့မှပေးပို့သည့် အစီရင်ခံစာနှစ်ခု ဖတ်ကြားဆွေးနွေး

**နေပြည်တော်　　ဇူလိုင်　　၁၆**

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၂) ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင်ကျင်းပရာ ဥပဒေကြမ်းသုံးခုမှတ်တမ်းတင်ခြင်း၊ ဥပဒေကြမ်းတစ်ခုဖတ်ကြားခြင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် အမျိုးသားလွှတ်တော်အစိုးရအဖွဲ့မှပေးပို့သည့် အစီရင်ခံစာနှစ်ခု ဖတ်ကြားဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေး၌ **အမျိုးသားလွှတ်တော်တရားစီရင်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း၊ အမျိုးသားလွှတ်တော်ရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့ကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ခဲ့သည်။

အလားတူ အမျိုးသားလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုခဲ့သည်။

ဆက်လက်၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာကိုဖတ်ကြားပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်အစိုးရအဖွဲ့မှ ပေးပို့သည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ်အတွက် အမျိုးသားလွှတ်တော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာကို ဘဏ္ဍာရေးဝန်ကြီးဌာန အမျိုးသားလွှတ်တော်ဝန်ကြီး ဦးဝင်းရှိန်က အမျိုးသားလွှတ်တော်ဌာနအဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ်အတွက် ယာယီအမှန်စာရင်းအရ စုစုပေါင်းရငွေလျာထားချက်၏ ၉၆ ဒသမ ၈၁ ရာခိုင်နှုန်းရှိခဲ့ပြီး ပထမ(၆)လ ရငွေစာရင်းနှင့်ပေါင်းပါက တစ်နှစ်အတွက် စုစုပေါင်းရငွေ လျာထားချက်၏ ၉၇ ဒသမ ၉၁ ရာခိုင်နှုန်းဖြစ်သည်ကိုတွေ့ရှိရပါကြောင်း။

အမျိုးသားလွှတ်တော်ဌာနအဖွဲ့အစည်းများနှင့် အမျိုးသားလွှတ်တော်



အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။　　(သတင်းစဉ်)

ဘဏ္ဍာရန်ပုံငွေစာရင်း ပြင်ပမှဆောင်ရွက်သော အဖွဲ့အစည်းများသည် ရငွေအပိုင်း၌ ပြင်ပအကူအညီရငွေများ၊ ချေးငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများတွင် ပြင်ပအကူအညီရငွေများ၊ ချေးငွေများ လျာထားသည့်အတိုင်း အပြည့်အဝမရရှိသေးခြင်း၊ ပြည်ပမှ ပစ္စည်းများအချိန်မီ ရောက်ရှိမှုမရှိခြင်းများကို တွေ့ရှိရသဖြင့် အမှန်တကယ်ရရှိနိုင်မည့်ငွေကိုသာ လျာထားရန်နှင့် လျာထားချက်အတိုင်း ရရှိ၊ သုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း။

အသုံးစရိတ်အပိုင်း၌ ငွေလုံးငွေရင်းအသုံးစရိတ်များ သုံးစွဲရန် ခန့်မှန်းရာတွင် ပထမ(၆)လပတ်အတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခြေအနေနှင့် ဒုတိယ(၆)လပတ်အတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့်အခြေအနေတို့အား စနစ်တကျစိစစ်ခန့်မှန်းရန် လိုအပ်သည်ကို တွေ့ရှိရပါကြောင်း၊ ပထမ(၆)လပတ်အတွင်း အချို့ဝန်ကြီးဌာနများမှာ တင်ဒါခေါ်ယူဆဲဖြစ်ခြင်း၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီနှင့် တည်ဆောက်ရေးကော်မတီတို့၏ ခွင့်ပြုချက်များရယူဆောင်ရွက်ရခြင်းတို့ကြောင့် လျာထားချက်ပြည့်မီအောင် မဆောင်ရွက်နိုင်ပါက မူလလျာထားစဉ်ကပင် ဒုတိယ(၆)လပတ်တွင် ထည့်သွင်းလျာထားသင့်သည်များကို ထည့်သွင်းလျာထားရမည်ဖြစ်ပါကြောင်း။

ယခုတင်ပြခဲ့သည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ်အတွက် အမျိုးသားလွှတ်တော်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ အစီရင်ခံစာပါရငွေနှင့် အသုံးစရိတ်ကိန်းဂဏန်းများသည် ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးစဉ်တွင် ကောက်ယူထားသည့် ယာယီအရအသုံးစာရင်းများသာဖြစ်ခြင်းကြောင့် စာရင်းစစ်အတည်ပြုပြီးသည့် အမှန်စာရင်းများ ရရှိသည့်အခါ အမှန်ကိန်းဂဏန်းများအပေါ် ထပ်မံသုံးသပ်တင်ပြသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကိုဖတ်ကြားရာ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့အတူ အမျိုးသားလွှတ်တော်စာရင်းစစ်ချုပ်ရုံးမှ ပေးပို့သည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဒုတိယ (၆)လနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ပထမ(၆)လအတွက် အမျိုးသားလွှတ်တော်၏ ဘဏ္ဍာငွေ အရအသုံးစာရင်းများကိုစစ်ဆေးရာတွင် တွေ့ရှိရသည့် စစ်ဆေးတွေ့ရှိချက်များ၊ စာရင်းစစ်ကန့်ကွက်ချက်များနှင့် အရေးယူဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် စပ်လျဉ်းသည့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်လေးဦးက ဆွေးနွေးခဲ့ကြသည်။

ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်းက ၂၀၁၃-၂၀၁၄မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ်ကာလအတွင်း ရငွေနှင့် သုံးငွေပေါ်တွင် ၅၇ ဒသမ ၈၄ ရာခိုင်နှုန်း စစ်ဆေးနိုင်ခဲ့ပြီး နိုင်ငံတော်၏ ဆုံးရှုံးနစ်နာငွေကျပ် ၂၂ ဒသမ ၆၉၉ ဘီလီယံကို ဖော်ထုတ်စစ်ဆေးနိုင်ခဲ့ပါကြောင်း၊ ၎င်းဆုံးရှုံးမှုများအနက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် နိုင်ငံတော်သို့ ပေးသွင်းရန်ကျန်ရှိသည့်ငွေမှ ငွေကျပ် သန်းပေါင်း ၃၁၇၉၃ သန်းဖြင့် အများဆုံးပေးသွင်းရန် ကျန်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနသည် ဘဏ္ဍာရေးစည်းမျဉ်းလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်မှုအားနည်းခြင်းများကို စာရင်းစစ်ချုပ်ရုံး၏ ကန့်ကွက်ချက်များ၌ တွေ့မြင်နေရသည့် အကြောင်းခြင်းရာများကို ပြုပြင်ဆောင်ရွက်သွားရန် အကြိမ်ကြိမ်သတိပေးသော်လည်း လျော့နည်းသွားမှုနည်းပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် စစ်ဘေးရှောင်ဒုက္ခသည်များအတွက် ထုတ်ယူခဲ့သော ကျပ်သန်း ၁၀၀ ကို မည်သည့်ခေါင်းစဉ်များသို့ လွှဲပြောင်းသုံးစွဲခဲ့သည်ကို အမျိုးသားလွှတ်တော်သို့ ပြန်လည်တင်ပြပေးစေလိုပါကြောင်း ဆွေးနွေးသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း အထူးစီမံချက်တစ်ရပ်အဖြစ် ယင်းမာစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့

**နေပြည်တော်　　ဇူလိုင်　　၁၆**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၇)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ မေးခွန်း(၃)ခု မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာ(၁)ခု ဖတ်ကြားရှင်းလင်းခြင်းနှင့် ဥပဒေကြမ်း(၃)ခုအား လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများဆောင်ရွက်ခဲ့သည်။

ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသော သားသမီးများကို နိုင်ငံသားကတ်ထုတ်ပေးရန် နှစ်ပေါင်းများစွာ ကြန့်ကြာနေပါသဖြင့် နိုင်ငံသားကတ် အလွယ်တကူထုတ်ပေးနိုင်ရန်အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က နိုင်ငံသားစိစစ်ခြင်းကို တည်ဆဲဥပဒေဖြစ်သည့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသားဥပဒေပုဒ်မ(၃)၌ နိုင်ငံတော်တွင် ပါဝင်သော နယ်မြေတစ်ခုခု၌ မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ်၊ ခရစ်နှစ် ၁၈၂၃ ခုနှစ် မတိုင်မီကာလမှစ၍ ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများနှင့် မျိုးနွယ်စုများသည် မြန်မာနိုင်ငံသားဖြစ်သည်ဟုလည်းကောင်း၊ ပုဒ်မ(၅)၌ တိုင်းရင်းသားတိုင်းသည်လည်းကောင်း၊ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူတိုင်းသည်လည်းကောင်း၊ မွေးရာပါနိုင်ငံသားဖြစ်သည်ဟု ဖော်ပြထားသဖြင့် တိုင်းရင်းသားများသည် မွေးရာပါနိုင်ငံသားများဖြစ်ကြပါကြောင်း။

ပုဒ်မ-၅ နှင့် အကျုံးဝင်သည့် တိုင်းရင်းသား မွေးရာပါနိုင်ငံသားများအား နိုင်ငံသား စိစစ်ရေးကတ်ပြားထုတ်ပေးရာတွင် မှားယွင်းမှုမရှိနိုင်သည့်အတွက် အစိုးရသစ် တာဝန်ယူချိန်ကာလမှစ၍ အသက် (၁၈)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ရရှိခြင်းမရှိသေးသူတစ်ဦးမှမကျန်ရှိအောင် ရည်မှန်းပြီး ကွက်ပြည့်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ မွေးရာပါ နိုင်ငံသား (၆ ဒသမ ၄) သန်းအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးပြီးဖြစ်ပါကြောင်း၊ နိုင်ငံသားဖြစ်ခြင်းသည် နိုင်ငံတော်အချုပ်အခြာအာဏာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်နှင့်အညီ နိုင်ငံတော်လုံခြုံရေးအတွက်လည်း အရေးကြီးသဖြင့် နိုင်ငံသားအရည်အချင်း ပြည့်မီခြင်းမရှိသူတစ်ဦးအား နိုင်ငံသားအဖြစ် ခွင့်ပြုခဲ့ပါက နိုင်ငံတော်အတွက် ရေရှည်တွင် အန္တရာယ်များနိုင်ကြောင်း၊ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများကို အလွယ်တကူထုတ်ပေးနိုင်မည်ဖြစ်ပြီး ဥပဒေအရ နိုင်ငံသားများဖြစ်သော နိုင်ငံခြားသား သွေးနှောသူများအတွက် ဥပဒေနှင့်အညီသာ စိစစ်ရသဖြင့် ထိုက်သင့်သည့် အချိန်ကြာမြင့်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။



ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့်။



ပြည်ထဲရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း။

ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့်၏ **မျိုးဆက်သစ်လူငယ်များမူးယစ်ဆေးဝါး သုံးစွဲခြင်းမပြုနိုင်ရန်အတွက် အထူးစီမံချက်များဖြင့်ဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးများ တရားမဝင်သယ်ဆောင်ခြင်းနှင့် ပြစ်မှုကျူးလွန်သူများအား ထိရောက်သည့်ပြစ်ဒဏ်ချမှတ်ခြင်းကို တိတိကျကျဦးစားပေးဆောင်ရွက်ရန် အစီအစဉ် ရှိ/ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း အထူးစီမံချက်တစ်ရပ်အဖြစ် ယင်းမာစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ စီမံချက်ကာလအတွင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးအဖွဲ့၊ သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့၊ မွေးမြူရေးအဖွဲ့၊ ဆေးကုသရေးအဖွဲ့၊ ပြန်လည်ထူထောင်ရေးအဖွဲ့၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့၊ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့၊ ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအဖွဲ့တို့က စီမံချက်ပါလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်ခဲ့ပါကြောင်း။

မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများတွင် ကျူးလွန်သူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သကဲ့သို့ မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သည့် ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလျက်ရှိပါကြောင်း၊ တရားစွဲတင်ရာတွင် တရားစွဲ အဖွဲ့အစည်းများ၏ သဘောအတိုင်း ဆောင်ရွက်ခြင်းမဟုတ်ဘဲ သက်ဆိုင်ရာဥပဒေရုံးများ၏ ဥပဒေအကြံပြုချက်နှင့်အညီ တရားစွဲတင်ခြင်းဖြစ်ပြီး ပြစ်ဒဏ်များချမှတ်ရာ၌ တရားသူကြီးများ၏ ဆင်ခြင်တုံတရားဖြင့် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ထို့နောက် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေနှင့်စပ်လျဉ်း၍ ပြင်ဆင်သည့် ဥပဒေကြမ်းကို ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိန်းက တင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦးက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းကာ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်က ကြေညာသည်။

ယင်းနောက် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က ပြင်ဆင်ချက်မရှိဘဲ အတည်ပြုပြီး ငွေစုဘဏ်လုပ်ငန်းဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့် အတည်ပြုသည်။

**(သတင်းစဉ်)**

**ပြည်တွင်းရေးရာ**



အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်။

**အလားတူ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းအားထုတ်မှုတွင်သာမက မျိုးချစ်စိတ်ဓာတ်ရင့်သန်စေသည့် အမျိုးသားကျောင်းများ ပေါ်ထွန်းလာစေရေး၊ ပညာရေးနှင့် နိုင်ငံရေးအသိအမြင် နိုးကြားစေရန် မျိုးစေ့ချထားပေးခဲ့ပြီး ပါဠိဘာသာထွန်းကားပြန့်ပွားစေရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်သည့် ဆရာကြီးဦးရာဇတ် (ပညာရေးနှင့်အမျိုးသားစီမံကိန်းဝန်ကြီး) ၏ သားသမီးသုံးဦးအနက် သားကြီးဖြစ်သူ ဦးတင်မြင့်ကိုလည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

ဆရာကြီးဦးရာဇတ်အပါအဝင် အမျိုးသားခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရသည့် ၁၉၄၇ ခုနှစ်တွင် ဦးရာဇတ်၏ သားကြီးဖြစ်သူ ဦးတင်မြင့်မှာ အသက် (၆) နှစ်ကျော်၊ (၇)နှစ် ဝန်းကျင်ခန့်တွင် ရောက်ရှိနေပြီဖြစ်ပြီး ထိုစဉ်ကကြုံတွေ့ခဲ့ရသည်များနှင့် အဖြစ်အပျက်များကိုလည်း ပြန်လည်ပြောပြသည်။

ဦးတင်မြင့်သည် ကျောင်းပိတ်ရက်များတွင် ဖခင်ဖြစ်သူနှင့် အတွင်းဝန်ရုံးသို့ လိုက်သွားလေ့ရှိပြီး လုပ်ကြံခံရသည့်နေ့က စနေနေ့ဖြစ်သော်လည်း ဝါတွင်းကာလဖြစ်သောကြောင့် စနေနေ့ ကျောင်းဖွင့်သဖြင့် ဖခင်ဖြစ်သူနောက်သို့ မလိုက်နိုင်ခဲ့ဘဲ ထိုသို့ လိုက်ပါမသွားခြင်းကြောင့်လည်း ယခုလို ဖြစ်စဉ်များကို ယနေ့တွင် ပြန်လည်ပြောပြနိုင်နေခြင်းဖြစ်သည်ဟု အစချီကာ အာဇာနည်ခေါင်းဆောင်တစ်ဦး၏ မျိုးဆက်ဖြစ်သူ ဦးတင်မြင့်က ၎င်း၏ ရင်တွင်းခံစားချက်များကို ပြောပြလေ၏။

**မေး ။ အာဇာနည်ခေါင်းဆောင်ကြီးတွေ လုပ်ကြံခံရတဲ့အချိန်က အန်ကယ်က (၇)နှစ်အရွယ်ဆိုတော့ အန်ကယ်မှတ်မိသလောက်ဖြစ်စဉ်တွေကို ပြန်လည်ပြောပြပေးပါဦး။**

ဖြေ ။ ကျွန်တော်က ရုံးပိတ်ရက်ဆိုရင် ကျွန်တော့်အဖေနဲ့ အတွင်းဝန်ရုံးကို လိုက်သွားလေ့ရှိတယ်။ ခါတိုင်းဆိုရင် စနေနေ့ဆို ရုံးကိုလိုက်သွားလေ့ရှိတယ်။ ကျွန်တော်က ဗဟိုအမျိုးသားကျောင်းမှာတက်တော့ စနေနေ့မပိတ်ဘူး။ တနင်္ဂနွေနဲ့ ဥပုသ်နေ့ပဲ ပိတ်တယ်။ အဲဒီတော့ လိုက်မသွားဖြစ်ဘူး။ လိုက်သွားရင်လည်း တစ်မျိုးဖြစ်ချင်ဖြစ်မှာပေါ့။ ဒါကတော့ ဘဝရဲ့ကံတရားပေါ့။

အဲဒီနေ့က အဖေဆုံးတယ်ဆိုတာတော့မသိဘူး။ ကျောင်းကကားနဲ့ အိမ်ပြန်ပို့လိုက်တော့ အိမ်ပေါ် တက်သွားတော့မှ ဆုံးသွားပြီဆိုတာကို သိတာ။ အဲဒီမှာ အများကသိပ်မသိလိုက်တာလေးတစ်ခုရှိတယ်။ ပြောဖို့လည်း မေ့နေခဲ့တယ်။ အဖေဆုံးပြီးတော့ အိမ်မှာ အစောင့်တွေလာထားပေးတယ်။ အစောင့်တွေလာထားတဲ့အခါမှာ အစောင့်လာထားတဲ့ ရဲဘော်တွေကြောင့်လား ဘာလားတော့မသိဘူး။ အိမ်ကို သုံးခါလောက် လာပစ်တာကြုံခဲ့ရတယ်။ အဲဒီတုန်းက အစိုးရပေးထားတဲ့အိမ်ပေါ့။ အခု ငါးထပ်ကြီးဘုရားလမ်း အမှတ် (၁၀) ပေါ့။

ကျွန်တော်တို့က အပေါ်ထပ်မှာနေတာ။ အရင့်အရင်က ဒီအကြောင်းကို ဘယ်သူ့မှမပြောခဲ့ဖူးဘူး။ ဟိုတလောကမှ သတိရနေတာ။ ဒီတစ်ခါတော့ လာမေးရင် ဒီအကြောင်းပြောပြမယ်လို့ပေါ့။ ဒီဟာကတော့ အတွေ့အကြုံပေါ့။ ဆုံးပြီးတဲ့ကာလ ခြောက်လအတွင်းမှာ ထူးထူးခြားခြားဖြစ်ခဲ့တာပါ။

**မေး။ ဟုတ်ကဲ့။ အန်ကယ့်အနေနဲ့ (၇)နှစ်သားလောက်ကတည်းက ကြုံခဲ့ရတဲ့ အာဇာနည်နေ့အခမ်းအနားကို နှစ်စဉ်တက်ဖြစ်ပါသလား။ အရင်က အာဇာနည်နေ့အခမ်းအနားနဲ့ အခုနောက်ပိုင်း အခမ်းအနားကျင်းပပုံမြင်ကွင်းတွေကို ပြောပြပေးပါ။**

ဖြေ။ အာဇာနည်နေ့ကတော့ နှစ်စဉ်သွားနေကြတာပေါ့။ ငယ်ငယ်ကတည်းက အခုချိန်အထိပဲ။ နိုင်ငံခြားကိုရောက်နေတဲ့အချိန်ကလွဲရင် အမြဲတက်ဖြစ်ပါတယ်။ အာဇာနည်နေ့ကို အရင်တုန်းကတော့ နိုင်ငံ့ခေါင်းဆောင်တွေလာပြီးတော့ ပန်းခွေချတယ်။

စာမျက်နှာ ၉ ကော်လံ ၁ သို့



ဦးတင်မြင့်။

**တကယ်လို့ ခေါင်းဆောင်ကြီးတွေသာ လုပ်ကြံမခံရဘူးဆိုရင် ကျွန်တော်ယုံကြည်တယ်။ တိုင်းပြည်တိုးတက် ကောင်းမွန်မယ်။ ငြိမ်းချမ်းမယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အဲဒီတုန်းကလည်း ရရှိအောင် စည်းရုံးနိုင်ခဲ့သလို ပိုမိုခိုင်မာစည်းရုံးမယ်လို့ မြင်မိပါတယ်။**

**☆ အာဇာနည်ခေါင်းဆောင်ကြီးများမှ**

အန်တီတို့မောင်နှမ လေးယောက်ကို ဘဘမရှိကတည်းက မျက်စိအောက်က အပျောက်မခံခဲ့ဘူး။ အန်တီတို့အနေနဲ့က လည်း ကျေးဇူးရှင်ကြီးတွေဖြစ်တဲ့အတွက် နှစ်တိုင်းပဲ ဘဘတို့၊ အမေတို့အတွက် ဆွမ်းကျွေးကြတယ်။

ဘဘတို့အတွက်ရည်စူးပြီး အမျှဝေကြတယ်။ အန်တီတို့က မွေးလာတဲ့ကလေးတွေကို ဒီကျေးဇူးရှင်ကြီးတွေကို ဘယ်တော့မှမမေ့ရဘူး။ နှစ်တိုင်း အာဇာနည်နေ့ရောက်တိုင်း ဆွမ်းကျွေးရမယ်လို့ မှာထားပါတယ်။ မေမေညွန့်က ဘဘအကြောင်း အမြဲပြောပြလို့ နားရည်ဝနေပါတယ်။ ဘဘက အမြဲအေးချမ်းပြီး အမြဲပြုံးနေတတ်တယ်။ အောက်လက်ငယ်သားတွေအပေါ်မှာ သိပ်ရည်မွန်တယ်။ ကျောသားရင်သားမခွဲခြားဘူး။ ထမင်းစားရင်တောင် ငါဝန်ကြီးဆိုပြီးမရှိဘူး။ အတူတူလာစားကြဆိုပြီး တပည့်တပန်းတွေနဲ့ ပျော်ပျော်နေတယ်။ သူ့ဇနီးလည်း ဒီအတိုင်းပဲ။ စိတ်တူကိုယ်တူ။ မေမေညွန့်က ဘဘကို ပါရမီဖြည့်တယ်။

ဘဘ ရွေးကောက်ပွဲတွေမှာ အရွေးခံပြီဆိုရင် ဟိုတုန်းက ဝန်ကြီးတွေဟာ ကိုယ်ကျိုးမရှိဘူး။ သူတို့ရဲ့ ပိုက်ဆံကို စိုက်ထုတ်ပြီး ရွေးကောက်ပွဲကို အမတ်တွေ၊ ဘာတွေဝင်အရွေးခံတယ်။ ပိုက်ဆံလိုတော့ မေမေညွန့်က သူ့ရဲ့ ရတနာတွေရောင်းရောင်းပြီးတော့ ပါရမီဖြည့်တယ်။ မေမေညွန့်က နောက်တော့ ပြောတယ်။ သမီးတို့ကို ဘယ်တော့မှ နိုင်ငံရေးသမားနဲ့ မပေးစားတော့ဘူး။ နင်တို့အဘဆို ဘယ်လောက်ပဲ တိုင်းပြည်အတွက် ကောင်းအောင်လုပ်လုပ် သူများသတ်တာ ခံသွားရတယ်လို့ဆိုတယ်။

**မေး ။ ၁၉၈၈ နောက်ပိုင်း အာဇာနည်နေ့ ကျင်းပခဲ့ပုံတွေနဲ့ ပတ်သက်ပြီး ခံစားချက်တွေ ပြောပြပေးပါ အန်တီ။**

ဖြေ ။ ၁၉၈၈ နောက်ပိုင်းမှာ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ မိသားစုတွေဟာ ပစ်ပယ်ခံရသလို ဖြစ်သွားတယ်။ ပြည်ဖုံးကားချထားတယ်။ ဘယ်သူမှ အရေးမလုပ်ဘူး။ အာဇာနည်နေ့ဆိုတာ မကောင်းတတ်လို့ လုပ်တဲ့ပုံမျိုးပေါ့။ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ မိသားစုတွေအားလုံး ရင်ထဲမှာ အတူတူခံစားရတယ်။ ကျေးဇူးရှင်ခေါင်းဆောင်ကြီးတွေ တိုင်းပြည်အတွက် ဘယ်လောက်ပဲ အနစ်နာခံလုပ်သွားလုပ်သွား၊ အာဇာနည်နေ့ဆိုတာ စာတန်းလေးတောင် ပါမလာဘူး။

ဟိုတုန်းက မာမာအေးဆိုထားတဲ့ အာဇာနည်နေ့နဲ့ ပတ်သက်တဲ့ သီချင်းတွေ၊ တင်တင်မြတို့ ဆိုတာတွေ ပျောက်သွားတယ်။

ကြေးမုံ သတင်းစာတို့၊ ဘာတို့ဆိုတာ ထည့်ခွင့်မရခဲ့ဘူးလေ။ အာဇာနည်နေ့ တို့မမေ့၊ အာဇာနည်နေ့ရောက်ဖို့ ဘယ်နှရက်လိုပါသေးတယ်ဆိုတဲ့ စာတန်းတောင် မပါလာတော့ဘူး။ ထို့အတူပဲ အာဇာနည်နေ့ကျတော့လည်းအဖြစ်လုပ်တယ်။ အန်တီတို့မိသားစုတွေဆိုတာ အာဇာနည်နေ့ တစ်နေ့တည်းမှာပဲ မိသားစုချင်းတွေဆုံကြရတာပါ။

**မေး ။ အာဇာနည်ခေါင်းဆောင်ကြီး သခင်မြရဲ့ ဆိုဆုံးမခဲ့တာတွေကို လက်ဆင့်ကမ်းခဲ့တာမျိုးရှိပါသလား။**

ဖြေ ။ မေမေညွန့်က အမြဲပြောတယ်။ သမီးတို့ ဘဘကိုချစ်ရင် ဘဘမြလို စိတ်မျိုးကျင့်ကြံရမယ်။ ကိုယ်ကျိုးကို မကြည့်ရဘူး။ အဲဒါကို အမြဲရိုက်သွင်းခဲ့တော့ အန်တီတို့မောင်နှမတွေအားလုံးကို တော်ရုံတန်ရုံ တင်းတိမ်ရမယ်။ ဘဘမြက လောဘမရှိရဘူး။ ကိုယ်ကျိုးမကြည့်ရဘူး။ အထက်ကို မကြည့်နဲ့၊ အောက်ကိုကြည့်။ ကိုယ့်ထက်ဒုက္ခရောက်တဲ့သူတွေ အများကြီးရှိတယ်လို့ ပြောတယ်။ အဲလိုပဲ နေခဲ့တဲ့အတွက်ကြောင့် တော်ရုံတန်ရုံ တင်းတိမ်ပါတယ်။

**မေး ။ အန်တီ (၃)နှစ်သမီးအရွယ်က ဘဘမြ ဆုံးတာဆိုတော့ ယနေ့အချိန်အထိ အန်တီတက်ဖြစ်ခဲ့တဲ့ အာဇာနည်နေ့ အခမ်းအနားမြင်ကွင်းတွေကို ပြောပြပေးပါ။**

ဖြေ ။ အာဇာနည်နေ့ကို အန်တီအမြဲတက်တယ်။ မေမေညွန့် ရှိတုန်းက အန်တီက မေမေညွန့်နဲ့ အမြဲလိုက်ရတယ်။ မေမေညွန့်မရှိတော့ အန်တီတို့မောင်နှမတွေ အမြဲတက်တယ်။ အထူးသဖြင့်တော့ အန်တီရယ်၊ ဦးရဲမြင့်အောင်ရယ်၊ ညီမလေး အေမီအောင်ရယ် တက်ကြတယ်။ ဒီနှစ်တော့ အန်တီက ကိုယ်လည်းအသက်ကြီးပြီ၊ ညီမတို့မောင်နှမနှစ်ယောက် တက်ကြမယ်၊ မောင်အငယ်လေးက ကားမောင်းပြီးပို့မယ်။

ဒီအခမ်းအနားတက်ရတာလည်း မလွယ်ပါဘူး။ အကုန်လုံးစစ်ဆေးတာ။ ဒီအစိုးရလက်ထက်မှာ အရင်ကလိုတော့ မစစ်တော့ဘူး။ ဟိုတုန်းကဆိုရင် ပန်းခွေကို ကြိုပို့ရတယ်။ သွားပေးရတယ်၊ သွားစစ်ရတယ်။ ပန်းခွေပေးတဲ့သူရဲ့ မှတ်ပုံတင်တွေဘာတွေ စစ်တယ်။ မိုင်းတွေဘာတွေရှာတယ်။ ပန်းခွေကို စစ်ပြီးတဲ့အခါမှာ ပြန်ပါတော့ဆိုမှ ပြန်ရတယ်။

နောက်တစ်နေ့မှာ သူတို့ပြောတဲ့အချိန်လာရတယ်။ မေမေညွန့်နဲ့အတူတူ တက်ခဲ့တဲ့အချိန်တုန်းက ဦးနုတို့၊ မန်းဝင်းမောင်တို့ လက်ထက်ဆိုတော့ တော်တော်လည်း အရေးပေးပါတယ်။ ဦးနုတို့၊ မန်းဝင်းမောင်တို့ကိုယ်တိုင် လာပြီးတော့အလေးပြုတယ်။

အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ မိသားစုတွေ၊ ကလေးတွေ အကုန်လုံးလေးလေးစားစားနဲ့ လက်ဆွဲနှုတ်ဆက်တယ်။ သမ္မတကြီး မန်းဝင်းမောင်ဆိုရင် တစ်နှစ်တစ်ခါ စိတ်ပြေလက်ပျောက်ဖြစ်စေဖို့အတွက်ဆိုပြီး ရင်းနှီးအောင်ဆိုပြီးတော့ မိသားစုဝင်တွေအကုန်လုံးကို သင်္ဘောကြီးနဲ့ခေါ်သွားပြီး တစ်လမ်းလုံးကျွေးမွေးသွားတယ်။ သီတင်းကျွတ်တွေဘာတွေဆိုရင် ခေါင်းဆောင်ကြီးတွေရဲ့ ကတော်တွေကို လုံချည်တွေ ဘာတွေ ကောင်းကောင်းမွန်မွန်ကန်တော့တယ်။

ဦးနုအစိုးရဆိုလည်း ဒီမြေကြီးကို သူတို့ပေးထားတယ်။ ခတ်ဆီဆိုင်တို့၊ ညွန့်အေဂျင်စီဆိုင်တို့ နစ်နာကြေးအနေနဲ့ပေးခဲ့တယ်။ ဦးနေဝင်းလက်ထက်ကျတော့ ပြည်သူပိုင်သိမ်းသွားတယ်။ ဦးနေဝင်းက တစ်လကို တစ်ထောင်ပေးတယ်။ ထောက်ပံ့တယ်။

၁၉၈၈ ခုနှစ်နောက်ပိုင်းကျတော့ ဒီမိသားစုတွေဟာ ဘာမှလည်းမရှိတော့ဘူး။ အာဇာနည်နေ့ လုပ်ပေးရုံလေး လုပ်ပေးတယ်။ အန်တီတို့အိမ်မှာ ဝမ်းနည်းခြင်းအထိမ်းအမှတ်အလံကို တိုင်ဝက်ထူတာတောင် သူတို့က မကြိုက်ဘူး။ မထူစေချင်ဘူး။

အခု သမ္မတကြီး ဦးသိန်းစိန်ရဲ့ လက်ထက်မှာ ပြန်ပြီး အလံတိုင်ဝက်ထူခွင့်ရလာတယ်။ ပြန်ပြီး ဂရုစိုက်လာပါတယ်။ မမစု(ဒေါ်အောင်ဆန်းစုကြည်)နဲ့ဆိုလည်း နှစ်နှစ်ရှိပြီ အားလုံးနဲ့တွေ့ကြရတယ်။ ကောင်းကောင်းမွန်မွန်တွေ့ရတယ်။ ဟိုတုန်းကဆိုလည်း မမစုနဲ့မတွေ့ရဘူး။ မမစုက သူ့ကားထဲမှာစောင့်နေပြီး ပန်းခွေလာချရတယ်။ သူလာလား၊ မလာလားဆိုတာ မသိရဘူး။ သတင်းကြည့်လိုက်တော့မှ လာတာကို သိရတယ်။

ဦးရာဇတ်သား အစ်ကိုတင်မြင့်တို့နဲ့ အကုန်လုံးက ရင်းနှီးကြပါတယ်။ မမစုက သူ့အမေ နိုင်ငံခြားကို သံအမတ်အဖြစ် မပြောင်းခင်အထိ သွားတွေ့ကြ၊ စကားတွေပြောကြတယ်။ အခုပြန်လာကတည်းက မတွေ့ရတာ၊ အာဇာနည်နေ့ရောက်တော့လည်း တစ်ယောက်နဲ့တစ်ယောက် မတွေ့ရဘူး။ အခု ဒီသမ္မတကြီးလက်ထက်မှာ မိသားစုတွေ အာဇာနည်နေ့မှာ တွေ့ခွင့်ရကြတယ်။ မိသားစုတွေ စကားတွေပြောကြရတယ်။ နှုတ်ဆက်ကြတယ်။ ရင်းရင်းနှီးနှီးရှိကြပါတယ်။

**မေး ။ အန်တီအနေနဲ့ အာဇာနည်ခေါင်းဆောင်ကြီးရဲ့ မိသားစုတစ်ယောက်အနေနဲ့ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူတွေကိုပြောချင်တာများရှိရင်လည်း ပြောပြပေးပါဦး။**

ဖြေ ။ အာဇာနည်ခေါင်းဆောင်ကြီး မိသားစုဝင်တွေကို မြန်မာပြည်သူလူထုက ကရုဏာလည်းရှိကြတယ်။ သိပ်လည်း ချစ်ကြတယ်ဆိုတာ ပေါ်လွင်ပါတယ်။ ဘယ်အချိန်မှာ ပေါ်လွင်သွားလဲဆိုတော့ ၁၉၈၈ ကာလတွေ မှာပါ။

အာဇာနည်ခေါင်းဆောင်ကြီးမိသားစုတွေကို ချစ်ခင်ကြတယ်။ ကာကွယ်ကြတယ်။ ဒီအဘိုးတွေရဲ့ မေတ္တာစေတနာတွေကြောင့်သာ ပြည်သူတွေက ချစ်ကြတယ်။ ဘဘတို့ကို သတိရပြီး ဝမ်းသာဝမ်းနည်းဖြစ်ရတယ်။ ပြည်သူတွေက ရောက်ရာအရပ်မှာ ကာကွယ်ကြတယ်။ ဆေးခန်းတွေဘာတွေ သွားပြရင် သိတာနဲ့ ဆေးစရိတ်မယူလို့ နောက်တစ်ခါထပ်မသွားရဲအောင်ကို ဖြစ်ရတယ်။

အာဇာနည်ကျေးဇူးရှင်ကြီးတွေဟာ ကိုယ်ကျိုးမဖက်ဘဲနဲ့ သူတို့အိတ်ကို စိုက်ထုတ်ပြီးတော့ တိုင်းပြည်အတွက် တကယ်လုပ်ခဲ့တဲ့ လူကြီးတွေပါ။ အခုခေတ်လို မဟုတ်ဘူး။

ဖေဖေ သခင်ခင်အောင်ကလည်း အဲလိုပဲ အမြဲပြောပါတယ်။ ကျုပ်တို့ ဆရာမြတို့၊ ဗိုလ်ချုပ်အောင်ဆန်းတို့၊ ရဲဘော်သုံးကျိပ်တို့၊ ပြည်သူတွေအပါအဝင် ဆောင်ရွက်ခဲ့လို့ ကျွန်ဘဝက လွတ်တာ။ အခု ကျုပ်တို့လုပ်နေတာ ဘာခံစားခွင့်မှမရှိဘူး။ အခု ကျုပ်နေနေတာ သားသမီးတွေထားနိုင်လို့ နေနေတာ။ ဟိုတုန်းကဦးနုက ဒီမြေနေရာပေးတယ်။ သားသမီးတွေက အိမ်ဆောက်လို့နေတယ်။ အခုလို နေနိုင်တာ သားသမီးတွေ ပညာတတ်လို့ ကောင်းစားလို့ ပညာနဲ့ လုပ်ကိုင်ကျွေးမွေးလို့ ကျုပ်နေနိုင်တာလို့ ပြောခဲ့ပါတယ်။ ကျုပ်ပိုင်တာဆိုလို့ ပန်းအိုးထဲက မြေကြီးပဲရှိတယ်။ ကျုပ်တို့က အဲလိုလုပ်ခဲ့တာပါလို့ ပြောပါတယ်။

ဟိုတုန်းက နိုင်ငံရေးသမားကြီးတွေဟာ ကိုယ်ကျိုးကိုမသုံးပါဘူးလို့ ဖေဖေအမြဲပြောခဲ့တယ်။ ဘဘမြက ဆုံးသာသွားတယ်။ ဘာမှမရှိခဲ့ဘူး။ ဗိုလ်ချုပ်အောင်ဆန်းဆိုလည်း ဘာမှမရှိခဲ့တာ။ မမစုကလည်း သူ့အဖေလို စိတ်ဓာတ်ရှိတယ်။ တစ်ခါတလေကျတော့ ဗိုလ်ချုပ်တို့၊ ဘဘတို့ ဆက်ရှိစေချင်လိုက်တာ။ တိုင်းပြည်လည်း တိုးတက်မယ်။ ဒီလိုလည်း ဖြစ်ချင်မှ ဖြစ်မယ်ပေါ့။

အခု သမ္မတကြီး ဦးသိန်းစိန်လက်ထက်မှာ တော်တော်လေး ကြည့်ပေးတာ ကျေးဇူးတင်ပါတယ်။ အာဇာနည်နေ့ကို ကြည့်ပေးတာကို ပြောတာပါ။ ဘာမှကို မတောင်းဆိုပါဘူး။ ကိုယ့်ပညာနဲ့ ကိုယ်ရပ်တည်ကြတာမို့ အာဇာနည်တွေရဲ့ သားသမီးတွေဟာ အဖေတွေမရှိတော့ ပညာတတ်မှ ဖြစ်မယ်ဆိုပြီး ကြိုးစားခဲ့ကြတာ အားလုံးပညာတတ်တွေချည်းပါပဲ။ ပျက်စီးတယ်လို့ကို မရှိဘူး။ အခုခေတ်ဘာတွေညာတွေ သားသမီးတွေလို ပျက်စီးတယ်မရှိဘူး။ မြန်မာဆန်တာကို ထိန်းသိမ်းရမယ်လို့၊ ထိန်းသိမ်းထားနိုင်ခဲ့ပါတယ်။

## ပြည်တွင်းရေးရာ

စာမျက်နှာ ၈ မှ

၁၉၈၈ နောက်ပိုင်းမှာတော့ ကျွန်တော်တို့အနေနဲ့ အာဇာနည်ကုန်းနားက ဇရပ်ပေါ်မှာ သွားနေရတာ။ မိုးရွာတော့ တော်တော်ချော်တာပေါ့လေ။ ဇရပ်ပေါ်သွားနေပြီးတော့မှ တစ်ယောက်စီ ကန်တော့ရ၊ ပန်းခွေချရတယ်။ အသက်ကြီးတဲ့သူတွေအတွက် အဆင်မပြေပါဘူး။

အဲဒီတော့ တစ်ဦးချင်း ပန်းခွေချ၊ ကန်တော့ကြရပြီး အရင်နဲ့မတူတော့ဘူး။ အရင်လိုလုပ်ချင်လို့တော့ မဟုတ်ပါဘူး။ ဖြစ်ခဲ့တဲ့ မြင်ကွင်းလေးကိုပြန်ပြောတာပါ။ ဒါလေးတွေကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ကို တင်ပြလိုက်တော့ တော်တော်လေး ဂရုစိုက်ပြီး လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကစပြီး ဇရပ်မှာတော့ မနေရတော့ဘူး။ အာဇာနည်ကုန်းနဲ့ နီးတဲ့နေရာမှာ စီစဉ်ပေးပြီး ဒုတိယသမ္မတက လာနှုတ်ဆက်တယ်။ ပန်းခွေချတာကတော့ တစ်ဦးချင်းစီပဲ ဖြစ်နေပါတယ်။ တတ်နိုင်သလောက်လေးတော့ ပြောထားတာပါ။ သူတို့အနေနဲ့ မသိတာလည်း ရှိရင်ရှိမယ်။ သိပြီး လုပ်ရကောင်းမှန်းမသိတာဖြစ်ရင်ဖြစ်မယ်။

**မေး။ အာဇာနည်ခေါင်းဆောင်ကြီးတွေ လုပ်ကြံခံရပြီး ကျဆုံးတော့ တစ်တိုင်းတစ်ပြည်လုံးက ရွှေတောင်ကြီးပြိုသလို ဝမ်းနည်းပူဆွေးကြရတယ်။ မိသားစုဝင်တွေရဲ့ ရင်ထဲက ခံစားချက်လေးသိပါရစေ။**

ဖြေ။ ဟုတ်ပါတယ်။ အဲဒီအချိန်က ကျွန်တော်တို့က ရန်ကုန်ပြောင်းလာတာ မကြာသေးဘူး။ ငယ်လည်းငယ်သေးတော့ ဝမ်းနည်းရကောင်းမှန်းတော့ မသိသေးပါဘူး။ မခံစားတတ်သေးဘူး။ ကိုယ့်အဖေတစ်ယောက်တော့ ဆုံးသွားပြီဆိုတဲ့ ခံစားချက်လောက်ပဲရှိတာပါ။ နောက်ပိုင်း တဖြည်းဖြည်း အသက်ရလာတော့မှ တို့အဖေတွေဟာ ဒီလိုဖြစ်ခဲ့ရခြင်းဆိုပြီး ခံစားရတာပါ။ အဖေတို့ အနေနဲ့လည်း စုစုရုံးရုံးနဲ့ တိုင်းပြည်အတွက် လုပ်နေတဲ့အချိန်ဆိုတော့ ဒီလိုလုပ်ကြံခံခဲ့ရတာကို အချိန်ကြာလာတော့ ခံစားရတာက သူတို့တွေသာ လုပ်ကြံမခံရဘူးဆိုရင် ဒီနေ့တိုင်းပြည်မှာ ဖြစ်ပျက်နေတဲ့ဟာတွေဟာ ဘယ်လိုဖြစ်မလဲဆိုပြီး တွေးတတ်လာတဲ့အခါမှာ ခံစားရတာပါ။

**မေး။ ဦးနေဝင်းလက်ထက်အထိက အာဇာနည်နေ့ အခမ်းအနားကို နိုင်ငံတော်အဆင့် ကျင်းပပေးခဲ့တယ်။ နောက်ပိုင်းမှာ နိုင်ငံတော်အဆင့် ကျင်းပတဲ့ပုံစံ မဟုတ်တော့တဲ့အပေါ် မိသားစုဝင်တစ်ဦးရဲ့အမြင်ကိုလည်း သိပါရစေ။**

ဖြေ။ အဲဒါကတော့ သူတို့ရဲ့ မသိတာဘဲလား။ သိရဲ့သားနဲ့ လုပ်တာပဲလား။ အမှန်တော့ အဲလိုမဖြစ်သင့်ပါဘူး။ ခေါင်းဆောင်ကြီးတွေကို ဂုဏ်ပြုတယ်၊ လေးစားတယ်ဆိုရင် အရင်တုန်းကအတိုင်းပဲ လုပ်သင့်ပါတယ်။ မိသားစုကိုလည်း ကောင်းကောင်းဆက်ဆံစေချင်တာပါ။ အရင်တုန်းက ခံစားခဲ့ရတာနဲ့ အခုအနေအထားနဲ့ဆိုတော့ မိသားစုတိုင်း ခံစားရမယ်ထင်ပါတယ်။ အားလုံးညီညီညွတ်ညွတ်နဲ့ အတူတူလုပ်ခဲ့တာဆိုတော့ အစိုးရအနေနဲ့လည်း စဉ်းစားမယ်ဆိုရင် လုပ်သင့်ပါတယ်။

နောက်တစ်ခုက အာဇာနည်ကုန်းရဲ့ ဒီဇိုင်းပါ။ ဒီအာဇာနည်ကုန်းက အရင်တုန်းကတော့ အမိုးနဲ့ အကာနဲ့ပါ။ နောက် မြောက်ကိုရီးယားကိစ္စကြောင့် ပြန်ပြင်တဲ့အခါကျတော့ ကျွန်တော်တို့ကို မတိုင်ပင်ပါဘူး။ သူတို့ဘာသာသူတို့ လုပ်လိုက်တဲ့အခါကျတော့ ဒီပုံဖြစ်သွားတာပါ။ ဇူလိုင် ၁၉ ရက်ဆိုတာလည်း မိုးအကြီးဆုံးအချိန်။ အဲဒီအချိန်မှာ လေဟာပြင်ကြီးနဲ့ ဂါရဝပြုဖို့ဆိုတာ နိုင်ငံ့ခေါင်းဆောင်တွေရော၊ ကျန်တဲ့သူတွေအတွက်ပါ အဆင်မပြေပါဘူး။ မိုးတားတာတွေလုပ်ရမှာပါ။ ဖြစ်နေတဲ့ ရာသီဥတု အချိန်နဲ့ အခမ်းအနားနဲ့ အမိုးအကာမရှိတဲ့ လဟာပြင်ကြီး ဆိုတာက မသင့်တော်ဘူးထင်တယ်။ အဲဒါလည်း ပြောတော့ပြဖူးပါတယ်။

**မေး။ အာဇာနည်နေ့အထိမ်းအမှတ်နေ့တွေမှာ ခေါင်းဆောင်ကြီးတွေရဲ့ပုံတွေကို ဂျာနယ်၊ သတင်းစာတွေမှာ ဖော်ပြခွင့်မရခဲ့တာ၊ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ နာမည်တွေကို ကလေးတွေ မသိကြတော့တာ၊ အာဇာနည်နေ့ဆိုတာကို မသိတော့တာတွေနဲ့ပတ်သက်ပြီး အန်ကယ့် ခံစားချက်ကို သိပါရစေ။**

ဖြေ။ အဲဒါကတော့ အရင်က အာဇာနည်နေ့ဆိုရင် အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ အတ္ထုပ္ပတ္တိနဲ့ အာဇာနည်နေ့အကြောင်း စာအုပ်တွေကို ဝေပေးလေ့ရှိတယ်။ ၁၉ ဇူလိုင် မမေ့နိုင်ဆိုတဲ့ စာသားတွေကပ်တယ်။ သတင်းစာမှာ ဖော်ပြတယ်။ ခေါင်းဆောင်ကြီးတွေ မိန့်ခွန်းပြောခဲ့တာတွေကို ရေဒီယိုမှာ ပြောတယ်။

အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိန့်ခွန်းတွေဟာ တိုင်းပြည်ကို အကျိုးပြုခဲ့တဲ့အတွက် ထုတ်လွှင့်တယ်ဆိုတော့ လူတွေက သိတာပါ။ ဟိုတစ်နေ့ကပဲ ကျွန်တော့်သမီးက သူ့ရုံးမှာ ဝန်ထမ်းတွေကို စာမေးပွဲစစ်မယ်ဆိုပြီးတော့ ဇူလိုင် ၁၉ ရက်တော့နီးပြီ။ အာဇာနည် ၉ ဦးရဲ့ အမည်ကို ပြောပြဆိုတော့ ဘယ်သူမှ မသိကြတော့ဘူး။ ဦးနုပါတယ်ဆိုတဲ့သူရှိတယ်။ သခင်ကိုယ်တော်မှိုင်း ပါတယ်ဆိုတဲ့သူတွေရှိတယ်။ ဒါက သမိုင်းကိုဖျောက်ဖို့ ကြိုးစားခဲ့တာ။ အံ့သြစရာလည်းကောင်းသလို ဝမ်းနည်းစရာလည်းကောင်းတယ်။ အောင်မြင်သလားဆိုတော့ အောင်မြင်သင့်သလောက် အောင်မြင်တယ် ပြောလို့ရပေမယ့် သမိုင်းကိုဖျောက်လို့တော့ မရပါဘူး။ အခုလို လာတွေ့ပြီး မေးတယ်၊ ထည့်မယ်ဆိုတော့ ကောင်းပါတယ်။

**မေး။ လက်ရှိ သမ္မတကြီး ဦးသိန်းစိန်လက်ထက်မှာ ဒုတိယသမ္မတအဆင့်တက်ရောက်ပြီး နိုင်ငံတော်အဆင့် ပြန်လည်ကျင်းပပေးပုံအပေါ် အမြင်ပြောပြပေးပါ။**

ဖြေ။ သမ္မတကြီးကိုယ်တိုင် လာတာကတော့ အကောင်းဆုံးပါ။ အရင်တုန်းက သမ္မတကြီး ဦးဝင်းမောင်လာတယ်။ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဦးနေဝင်းလာတယ်။ နောက်ပိုင်းကျတော့ ဦးနေဝင်းက ဇူလိုင်လဆိုဘိလပ်သွား၊ မြင်းပွဲသွားတဲ့အခါကျတော့ မလာဖြစ်ဘူး။

ဒါပေမယ့် သူ့ကိုယ်စား နိုင်ငံတော်ကောင်စီဥက္ကဋ္ဌရဲ့ကိုယ်စား ဗိုလ်ချုပ်သောင်းဒန်၊ ဗိုလ်ချုပ် အောင်ကြီးတို့ တက်တဲ့အခါ ကျွန်တော့်အမြင်ကတော့ ကိုယ်စားဆိုတဲ့ သဘောမျိုးက သူလာတာပါပဲ။ အရင်တုန်းကဆိုရင် ရုံးတွေမှာ ကိုယ်စားဆိုပြီး လက်မှတ်ထိုးတာတွေရှိတော့ အဲလိုပုံစံလေး ဖြစ်စေချင်တာပါ။

အခုလည်း သမ္မတကြီးကိုယ်တိုင် လာရင်တော့ ပိုကောင်းပါတယ်။ သမ္မတကြီးက သူ့ကိုယ်စား ဒုတိယသမ္မတ လွှတ်တယ်ဆိုရင် အဲလို စကားအသုံးအနှုန်းလေးတွေ ပါတယ်ဆိုရင် ကောင်းပါတယ်။ ကျွန်တော်လည်း အစိုးရရုံးမှာ နှစ်ပေါင်း ၃၀ လောက် လုပ်ခဲ့တယ်ဆိုတော့ ရုံးရဲ့အစဉ်အလာလေးတွေသုံးရင် ကောင်းပါတယ်။

**မေး။ အန်ကယ် အရှေ့မှာပြောသွားတဲ့ စကားထဲက အတိုင်းပဲ နိုင်ငံခေါင်းဆောင်ကြီးတွေသာ လုပ်ကြံမခံရဘူးဆိုရင် မြန်မာပြည်ရဲ့ကံကြမ္မာနဲ့ မြန်မာနိုင်ငံသားတွေရဲ့ကံကြမ္မာ ဘယ်လိုဖြစ်လာနိုင်သလဲဆိုတာလေး ပြောပေးပါဦး။**

ဖြေ။ အင်မတန် တိုးတက်လာမယ်လို့ ထင်ပါတယ်။ သူတို့သေဆုံးပြီးတာတောင်မှ သူတို့ရဲ့အငွေ့အသက်လေးတွေ ကျန်နေခဲ့ပါတယ်။ မြန်မာပြည်ဟာ ဦးနုလက်ထက်၊ ဦးနုအလွန်လက်ထက်မှာဆိုရင် တော်တော်တိုးတက်တယ်။ အရှေ့တောင်အာရှမှာ မြန်မာပြည်ကို ဘယ်သူမှ မယှဉ်နိုင်ခဲ့ဘူး။

စင်ကာပူဆိုတာ ကျွန်းသေးသေးလေး။ ထိုင်းနိုင်ငံ ဗန်ကောက်ဆိုရင် လေယာဉ်ကွင်းက သံပြားပေါက်နဲ့ ဂွမ်းဂွမ်းဖြစ်နေတဲ့အချိန်မှာ ဒီမှာက လေယာဉ်ကွင်းက အရှေ့တောင်အာရှမှာ အကောင်းဆုံးပဲ။ အိမ်ရာစီမံကိန်းမှာဆိုရင် စင်ကာပူကနေ ဒီမှာလာပြီး လေ့လာရတယ်။ ဒါကို ယုံချင်မှတောင်ယုံမယ်။

ရန်ကင်းတိုက်တွေ၊ ပြည်ထောင်စုရိပ်သာဆိုရင် စင်ကာပူကနေပြီး လာပြီးလေ့လာရတယ်။ အခုကလေးတွေ သိမှာမဟုတ်ဘူး။ အရင်တုန်းက ရိုးလ်ကုန်တိုက်ဆိုရင် နိုင်ငံခြားဖြစ်ပစ္စည်းတွေ ကြိုက်တာဝယ်လို့ရတယ်။ အခုကလေးတွေ မသိတော့ဘူး။ ပညာရေးဆိုရင်လည်း စင်ကာပူတို့၊ ဗန်ကောက်တို့ကတောင် ဒီမှာလာသင်ရတယ်။ နောက် အာဖရိကလူမျိုးလေးငါးခြောက်ယောက် မြန်မာပြည်မှာ စာလာသင်ခဲ့တယ်။ ပညာရေးအဆင့်အတန်း အင်မတန်မြင့်ခဲ့တယ်။

စီးပွားရေးအဆင့်အတန်းလည်း မြင့်တယ်။ မြန်မာပြည်ရဲ့ ငွေတန်ဖိုးကလည်းမြင့်တော့ မော်တော်ကားဆိုရင် စီးချင်တယ်ဆိုရင် အိမ်လာပြတယ်။ စီးကြည့်လိုက်ဦး။ သုံးရက်လောက်နေမှ ကြိုက်တယ်ဆိုရင် ဝယ်လို့ရတယ်။ လပေးစနစ်နဲ့ ဝယ်လို့ရတယ်။ ကျွန်တော်တို့ နှစ်စီးလောက် အဲဒီလို ဝယ်စီးဖြစ်တယ်။

ကျန်းမာရေးအနေနဲ့ ဆေးရုံကြီး၊ ဒပ်ဖရင်တို့ဆိုရင် သွားကြည့်လိုက်ပါ။ အဲဒီတုန်းက ဆေးရုံအုပ်ကြီး ဒေါ်ရင်မေဆိုရင် သူကိုယ်တိုင် မနက်ဆိုရင် လိုက်ကြည့်တာ၊ အိမ်သာကအစ ကြည့်တာ။ အဲဒီတော့ လူကြီးတွေရဲ့ စိတ်နေသဘောထား အင်မတန်မြင့်တယ်။ တကယ်လို့ ခေါင်းဆောင်ကြီးတွေသာ လုပ်ကြံမခံရဘူးဆိုရင် ကျွန်တော် ယုံကြည်တယ်။ တိုင်းပြည်တိုးတက်ကောင်းမွန်မယ်။ ငြိမ်းချမ်းမယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အဲဒီတုန်းကလည်း ရရှိအောင် စည်းရုံးနိုင်ခဲ့သလို ပိုမိုခိုင်မာ စည်းရုံးမယ်လို့ မြင်မိပါတယ်။

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းများယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။





# ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ဖော်ဆောင်နေမှုအခြေအနေများကို ပြည်သူလူထုထံသို့ ပွင့်လင်းမြင်သာစွာ စဉ်ဆက်မပြတ်အသိပေးသွားရန် လိုအပ်

**နေပြည်တော် ဇူလိုင် ၁၆**

အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု ညှိနှိုင်းရေးကော်မတီအစည်းအဝေး (၄/၂၀၁၅)ကို ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကား ပြောကြားသည်။**(အပေါ်ပုံ)**

အစည်းအဝေးသို့ ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးခင်မောင်အေး၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်၊ နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာဇော်ဦး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကော်မတီဝင် တိုင်းဒေသကြီး/ ပြည်နယ်များမှ ဝန်ကြီးများနှင့် နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာအောင်ထွန်းသက်တို့က Video Conferencing ဖြင့် ပါဝင်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌက အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်ရေးဆွဲရေး အကြံပြု အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၃ နှင့် ၂၄ ရက်တို့တွင် နေပြည်တော်၌ အောင်မြင်စွာ ကျင်းပခဲ့ပြီး ဖြစ်ကြောင်း၊ အကြံပြု အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသည့် ဖော်ထုတ်ချက်ရလဒ်များကို အခြေခံပြီး အမျိုးသားအဆင့် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု မူဘောင်ရေးဆွဲရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူဗဟိုပြု ပြုပြင်ပြောင်းလဲရေးအတွက် ပြည်သူတို့၏ ဆန္ဒ၊ လိုအပ်ချက်နှင့် မျှော်လင့်ချက်များကို ဖြည့်ဆည်းဖော်ဆောင်နိုင်ရေး မူဘောင်တွင် ထည့်သွင်းရေးဆွဲရန် လိုအပ်ကြောင်း၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုမူဘောင်သည် လက်တွေ့နယ်ပယ်၌ အမှန်တကယ် ဟန်ချက်ညီညီ ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များဖြစ်ရေးအတွက် အလေးထားရမည်ဖြစ်ပြီး ပြည်သူလူထုသို့ ပွင့်လင်းမြင်သာစွာ ရှင်းလင်းတင်ပြရမည်ဖြစ်ကြောင်း၊ သတင်းနည်းပညာ IT ကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုမြန်ဆန်ထိရောက်စွာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း အုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရာတွင် အစိုးရတစ်ဖွဲ့တည်းဖြင့် ဆောင်ရွက်၍ မရနိုင်ဘဲ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်နိုင်ရေးအတွက် အစိုးရ အုပ်ချုပ်ရေး ယန္တရားအဆင့်ဆင့်မှ စနစ်တကျတာဝန်ယူ ဖော်ဆောင်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌများက အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်ပြုစုရေးဆွဲရေးစီစဉ်ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ ကော်မတီဝင်များနှင့် နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာဇော်ဦးတို့က လက်ရှိအခြေအနေများနှင့် မူဘောင်အား ဆက်စပ်နိုင်မှု အကြံပြုချက်များကို လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးများနှင့် နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာအောင်ထွန်းသက်တို့က Video Conferencing ဖြင့် လည်းကောင်း တင်ပြဆွေးနွေးကြရာ ကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အဆင့်ဆင့်တွင် ပါဝင်ဆောင်ရွက်နေသူများအနေဖြင့် မိမိတို့ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းစွာ သိရှိနားလည်ပြီး ဖော်ဆောင်သွားနိုင်ရန်သာမက ယင်းသို့ ဖော်ဆောင်နေမှုအခြေအနေများကို ပြည်သူလူထုထံသို့လည်း ပွင့်လင်းမြင်သာစွာ စဉ်ဆက်မပြတ် အသိပေးသွားရန် လိုအပ်ကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး နည်းပညာတက္ကသိုလ်(မန္တလေး)အား စစ်ဆေး



**နေပြည်တော်  ဇူလိုင် ၁၆**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် ဇူလိုင် ၁၃ ရက်တွင် နည်းပညာတက္ကသိုလ်(မန္တလေး)၌ ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်မှ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် သင်ယူနေသော ပညာရပ်များကို ဂရုတစိုက် အမှန်တကယ် တတ်မြောက်အောင် လေ့လာသင်ယူကြရန် လိုအပ်ပါကြောင်း၊ Autonomous University ဖြစ်လာပြီဆိုလျှင် မိမိတို့တက္ကသိုလ်ကြီး တိုးတက်အောင်မြင်နေဖို့အတွက် ကျောင်းသား ကျောင်းသူများကပါ ဝိုင်းဝန်းကြိုးစားရန် လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများကလည်း သင်ကြားမှုပိုင်းတွင် စာတွေ့၊ လက်တွေ့ဖြင့် ထိထိရောက်ရောက်သင်ကြားပေးရန်နှင့် ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူအချို့ ညီမျှမှုရှိစေရန် လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ခေတ်နှင့်အညီ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးစားလေ့လာထားကြရန်၊ သုတေသနလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် လုပ်ဆောင်နေကြရန်နှင့် IT နည်းပညာကို အကျိုးရှိရှိ အသုံးချရန် လိုအပ်ပါကြောင်း မှာကြားသည်။**(ယာပုံ)**

ထို့နောက် စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ အလုပ်ရုံများ၊ ပင်မသုံးထပ်ကျောင်းဆောင်တိုးချဲ့ တည်ဆောက်ရေးလုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

---

○ **ကျောဖုံးမှ**

စတုဒိသာကျွေးမွေးဧည့်ခံခြင်း၊ အသိပညာပေးပြခန်းများ၊ ပဒေသာကပွဲများ၊ တေးဂီတဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟု သိရသည်။

ဇေယျဘူမိဟူသည့် စစ်ကိုင်းမြို့တော်ကြီးကို ပင်းယတစ်စီးရှင်၏သားတော် အသင်္ခယာစောယွမ်းက တည်ထောင်မင်းပြုတော်မူခဲ့သည်။ စစ်ကိုင်းမြို့တည်နန်းတည် သက္ကရာဇ်ကို သာတိုးတိုင်း-စစ်ကိုင်းတည်၊ သံတံတိုင်း-စစ်ကိုင်းတည်၊ သောင်တော်ထွန်း-စောယွမ်း စစ်ကိုင်းတည်ဟု အမှတ်အသားပြုခဲ့ကြသည်။ ပထမစစ်ကိုင်းခေတ်တွင် မင်းခုနစ်ဆက်စိုးစံခဲ့ကြပြီး မြို့သက် နှစ် ၅၀ ခန့် တည်တံ့ခဲ့သည်။

ဒုတိယစစ်ကိုင်းမြို့ကို စည်သူကျော်ထင်က ဆင်လုံးမြင်းရင်းနှင့် တည်ထောင်မင်းပြုခဲ့သေးသည်။ စစ်ကိုင်းမြို့တွင် ခြောက်နှစ် နန်းစံပြီး 'နရပတိ' အမည်နှင့် အင်းဝသို့ ပြောင်းရွှေ့မင်းပြုခဲ့သည်။ စည်သူကျော်ထင်သည် အသင်္ခယာစောယွမ်းတည်ခဲ့သော မြို့ရာမှာပင် မင်းပြုခဲ့သည်ဟု ယူဆရသည်။

တတိယစစ်ကိုင်းကို နန္ဒမိတ်ကျော်ထင်က ဘုရင်ခံဘွဲ့အမည်နှင့် ကျုံးမြောင်း၊ ရင်တား၊ သစ်တပ်ဝင်း၊ ဥကင်နှင့်တကွ နန်းတွင်းငှက်စောင့်၊ ရှေ့ရုံး နောက်ရုံး၊ ဆင်လုံးမြင်းရင်းနှင့် တည်ထောင်မင်းပြုသည်။ စစ်ကိုင်း မင်းနန်းတော်နှင့် မြို့အမည်ကို ခေတ်ပြိုင်ရေး ဦးကုလားမဟာရာဇဝင်ကြီးတွင် "စစ်ကိုင်းမင်း နန်းတော်ကို ခါဝဲတောင်ဘုရားမြောက်တွင် ဆောက်နေရသည်။ ကူနီခုနစ်ဆူသို့ရောက်အောင် နန်းမြို့သစ်တပ်လုပ်၍ တည်ရသည်။ စစ်ကိုင်းမြို့ကို 'အတုလဝတီ'၊ နန်းမြို့ကို 'အောင်ချာဘုမ္မိ'၊ နန်းကို 'နန်းကျော် သီရိ' သမုတ်တော်မူသည်"ဟု ရေးသားမှတ်တမ်းတင်ထားပေသည်။ မူလတည်ရင်း အသင်္ခယာစောယွမ်း၏မြို့ရာတွင်ပင် တည်ထားခဲ့ပေသည်။

အလောင်းမင်းတရားကြီးသားတော် သီရိပဝရသုဓမ္မရာဇာဘွဲ့ခံ နောင်တော်ကြီးမင်းက မြို့ရာဟောင်း၏ အနောက်တောင်ယွန်းသို့ပြောင်းရွှေ့ကာ မြို့သစ် (စတုတ္ထစစ်ကိုင်းမြို့)ကို ပြန်လည်တည်ထောင်ခဲ့သည်။ အရှေ့မျက်နှာ အောင်ထင်တံခါး၊ တောင်မျက်နှာ ခေမာတံခါး၊ အနောက်မျက်နှာ ဆင်ရတံခါး၊ မြောက်မျက်နှာ ဝေသာတံခါးသမုတ်၍ မုခ်ပေါင်းကူးနှင့်ချည်း တည်ဆောက်ခဲ့သည်။ သူရဲခို၊ သူရဲပြေးနှင့်တကွ မြို့တော်ပြီးစီးသည့်အခါ 'မဟာဇေယျပူရမြို့' ဟု သမုတ်တော်မူခဲ့သည်။ မဟာဇေယျပူရ ရွှေထီးရွှေနန်းကို သိမ်းမြန်းတော်မူကာ ရတနာသင်္ချနေပြည်တော်နှင့် မဟာဇေယျပူရနေပြည်တော် နှစ်မြို့နှစ်နန်းကို ကူးသန်းစံမြန်းခဲ့လေသည်။

စစ်ကိုင်းမြို့သည် ပဒေသရာဇ် ခေတ်နှောင်းကာလများမှ မျက်မှောက်ခေတ်တိုင် မင်းနေပြည်တော်မဟုတ်သော်လည်း မြို့ကြီးပြကြီးအဖြစ် တည်တံ့ခဲ့ပေသည်။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာ ဘာသာသာသနာ ထွန်းကားစည်ပင်ရာ မြို့ကြီးအဖြစ် မြန်မာနိုင်ငံသာမက ကမ္ဘာကပင် သိရှိထင်ရှားသော မြို့တစ်မြို့လည်းဖြစ်ပေသည်။

စစ်ကိုင်းမြို့၏သမိုင်းအစဉ်အလာကောင်းများ၊ ယဉ်ကျေးမှုအစဉ်အလာကောင်းများကို ထိန်းသိမ်းမြှင့်တင်ရန်၊ မိဘဘိုးဘွားတို့၏ ဂုဏ်ကျေးဇူးနှင့် အစဉ်အလာကောင်းများကို အောက်မေ့သတိရစေရန်၊ အနာဂတ်တွင် လက်ဆင့်ကမ်းအမွေအဖြစ် ထိန်းသိမ်းစောင့်ရှောက်သွားကြရန် စသည့် ရည်ရွယ်ချက်များဖြင့် စစ်ကိုင်းမြို့သူမြို့သားများ၊ စစ်ကိုင်းမြို့ကို ချစ်မြတ်နိုးကြသူများက စစ်ကိုင်းမြို့တည် နန်းတည် နှစ်(၇၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြတော့မည်ဖြစ်သည်။

မြို့တည်နန်းတည် နှစ် (၇၀၀) ပြည့်ပွဲတော်ကြီးနှင့်အတူ စစ်ကိုင်းတောင်၊ မင်းဝံတောင်တန်းကြီးတို့ဖြင့် သာယာလှပသည့်မြို့၊ အင်းဝနှင့် ရတနာပုံ ဧရာဝတီမြစ်ကူးတံတားကြီးနှင့် ခမ်းနားတင့်တယ်နေသည့်မြို့၊ ကောင်းမှုတော်စေတီ၊ ဆွမ်းဦးပုညရှင်ဘုရား စသည့် စေတီပုထိုး ဂူကျောင်းပြာသာဒ်အထပ်ထပ်ဖြင့် တင့်တယ်လျက်ရှိနေသည့် ဘာသာ၊ သာသနာထွန်းကားစည်ပင်သည့်မြို့၊ အမျိုးသားယဉ်ကျေးမှုနှင့် ရှေးဟောင်းသမိုင်းအမွေအနှစ်များကို ပွေ့ပိုက်စောင့်ရှောက်ထားသည့်မြို့၊ အနုပညာသမားတို့၏ တေးကဗျာသီချင်းများစွာ သီကုံးဖွဲ့ဆိုခြင်း ခံယူရသည့်မြို့၊ ရိုးရာလက်မှုပညာရပ်များကို မြတ်နိုးစွာ ထိန်းသိမ်းထားသည့်မြို့ စသည့် ဂုဏ်ပုဒ်ပေါင်းများစွာဖြင့် ကျော်ကြားလှသည့် စစ်ကိုင်းမြို့သို့ လာရောက်လည်ပတ်ဆင်နွှဲကြရန် စစ်ကိုင်းမြို့သားတစ်ဦးအနေဖြင့် ဂုဏ်ယူစွာ ဖိတ်ခေါ်လိုက်ရပါတော့သည်။

**(နန္ဒာမင်းလွင်)**

■

---

# ၂၀၁၅ ခုနှစ် ဇူလိုင် ၁၉ ရက် (၆၈) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပစဉ် လမ်းကြောင်းပိတ်ဆို့ထားမှုနှင့် အာဇာနည်ဗိမာန်သို့ ဝင်ရောက်ရမည့် လမ်းကြောင်းသတ်မှတ်







**ရန်ကုန်  ဇူလိုင် ၁၆**

၁။ (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ ဝ၈း၀၀ နာရီ၌ စတင်ကျင်းပမည်ဖြစ်ရာ ဇူလိုင်လ ၁၈ ရက်နေ့ ၁၈း၀၀ နာရီမှ ဇူလိုင်လ ၁၉ ရက်နေ့ ၁၈း၀၀ နာရီထိ အောက်ဖော်ပြပါလမ်းကြောင်းများကို ဖြတ်သန်းသွားလာမှု ယာယီပိတ်ဆို့ထားမည်ဖြစ်ပါသည်-

(က) ဦးဝိစာရလမ်းနှင့် အနောက်ရွှေဂုံတိုင်လမ်းဆုံရာမှ အနောက်ရွှေဂုံတိုင်လမ်းအတိုင်း အနောက်ရွှေဂုံတိုင် (၁) လမ်းထိပ်ထိ။

(ခ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံဘုရားအရှေ့မုခ်စောင်းတန်းအထိ။

(ဂ) အနောက်ရွှေဂုံတိုင်လမ်းမှအာဇာနည်ဗိမာန်သို့ တက်ရောက်ရာ အုတ်လှေကားလမ်းနှင့်ကျောက်ဆည်မွှာရုံဘေးလမ်းကြားများ။

၂။ အာဇာနည်နေ့အခမ်းအနားသို့တက်ရောက်ရန်ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ရွှေတိဂုံတောင်ဘက်မုခ်မှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်မှတစ်ဆင့် ရွှေတိဂုံမြောက်ဘက်မုခ်ရှိ အာဇာနည်ဗိမာန် ဝင်ပေါက် ဂိတ်(၂)မှ ဝင်ရောက်ပြီး အနောက်ရွှေဂုံတိုင်လမ်းသို့ဂိတ် (၃) မှပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

၃။ ဇူလိုင်လ ၁၉ ရက်နေ့ မွန်းတည့် ၁၂း၀၀ နာရီမှ ၁၇း၀၀ နာရီထိ အာဇာနည်ဗိမာန်သို့ အများပြည်သူလာရောက် ဂါရဝပြုနိုင်ရန် ဖွင့်လှစ်ထားမည်ဖြစ်ရာ လာရောက်ကြမည့် ပြည်သူများသည် အနောက်ရွှေဂုံတိုင်လမ်းမှတစ်ဆင့် အနောက်ရွှေဂုံတိုင်လမ်းနှင့် အာဇာနည်လမ်းဆုံရှိ ဂိတ်(၁) မှ ဝင်ရောက်၍ ဂိတ်(၂)မှတစ်ဆင့် အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်စောင်းတန်းသို့ ထွက်ခွာရမည်ဖြစ်ပါသည်။

၄။ အာဇာနည်ဗိမာန်နှင့်ဗိုလ်ချုပ်ပြတိုက်သို့ ဝင်ရောက်ဂါရဝပြုကြမည့်သူများသည် လက်ကိုင်အိတ်၊ လက်ဆွဲအိတ်၊ ကင်မရာ၊ လက်ကိုင်ဖုန်းနှင့် ကြိုတင်စစ်ဆေးခံယူမှုမရှိသော ပန်းခွေ၊ ပန်းခြင်းစသည့်လုံခြုံရေးကို ထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ခွင့်မပြုကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။

၅။ အာဇာနည်ဗိမာန်နှင့်ဗိုလ်ချုပ်ပြတိုက်သို့ ဝင်/ထွက်ရာလမ်းကြောင်းနှင့်ဂိတ်များ၌ လုံခြုံရေးအရ ရှာဖွေစစ်ဆေးမှုများကို ပူးပေါင်းကူညီသောအားဖြင့် ကြည်ဖြူစွာ အစစ်ဆေးခံပေးကြပါရန်နှင့် သတ်မှတ်လမ်းကြောင်းမှသာ စည်းကမ်းတကျ ဝင်ရောက်ထွက်ခွာကြပါရန် မေတ္တာရပ်ခံပါသည်။

**ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့**

# ဖတ်သူအကြိုက်နှင့် ကဗျာအကြောင်း ဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၆**

ကဗျာပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲအဖြစ် ဖတ်သူအကြိုက်နှင့် ကဗျာအကြောင်း ဆွေးနွေးပွဲကို ပန်မြန်မာ ရုံးခန်း၌ ဇူလိုင် ၂၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲကို ကဗျာဆရာ ဇေယျာလင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်ပြီး ကဗျာပညာရပ်ကို စိတ်ဝင်စားသူတိုင်း မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီထိ အမှတ် ၃၁ အထက် ပုဇွန်တောင်လမ်း ပုဇွန်တောင်မြို့နယ်သို့ တက်ရောက်ဆွေးနွေးနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**



စကျင်ကျောက်ပြားပေါ်တွင် စက်ဖြင့်ကျောက်စာရေးထိုးခြင်းကို တွေ့ရစဉ်။

# စကျင်ကျောက်ပြားပေါ် ကျောက်စာရေးထိုးမှု ခေတ်မီစက်ကိရိယာများအသုံးပြုသည့်အတွက် တွင်ကျယ်လာ

**မန္တလေး ဇူလိုင် ၁၆**

ကျောက်ခေတ်မှသည် ယနေ့ခေတ်အထိ လူတို့သည် တီထွင်မှုအသစ်တို့ တီထွင်ရင်း ရှင်သန်လာခဲ့သည်။ ကျောက်ခေတ်လူသားများနေထိုင်သည့် ဂူများတွင် ကျောက်လက်နက်ပစ္စည်းများအပြင် ကျောက်သားနံရံများတွင် ရေးသားထားသော အရုပ်သင်္ကေတများကိုလည်း တွေ့နိုင်သည်။

နှစ်ပေါင်းရာထောင်ချီနေသောကာလတွင် ရှေးခေတ်လူတို့၏ စားဝတ်နေမှု၊ ယဉ်ကျေးမှုအနုပညာ၊ အသက်မွေးဝမ်းကျောင်းပြုမှုများကို ထိုခေတ်များမှကျန်ခဲ့သော ကျောက်စာ၊ ပေစာ၊ ခေါင်းလောင်းစာ၊ သင်္ချိုင်းမှစာ၊ ရွှံ့၊ မြေ၊ ငွေ၊ ရွှေ၊ ကြေး၊ သတ္တုနှင့်လုပ်သော အိုးခွက်၊ ရေတကောင်း၊ မီးတိုင်၊ ဒင်္ဂါးပြား၊ စေတီပုထိုး၊ ကျောင်းကန် ဘုရားပုံတော်တို့၏ လက်ရာများကိုကြည့်၍ ခန့်မှန်းနိုင်သည်။

ခေတ်အဆက်ဆက် ပြောင်းလဲလာခြင်းနှင့်အတူ တိုးတက်မှုတို့ကွာခြားလာခဲ့သည်။ မြန်မာနိုင်ငံအတွင်း ဘီစီနှစ်ရာစုလောက်မှစ၍ မိုင်းမောဒေသ၊ ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်း၊ ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝမှစ၍ ကုန်းဘောင်ခေတ်အထိ ခေတ်အဆက်ဆက် ကိုးကွယ်ယုံကြည်မှုအသီးသီး၊ ရုပ်တုအမျိုးမျိုးပြုလုပ်လာခဲ့ကြသည်။ စကျင်ကျောက်ဖြင့် ထုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်များနှင့် ကျောက်စာရေးထိုးမှုကို မန္တလေး မဟာမြတ်မုနိဘုရားကြီး အနောက်မုခ်ရှိ ကျောက်ဆစ်တန်းတွင် အမြောက်အမြားပြုလုပ်ကြသည်။

ပန်းတမော့ပညာရှင်တို့၏ အနုလက်ရာ ဗုဒ္ဓရုပ်ပွားတော်များစွာကို မြန်မာနိုင်ငံအနှံ့အပြားသို့ တင်ပို့သလို နိုင်ငံခြားသို့လည်း ရံဖန်ရံခါတင်ပို့နေရသည်။ ဘုရားကြီးအနောက်မုခ် ကျောက်ဆစ်တန်းမှ စကျင်ကျောက်များကို မတ္တရာမြို့နယ်အတွင်းရှိ စကျင်တောင်မှ ဝယ်ယူရသည်။ စကျင်တောင်မှ စကျင်ကျောက်တုံးများကို အရွယ်အစားအလိုက် ဝယ်ယူကာ ထုလုပ်ရသည်။ စကျင်ကျောက်ဖြင့် ထုဆစ်သော ဗုဒ္ဓရုပ်ပွားတော်မြတ်များသည် ကျောက်ဆစ်တန်းသို့ နည်းလမ်းနှစ်မျိုးဖြင့် ဝင်ရောက်လာလေ့ရှိသည်။ စကျင်ကျောက်အရိုင်းတုံးများအဖြစ် ဝင်လာသလို စကျင်တောင်မှ ပုံကြမ်းထုဆစ်ပြီးသားများအနေဖြင့်လည်း ဝင်လာတတ်သည်။ ကျောက်ဆစ်တန်းရောက်မှ အချောကိုင်ခြင်းများ ပြုလုပ်လေ့ရှိသည်။ ယခုအခါ စကျင်ကျောက်ပြားပေါ်တွင် ကျောက်စာရေးထိုးမှုကိုလည်း စက်ဖြင့် ပြုလုပ်သည့်အတွက် လျင်မြန်စွာပြီးစီးပြီး တွင်ကျယ်လာသည်။ စာများထင်ရှားစေရန် ရိုးရိုးသင်္ဘောဆေးနှင့် ရေးခြယ်ခြင်း၊ ခေတ်မီတာရာ စိုသိပ်ခြင်းဖြင့် ကျောက်စာများ ထင်ရှားပြီး ပျက်စီးမှုနည်းသွားသည်။ စက်ဖြင့် ပြုလုပ်သည့်အတွက် ပွန်းပဲ့မှုနည်းကာ တွင်ကျယ်လျင်မြန်လာသည်။ လက်ရှိကာလတွင် ဆင်းတုတော်များ ဝယ်ယူလှူဒါန်းကိုးကွယ်မှုနှင့် ကျောက်စာရေးထိုးရန် အပ်နှံမှုများပြားလျက်ရှိကြောင်း သိရသည်။

**(တိမ်တမန်)**

# ပြည်ထောင်စုလွှတ်တော် ခွင့်ပြုရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မည်

**ကျောက်တံခါး ဇူလိုင် ၁၆**

၂၀၁၅-၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော်ခွင့်ပြုရန်ပုံငွေ ကျပ်သိန်းတစ်ထောင်ဖြင့် ကျောက်တံခါးမြို့နယ်တွင် ပြည်သူများလမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးအတွက် လမ်း၊ တံတားနှင့် လူနေမှုအဆင့်အတန်းမြင့်မားစေရေးအတွက် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရှားပါးသော ကျေးရွာများတွင် ရေရရှိရေးများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်သူများ တင်ပြတောင်းခံထားသော ကျောက်တံခါးမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများနှင့် ကျေးရွာချင်းဆက်လမ်းပိုင်းများကို ကျောက်ချောလမ်းပိုင်းနှင့် ဂဝံလမ်းပိုင်း စုစုပေါင်း ၃၄ ခုကို ပြုပြင်ဆောင်ရွက်မည်ဖြစ်ပြီး တံတားရှစ်စင်းတွင် သစ်သားတံတားသုံးစင်းနှင့် ကွန်ကရစ်တံတား ငါးစင်းကို ပြုပြင်တည်ဆောက်မည်ဖြစ်ကြောင်း၊ သောက်သုံးရေရှားပါးသော သံပုရာခုံကျေးရွာအုပ်စုတွင် အဝီစိတွင်း ငါးတွင်းတူးဖော်ဆောင်ရွက်၍ ရင်းတိုက်ကုန်းကျေးရွာအုပ်စု၊ ညောင်ပင်သာစ်ပြကျေးရွာတို့တွင် လျှပ်စစ်မီးရရှိရေးအတွက် ထရန်စဖော်မာ ၂၀၀ ကေဗွီအေ တစ်လုံး တပ်ဆင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းဦးက ပြောကြားသည်။

**ခင်ကို(ကျောက်တံခါး)**



## ဇူလိုင် ၁၆ ရက် (ကြာသပတေးနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်းကျပ်ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၅၀၀ မှ ၄၄၅၀၀ |
| ၂ | ဇီယာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၀၇၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၅၀၀ |
| ၄ | မြီးဒုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၅၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၅၀၀ မှ ၂၂၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၆၆၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၅၀၀၀ မှ ၁၃၇၀၀၀ |
| ၉ | စွန်တာ (ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၀၀၀၀ မှ ၅၂၀၀၀ |
| ၁၀ | ထောပတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀၀၀ မှ ၄၈၀၀၀ |
| ၁၁ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၈၀၀၀ မှ ၉၀၀၀၀ |
| ၁၂ | ပြောင်းဆန် | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၀၀၀ မှ၂၈၅၀၀ |
| ၁၃ | ပဲလွန်းဖြူ (ပဲ) | ပဲခူး၊ မင်းလှ၊ မြစ်ဝကျွန်းပေါ် | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၃၀၀၀ မှ ၈၀၀၀၀ |
| ၁၄ | ဗိုလ်ကိတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၀၀၀၀ မှ ၅၅၀၀၀ |
| ၁၅ | နှမ်းနက် စမုံ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၉၅၀၀၀ မှ ၁၉၈၀၀၀ |
| ၁၆ | နှမ်းညို(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၄၀၀၀ မှ ၈၅၀၀၀ |
| ၁၇ | ပန်းနှမ်း(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၀၀၀၀၀ |
| ၁၈ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၅၀၀၀ မှ ၁၀၀၀၀၀ |
| ၁၉ | နှမ်းနက်(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၁၀၀၀၀ မှ ၁၅၀၀၀၀ |
| ၂၀ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မိတ္ထီလာ၊ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၀၀ မှ၉၀၀ |
| ၂၁ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၆၀ မှ ၂၀၀၀ |
| ၂၂ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၀၀ မှ ၂၅၅၀ |
| ၂၃ | ပဲပုပ်(ရှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၄၀၀၀၀ မှ ၄၈၀၀၀ |
| ၂၄ | ပဲပုပ်(ဗမာ) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၄၉၀၀၀ မှ ၅၂၀၀၀ |
| ၂၅ | အာလူး | ဟဲဟိုး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၃၀ မှ ၈၆၀ |
| ၂၆ | မာလကာသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၆၀ မှ ၃၃၀ |
| ၂၇ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၈၀၀ မှ ၂၈၀၀ |
| ၂၈ | ဖရဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၅၀၀ မှ ၃၀၀၀ |
| ၂၉ | သရက်သီး(ရင်ကွဲ) | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀၀ မှ ၁၈၀၀၀ |
| ၃၀ | သရက်သီး(စိန်တလုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀၀ မှ ၁၉၀၀၀ |
| ၃၁ | နဂါးမောက်သီး | | တစ်ခြင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀၀ မှ ၁၆၀၀၀ |
| | **လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့(AMIT)မှ ပေးပို့သည်။** | | | | |





# ပထမဆုံးတေးဗီဒီယိုရိုက်ကူးခဲ့တဲ့ အမ်မာစတုန်း

ဟောလိဝုဒ်ကြယ်ပွင့် အမ်မာစတုန်းသည် သူ၏ပထမဦးဆုံး တေးဗီဒီယိုကို သူအနှစ်သက်ဆုံးတေးဂီတတီးဝိုင်းများအနက်တစ်ခုဖြစ်သည့် "Arcade Fire" ဂီတအဖွဲ့အတွက် သရုပ်ဆောင်ရိုက်ကူးပေးခဲ့သည်။

အမ်မာသည် အဆိုပါရော့ခ်ဂီတအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဝင်းန်ဘတ်တလာ၏ "Anna"သီချင်းအတွက် ပါဝင်ရိုက်ကူးခဲ့ပြီး သူရိုက်ကူးပေးခဲ့သော တေးဗီဒီယိုသည် Arcade Fire ၏ "Policy" တေးအယ်လ်ဘမ်တွင် ပါဝင်သော သီချင်းတစ်ပုဒ်ဖြစ်သည်။

အမ်မာနှင့် သူ၏ချစ်သူ အန်ဒရူးဂါးဖီးတို့နှစ်ဦးစလုံးသည် Arcade Fire ရော့ခ်တေးဂီတအဖွဲ့၏ အမာခံပရိသတ်များဖြစ်သည့်အားလျော်စွာ သူတို့၏တေးဗီဒီယိုတွင် ပါဝင်သရုပ်ဆောင်ခွင့်ရခဲ့ခြင်းသည် အမ်မာ့အတွက် အိပ်မက်တစ်ခု လက်တွေ့ဖြစ်လာသကဲ့သို့ခံစားရကြောင်းလည်း မင်းသမီးကဆိုခဲ့သည်။

အဆိုပါတေးဗီဒီယိုမှဓာတ်ပုံတစ်ပုံကိုလည်း အမ်မာက သူ၏အင်စတာဂရမ်စာမျက်နှာပေါ်တွင် ဖော်ပြထားခဲ့ရာ ယင်းဓာတ်ပုံတွင် နှုတ်ခမ်းနီရဲရဲဆိုးထားသော အမ်မာသည် သင်္ဘောသားများအကြား အထူးပင်ဝင့်ကြွားလှပနေခဲ့သည်။

**အေးပြည့်**

## ပဲရစ်ကိုအပန်းဖြေခရီးထွက်နေတဲ့မင်းသမီးဟန်ဂျီမင်း

အပြစ်ကင်းစင်တဲ့မျက်နှာလေးနဲ့ နှလုံးသားအလှပိုင်ရှင် ကိုရီးယားမင်းသမီး ဟန်ဂျီမင်းဟာ ပြင်သစ်နိုင်ငံရဲ့ ထင်ရှားကျော်ကြားတဲ့မြို့တစ်မြို့ဖြစ်တဲ့ ပဲရစ်မြို့ကို အပန်းဖြေခရီးသွားရောက်လည်ပတ်နေတယ်လို့ သိရပါတယ်။

" နွေးထွေးတဲ့နေရောင်အောက်မှာ အခုလို စိန်းမြစ်တစ်လျှောက် လမ်းလျှောက်နေရတာ အလွန်ပဲသဘောကျပါတယ်။ ချစ်တဲ့ပရိသတ်တွေအားလုံးလည်း ပျော်ရွှင်ပြီးလှပတဲ့နေ့လေးကို ပိုင်ဆိုင်နိုင်ပါစေ" လို့ သူ၏လူမှုကွန်ရက်စာမျက်နှာမှာ ဇူလိုင် ၁၄ ရက်က ရေးသားခဲ့ပါတယ်။

အသက် (၃၂) နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကိုရီးယားမင်းသမီးဟန်ဂျီမင်းဟာ ရှေ့ဆက်ပြီးသူ့ရဲ့အနုပညာလမ်းကြောင်းမှာ ပိုမိုကြိုးစားဆောင်ရွက်နိုင်ဖို့ စိန်းမြစ်တစ်လျှောက် လမ်းလျှောက်ပြီး လမ်းဘေးကဖေးဆိုင်မှာ ကော်ဖီသောက်ကာ အပန်းဖြေအားမွေးလျက်ရှိနေပါတယ်။

**ဆုမြတ်**

## အာလာဒင်ဘက်ကိုပြန်လည်ဦးတည်လာတဲ့ဒစ်စနေ

ဒစ်စနေရုပ်ရှင်ထုတ်လုပ်ရေးသည် ၁၉၉၂ခုနှစ်က သူ၏အောင်မြင်ခဲ့သော ရုပ်ရှင်တစ်ခုဖြစ်သည့် အာလာဒင်ရုပ်ရှင်ကို ပြန်လည်အသက်သွင်းရန် ပြင်ဆင်နေပြီဖြစ်ကြောင်း တိုင်းမ်သတင်းစာက ဖော်ပြခဲ့သည်။

၁၉၉၂ခုနှစ်က ထွက်ရှိခဲ့သော ဒစ်စနေ၏ အာလာဒင်ရုပ်ရှင်ဇာတ်ကားသည် ရုပ်သံဖန်တီးမှုဇာတ်ကားတစ်ခုသာဖြစ်ခဲ့ရာ ယခုအသစ်ပြန်လည်ဖန်တီးမည့် အာလာဒင်ရုပ်ရှင်တွင် မင်းသားမင်းသမီးများကိုပါဝင်သရုပ်ဆောင်စေပြီး ကွန်ပျူတာဖန်တီးမှုများနှင့် ပေါင်းစပ်ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

အာလာဒင်သည် နှစ်ပေါင်းရာချီကြာမြင့်ခဲ့ပြီဖြစ်သော အာရပ်ပုံပြင်ကို အခြေခံကာ ရိုက်ကူးထားသည့်ရုပ်ရှင်ဖြစ်ပြီး ၁၉၉၂ ခုနှစ်က ရိုက်ကူးခဲ့သော အဆိုပါရုပ်ရှင်၏ ဇာတ်ကောင်တစ်ဦးဖြစ်သည့် မီးခွက်စောင့်နတ်ကြီး ဂျင်းနီ၏ နေရာတွင် ရော်ဘင်ဝီလီယမ်က အသံဖြင့် သရုပ်ဆောင်ပေးခဲ့သည်။ ယခု အသစ်ပြန်လည်ဖန်တီးထားသည့်ရုပ်ရှင်တွင် ဂျင်းနီ၏ ဇာတ်လမ်းကို အထူးပြန်လည်ဆန်းသစ်ဖန်တီးထားသည်။

အာလာဒင်ရုပ်ရှင်သည် လမ်းပေါ်တွင်လျှောက်သွားနေသော ဆင်းရဲသားကောင်လေးတစ်ဦး၏ အကြောင်းကို ရိုက်ကူးထားသော ရုပ်ရှင်ဖြစ်ပြီး သူသည် ထိုသို့လှည့်ပတ်သွားလာနေစဉ် ရှေးဟောင်းမီးခွက်တစ်ခုကို ကောက်ရခဲ့ရာ မီးခွက်ကိုပွတ်တိုက်လိုက်သောအခါ အထဲမှ မီးခွက်စောင့်နတ်တစ်ပါးထွက်လာခဲ့သည်။ မီးခွက်စောင့်နတ်သည် နှစ်ပေါင်းများစွာ မီးခွက်အတွင်း ပိတ်မိနေရာမှ အာလာဒင်ကြောင့်လွတ်မြောက်လာခဲ့ရ၍ ကျေးဇူးဆပ်ရန် ဆုသုံးခု တောင်းခွင့်ပြုခဲ့ကာ ဆုတောင်းများကို ဖြည့်ပေးခဲ့သည်။ ရုပ်ရှင်သစ်တွင် အာလာဒင်က ဂျင်းနီကို မီးခွက် စောင့်ရှောက်နေရသည့် ကျွန်ဘဝမှ ထာဝရ လွတ်မြောက်အောင်ကူညီခဲ့ပုံတို့ကိုပါ ထည့်သွင်းဇာတ်လမ်းဆင်ကာ ရိုက်ကူးထားသည်။

**အေးပြည့်**




## အီတလီက ပရိသတ်တွေအားပေးမှုရခဲ့တဲ့ ဂျပန်အဆိုတော် ကီရာပန်မ်ပျူ



ဂျပန်ပေါ့ပ်အဆိုတော် ဖက်ရှင်မော်ဒယ်လ် ကီရာပန်မ်ပျူသည် အီတလီနိုင်ငံ မီလန်မြို့၌ ပြုလုပ်လျက်ရှိသည့် နိုင်ငံတကာကုန်စည်ပြပွဲတွင် ပြီးခဲ့သည့် စနေနေ့က သွားရောက်ဖျော်ဖြေတင်ဆက်ခဲ့ရာ ပရိသတ်များ၏ အားပေးနှစ်သက်မှုကို ရရှိခဲ့ကြောင်းသိရသည်။

အဆိုပါပွဲတွင်ကီရာသည် တေးသီချင်းများသီဆိုပြီးနောက် အီတလီဘာသာစကားဖြင့်ကျေးဇူးတင်ကြောင်းပြောဆိုခဲ့ရာ ပရိသတ်များလွန်စွာသဘောကျခဲ့သည်ဟုဆိုသည်။ ယင်းနောက်ကီရာက သူ၏တစ်ကိုယ်တော်တေးစီးရီးအယ်လ်ဘမ်အတွက် အီတလီနိုင်ငံသို့ ထပ်မံလာရောက်မည်ဖြစ်ကြောင်းပြောသည်။

ကုန်စည်ပြပွဲသို့လာရောက်လာသူ (၂၅) နှစ်အရွယ်အမျိုးသမီးတစ်ဦးက "ဂျပန်အဆိုတော်ကီရာကို အားပေးဖို့ရောက်လာတာပါ။ သူက ချစ်စရာကောင်းတယ်။ သူသီချင်းဆိုတာကို အပြင်မှာကြည့်ချင်ခဲ့တာပါ" ဟု ပြောသည်။

**ပန်းသော်တာ**

## ရုပ်မြင်သံကြားအစီအစဉ်များ

၁၇ - ၇ -၂၀၁၅ (သောကြာနေ့)

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ် တေးအရသာ ဂီတရိပ်သာ (အပိုင်း-၉၇)
၆း၂၅ ပြည်သူ့နီတိ "အလင်းရောင်"
၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၆၅)
၇း၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ဂုဏ်ရည်မတူတဲ့အချစ်" (အပိုင်း-၁၃)
၈း၃၀ မြန်မာဗီဒီယိုဇာတ်လမ်း "ရင်ဘတ်ခြင်းအငြိ"(ဇာတ်သိမ်း) (ပြေတီဦး၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ကျော်ဇောလင်း)
၉း၃၅ ASEAN CULTURAL FAIER (2014)
၉း၄၀ မြန်မာဗီဒီယိုဇာတ်လမ်း "ပန်းသုံးပွင့်၏ချစ်အိပ်မက်" (ရဲအောင်၊ ပြေတီဦး၊ မို့မို့မြင့်အောင်၊ စိုးမြတ်သူဇာ၊ ထွန်းအိန္ဒြာဗို) (ဒါရိုက်တာ-ကိုဇော် (အရဏ်ဦး))
၁၂း၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့ (၆)နာရီစာ (၄) ကြိမ်ပြသပါမည်။**

**ညနေ**
**၃း၅၀** MYANMAR NATIONAL LEAGUE (2015) (Hantharwady United FC Vs Yangon United FC)

### မြဝတီ

၆း၀၃ တရားတော်
၆း၁၅ မေတ္တာပို့
၆း၂၀ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၅ မျိုးချစ်တပ်မတော်
၇း၂၀ မြန်မာပြည်တွင်ထုတ်လုပ်သည့်
၈း၁၀ စိုက်ပျိုးသုတ
၈း၂၅ DVD Hits
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၉း၂၀ သူနှင့်သူ၏သီချင်းများ
၄း၄၀ ဇာတ်လမ်းတို
၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၀ လည်မယ် . . . စားမယ်ကမ္ဘာတစ်ခွင်ဝယ်
၆း၃၀ " ရွှာ" ဟာသဇာတ်လမ်းတွဲ အပိုင်း(၃၀၉) ဒါရိုက်တာ-မိုးဇော်ကို
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဆူးခင်းလမ်းရဲ့ချစ်ပန်းနှင်းဆီ အပိုင်း(၅၇)
- VOA အင်္ဂလိပ်စာသင်ခန်းစာ
- သံစဉ်များနှင့်ကမ္ဘာ
- ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- Lucky Door

### MRTV - 4

၅း၀၀ ပဌာန်းပါဠိတော်၊ အာဋ္ဌာနာဋိယသုတ်
၈း၄၀ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
၉း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၂၅)
၉း၄၅ PUN HLAING SILOAM HOSPITALS
၁၀း၅၀ အနုပညာမိုးကောင်းကင်
၁၁း၁၅ Food & Decor
၁၁း၅၀ MRTV-4 Stage
၁၂း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၈)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဟာသကျေးရွာ"
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၇၃)
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ ပန်းလိပ်ပြာ" (အပိုင်း-၇၄)
၈း၂၀ ရသစုံညွှန်းတမ်းများ
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရာင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၂၆)
၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၉)
၁၀း၂၀ Movie Talk [ဂီတလောကမှ ရုပ်ရှင်လောကသို့ ကူးပြောင်းလာသောပညာရှင်များ] (အပိုင်း-၂)
၃း၄၀ ရေဆန်စီးတဲ့မြစ်

### mitv

- Pa O in the Union
- A Tea Business: Pankwan (Part-2)
- Gold: King Of All Metals
- Wedding Planner "U Cho Gyi"
- Myanmar Traditional Instruments - Myanma Harp (Episode-1)
- Wholesale Fish
- A bike ride in pursuit of Mural Art (Episode-1)
- Visiting A Serence Village In The Northwest Of Myanmar
- Moyingyi Wildlife Sanctuary
- A Day Trip To Thanlyin
- Parents' Day
- A Glance At A Naga Family Life
- Pyin Oo Lwin Sweater
- Distinguished Myanmar Lady "Kyin Po"
- History And Mystery Behind The Caves
- Porcelain and Glass
- An Oasis Trip to Mt.Popa
- Yangon Markets: Nyaung Pin Lay Market
- Myanma Pottery
- Beach Food Delivery
- Mesmerizing Scenes or Image of Japan Part (2)
- Hip-Hop and Design



# ကိုလံဘီယာကြယ်ပွင့် ဂျက်ဆင်မာတီနက်ဇ်အား အက်သလက်တီကိုမက်ဒရစ်အသင်း ခေါ်ယူ

စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းသည် ပေါ်တိုအသင်းမှ ကိုလံဘီယာကြယ်ပွင့် ဂျက်ဆင်မာတီနက်ဇ်အား စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းသည် ဂျက်ဆင်မာတီနက်ဇ်အား ခေါ်ယူမှုအဖြစ် ပြောင်းရွှေ့ကြေး ယူရို ၃၅ သန်းပေးမည်ဖြစ်ပြီး လေးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုမည်ဖြစ်ကြောင်းလည်း သိရသည်။ အက်သလက်တီကိုမက်ဒရစ်အသင်းသည် တိုက်စစ်မှူး မန်ဇူကစ်အား အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသို့ ရောင်းချခဲ့ပြီးနောက် အသက်(၂၈)နှစ်အရွယ်ရှိ ဂျက်ဆင်မာတီနက်ဇ်အား အစားထိုးကစားသမားအဖြစ် ပြန်လည်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ကိုလံဘီယာတိုက်စစ်မှူး ဂျက်ဆင်မာတီနက်ဇ်သည် ပေါ်တူဂီကလပ် ပေါ်တိုအသင်းတွင် သုံးနှစ်ဆက်တိုက် အကောင်းဆုံးခြေစွမ်းပြကစားခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ပေါ်တိုအသင်းနှင့်အတူ ပြိုင်ပွဲအရပ်ရပ်၌ ပွဲပေါင်း ၄၂ ပွဲပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ၃၂ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဂျက်ဆင်မာတီနက်ဇ်သည် ပေါ်တိုအသင်းတွင် ထိပ်တန်းအဆင့်ရှိကစားသမားတစ်ဦးအဖြစ် ရပ်တည်ခဲ့ခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းအနေဖြင့် ချန်ပီယံလိဂ် ကဲ့သို့သော အရေးပါသည့်ပြိုင်ပွဲများတွင် ဂျက်ဆင်မာတီနက်ဇ်အား တောက်ပသည့်ကြယ်ပွင့်ကစားသမားတစ်ဦးအဖြစ် အသုံးပြုသွားနိုင်ရေးအတွက် စပိန်မြေအရောက် ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

**ငွေကြယ်**

# ရာမို့စ်အား ပေါင် ၃၅ သန်းဖြင့် ကမ်းလှမ်းမှုကို လက်ခံရန် မန်ယူပြောကြား



ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် ရီးယဲလ်မက်ဒရစ်နောက်တန်းကစားသမား ရာမို့စ် အား နောက်ဆုံး အနေဖြင့် ပြောင်းရွှေ့ကြေး ပေါင် ၃၅ သန်းဖြင့် ကမ်းလှမ်းထားပြီး အဆိုပါ ကမ်းလှမ်းမှုကို ရီးယဲလ်မက်ဒရစ် အနေဖြင့် လက်ခံပေးရန် ပြောကြားခဲ့ကြောင်းသိရသည်။

မန်ယူအသင်း၏ နောက်ဆုံးကမ်းလှမ်းမှုကို ရီးယဲလ်မက်ဒရစ်အသင်း လက်ခံခဲ့ပါက မန်ယူအသင်းအနေဖြင့် ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူလိုသည့် မန်ယူဂိုးသမား ဒီဂီယာ၏ အပြောင်းအရွှေ့အတွက် ပေါင် ၂၅ သန်းအထိ လျှော့ချစဉ်းစားပေးသွားမည်ဖြစ်ကြောင်းလည်း မန်ယူအသင်းက ပြောကြားခဲ့သည်။

သို့ရာတွင် ရီးယဲလ်မက်ဒရစ်အသင်းသည် ဂိုးသမားဒီဂီယာအား ဘာနေဗျူးသို့ ဈေးနှုန်းချိုသာစွာဖြင့် ခေါ်ယူလိုသော်လည်း မန်ယူအသင်းက ခေါ်ယူရန်ဆန္ဒရှိနေသည့် နောက်တန်းကစားသမား ရာမို့စ်ကိုမူ မန်ယူအသင်းသို့ ရောင်းချမည်မဟုတ်ကြောင်း ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဌ ဖလော်ရန်တီပီရက်ဇ်က ပြောကြားခဲ့သည်။

ဂိုးသမားဒီဂီယာသည် လက်ရှိတွင် မန်ယူအသင်းနှင့်အတူ ရာသီအကြိုပွဲစဉ်များတွင် ပါဝင်ကစားလျက်ရှိနေသော်လည်း မန်ယူအသင်းနှင့် ကာလရှည်စာချုပ်တစ်ရပ်ချုပ်ဆိုရန် ဆန္ဒမရှိဘဲ ရီးယဲလ်မက်ဒရစ်အသင်းနှင့် သဘောတူညီမှုရရှိထားကြောင်း စပိန်သတင်းဌာနများက သတင်းများဖော်ပြခဲ့သည့်အပြင် ဒီဂီယာကိုယ်တိုင်ကလည်း ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေကြောင်း သိရသည်။

ထို့ကြောင့် မန်ယူအသင်းအမှုဆောင်အရာရှိချုပ် အက်ဒ်ဝုဒ်ဝက်ဒ်အနေဖြင့် ဒီဂီယာကို ဆုံးရှုံးရမည်နှင့် ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဌ ဖလော်ရန်တီနိုပီရက်ဇ်က ရာမို့စ်အား ပေါင် ၄၅ သန်းရရှိမှ ရောင်းချရန်ဆုံးဖြတ်လာမည်တို့ကို စိုးရိမ်နေကြောင်းသိရသည်။

**အလင်းသစ်**

# ဗီဒယ်အား ခေါ်ယူရန် ဂျူဗင်တပ်နှင့် ဘိုင်ယန်မြူးနစ် ဆွေးနွေးလျက်ရှိ

ဂျာမန်ဘွန်ဒက်လီဂါချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းသည် ကွင်းလယ်ကစားသမား ရှဝိန်းစတိုင်ဂါနေရာတွင် အစားထိုးကစားသမားအဖြစ် ကွင်းလယ်ကစားသမား ဗီဒယ်အား ခေါ်ယူရန် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းနှင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ကွင်းလယ်ကစားသမား ရှဝိန်းစတိုင်ဂါ မန်ယူအသင်း သို့ ပြောင်းရွှေ့သွားခဲ့ပြီးနောက် ဘွန်ဒက်လီဂါချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းအတွက် ကွင်းလယ်ပိုင်းကို မဖြစ်မနေအားဖြည့်ရန် လိုအပ်လာခဲ့ကြောင်း နည်းပြဂွါဒီယိုလာက ပြောကြားခဲ့ပြီး ကွင်းလယ်ကစားသမားဗီဒယ်ကို ခေါ်ယူရန် မျက်စိကျနေခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဗီဒယ်သည် ၂၀၁၁ ခုနှစ်က လေဗာကူဆင်အသင်းမှ ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့လာခဲ့ချိန်မှစ၍ ဂျူဗင်တပ်အသင်းအတွက် အကောင်းဆုံးကစားပေးနိုင်ခဲ့သည်။

အဆိုပါကစားသမား၏ အပြောင်းအရွှေ့နှင့် စပ်လျဉ်း၍ ဘိုင်ယန်မြူးနစ်အသင်းနှင့် ဂျူဗင်တပ်အသင်းတို့ ဆွေးနွေးမှုများပြုလုပ်လျက်ရှိရာ ဂျူဗင်တပ်အသင်းက ပြောင်းရွှေ့ကြေး ယူရိုသန်း ၄၀ တောင်းဆိုထားကြောင်း သိရသည်။

ဗီဒယ်၏ ဂျူဗင်တပ်အသင်းနှင့် စာချုပ်သက်တမ်း သည် ၂၀၁၇ ခုနှစ်ရောက်မှ ကုန်ဆုံးမည်ဖြစ်သော်လည်း ဘိုင်ယန်မြူးနစ်အသင်းသည် ဗီဒယ်အားခေါ်ယူနိုင်ရေး သဘောတူညီမှုရရှိရန် နီးစပ်နေပြီဖြစ်ကြောင်းလည်း သိရသည်။

ကွင်းလယ်ကစားသမား ဗီဒယ်သည် ဂျူဗင်တပ်အသင်းသို့ ရောက်ရှိလာခဲ့ပြီးနောက် ဂျူဗင်တပ်အသင်းနှင့်အတူ အီတလီစီးရီးအေဖလား လေးကြိမ်ရယူဆွတ်ခူးပေးနိုင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘောလုံးရာသီကလည်း ချန်ပီယံလိဂ်ဖလားပြိုင်ပွဲတွင် နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

**ငွေကြယ်**







# မန်ယူကို ဆုဖလားတွေရယူပေးဖို့ ပြောင်းခဲ့တာပါဆိုတဲ့ ရှဝိန်းစတိုင်ဂါ

ဂျာမနီအသင်းရဲ့ အားထားရတဲ့ ကစားသမားတစ်ဦးဖြစ်တဲ့ ရှဝိန်းစတိုင်ဂါဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ဘွန်ဒက်လီဂါဖလား ရှစ်ကြိမ်၊ ဂျာမန်ပိုကယ်ဖလားခုနစ်ကြိမ်နဲ့ ချန်ပီယံလိဂ်ဖလားတစ်ကြိမ်တို့ကို ဆွတ်ခူးပေးနိုင်ခဲ့ပေမယ့် သူ့ရဲ့ဆုဖလားရယူပေးလိုတဲ့ ဆန္ဒကတော့ ပျောက်ပျက်သွားမှာမဟုတ်တဲ့အပြင် မန်ယူကို ပြောင်းရွှေ့လာခဲ့တာဟာလည်း မန်ယူအသင်းအတွက် ဆုဖလားတွေရယူပေးဖို့ ဆန္ဒတစ်ခုတည်းနဲ့ ပြောင်းလာတာဖြစ်ကြောင်း ရှဝိန်းစတိုင်က သူ့ရဲ့ခံယူချက်ကို ဖွင့်ဟပြောကြားလိုက်ပါတယ်။

ဂျာမနီကြယ်ပွင့် ရှဝိန်းစတိုင်ဂါဟာ ဘိုင်ယန်မြူးနစ်အသင်းမှာ ၁၇ နှစ်ကြာကစားပေးခဲ့ပြီးတဲ့နောက် အခုနွေရာသီအပြောင်းအရွှေ့ ကာလမှာတော့ နည်းပြဗန်ဟားလ်ရဲ့ မန်ယူအသင်းဆီသို့ ဦးတည်လျှောက်လှမ်းလာခဲ့ပါပြီ။ ရှဝိန်းစတိုင်ဂါနဲ့အတူ ဆောက်သမ်တန်ကွင်းလယ်ကစားသမား ရှနိုက်ဒါလင်လည်း မန်ယူကို ရောက်ရှိလာခဲ့ပါတယ်။

"မန်ယူအသင်းမှာ ကစားရမှာမို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ မန်ယူအသင်းကို ပြောင်းလာတယ်ဆိုတာကလည်း ကျွန်တော့်ဘဝရဲ့ ခြေလှမ်းသစ်တစ်ခုကို စတင်ခြင်းလို့ ကျွန်တော့်အနေနဲ့ ခံယူထားသလို မန်ယူအသင်းအတွက်လည်း ဆုဖလားတွေရယူပေးသွားဖို့ ဆန္ဒရှိနေပါတယ်"ဟု ရှဝိန်းစတိုင်ဂါက ပြောကြားခဲ့ပါ တယ်။

မန်ယူအသင်းဟာ အခုနွေရာသီဈေးကွက်မှာ ရှဝိန်းစတိုင်ဂါ၊ ရှနိုက်ဒါလင်၊ ဒီပေး၊ ဒါမိန်းစတဲ့ကစားသမားလေးဦးကို ခေါ်ယူထားခဲ့တာဖြစ်ပြီး အခုလို ကစားသမားကောင်းတွေကို ခေါ်ယူနိုင်ခဲ့တာမို့ စိတ်ကျေနပ်စရာကောင်းတဲ့ အပြောင်းအရွှေ့ဈေးကွက်လို့တောင် နည်းပြဗန်ဟားလ်က ဆိုခဲ့ပါသေးတယ်။

ဒါ့အပြင် ကစားသမားသစ်တွေနဲ့ ရာသီအကြိုပွဲစဉ်တွေမှာ အကောင်းဆုံးပြင်ဆင်နိုင်မှာဖြစ်သလို အခုနှစ်ဟာ ပြီးခဲ့တဲ့နှစ်ထက် ရလဒ်ပိုင်းပိုကောင်းမယ့်နှစ်လို့လည်း မန်ယူအသင်းနည်းပြ ဗန်ဟားလ်က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

**နိုင်လင်းကြည်**

### ❖ကမ္ဘာ့တန်ဖိုးအကြီးဆုံးမှ

ရီးယဲလ်မက်ဒရစ်အသင်းသည် ပေါင် ၂ ဒသမ ၀၈ ဘီလီယံဖြင့် ထိပ်ဆုံးတွင် ရပ်တည်လျက်ရှိပြီး အမေရိကန်ဘောလုံးအသင်းဖြစ်သည့် ကောင်းဘွိုင်နှင့် နယူးယောက်ယန်ကီးစ်ဘေ့စ်ဘောအသင်းတို့သည် ပေါင် ၂ ဒသမ ၀၄ ဘီလီယံဖြင့် ဒုတိယနေရာနှင့် တတိယနေရာတို့တွင် အသီးသီးရပ်တည်လျက်ရှိသည်။

စတုတ္ထနေရာတွင် ရီးယဲလ်မက်ဒရစ်အသင်း၏ လာလီဂါပြိုင်ဘက် ဘာစီလိုနာအသင်းက ပေါင် ၂ ဒသမ ၀၂ ဘီလီယံဖြင့် ရပ်တည်နေပြီး ၎င်းနောက်တွင် ပရီမီယာလိဂ်ကလပ် မန်ယူအသင်းက ပေါင် ၁ ဒသမ ၈၉ ဘီလီယံ ဖြင့် ပဉ္စမနေရာတွင် ရပ်တည်လျက်ရှိသည်။ မန်ယူအသင်းသည် ယခင်ကမ္ဘာ့တန်ဖိုးအကြီးဆုံးအားကစားအသင်း များစာရင်းတွင် တတိယနေရာ၌ ရပ်တည်ခဲ့သော်လည်း ယခုနှစ်တွင် ပဉ္စမနေရာသို့ ဆင်းသွားခဲ့ကြောင်း သိရသည်။

ကမ္ဘာ့တန်ဖိုးအကြီးဆုံးအားကစားအသင်းများစာရင်း၏အဆင့်(၁၀)အတွင်း ရပ်တည်နိုင်ခဲ့သည့် အားကစားအသင်းများမှာ ဘတ်စကက်ဘောအသင်းများဖြစ်သည့် လော့အိန်ဂျလိစ်လိတ်ကာနှင့် နယူးယောက်နစ်ခ်၊ အမေရိကန် ဘောလုံးအသင်းများဖြစ်သည့် နယူးအင်္ဂလန်ပက်ထရီးရော့နှင့် ဝါရှင်တန်ရက်စကင်း၊ ဘေ့စ်ဘောအသင်းဖြစ်သည့် လော့အိန်ဂျလိစ်ဒေါ့ဂျာတို့ဖြစ်ကြသည်။

အခြားသော ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်ကြသည့် မန်စီးတီးအသင်းသည် ပေါင်သန်း ၈၉၀ ဖြင့် အဆင့် (၂၉)၊ ချယ်လ်ဆီးအသင်းသည် ပေါင် ၈၇၇ သန်းဖြင့် အဆင့်(၃၀)နှင့် အာဆင်နယ်အသင်းသည် ပေါင် ၈၃၉ သန်းဖြင့် အဆင့်(၃၆) စသည်ဖြင့် အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။ **ငွေကြယ်**

## ဘောလုံးလောကသတင်းတိုများ

- ☆ ကွင်းလယ်ကစားသမား မက်ကာသီအား မန်စီးတီးအသင်းသို့ ရောင်းချသွားမည်မဟုတ်ကြောင်း အဲဗာတန်အသင်း နည်းပြ ရောဘတ်တိုမာတီနက်ဇ်က ပြောကြားခဲ့သည်။
- ☆ ဆန်းဒါးလန်းအသင်းသည် စပါးအသင်း နောက်တန်းကစားသမား ကာဘူးလ်အား ခေါ်ယူစာချုပ်ရန် ဆန္ဒရှိနေကြောင်း သိရသည်။
- ☆ ကွင်းလယ်ကစားသမား ဝီလ်ရှိုင်းယားသည် အာဆင်နယ်အသင်းတွင် ပုံမှန်ကစားရမည့်နေရာ အတိအကျသိရှိနိုင်ရေးအတွက် နည်းပြအာစင်ဝင်းဂါးနှင့် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၆**

မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၉ ရက်က မြိတ်မြို့ ကန်ဖျားလမ်းမကြီးရှိ မူကြိုကျောင်းရှေ့တွင် မင်းထိုက်စိုးမောင်းနှင်လာသော ဆိုင်ကယ်ကိုရှာဖွေရာ အရိုးအသွား ၁၁ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းနှင့် အရိုးအသွား ၂၆ လက်မခန့်ရှိ ဓားရှည်တစ်ချောင်းတို့ကို တွေ့ရှိသိမ်းဆည်းခဲ့ပြီး မြိတ်မြို့နယ် မြိတ်ထောင်ကျေးရွာ အင်းလေးမြိုင်(၂)ရပ်ကွက် ကြာညိုလမ်း ပဒုမ္မာ(၁)လမ်းသွယ်ရှိ ၎င်း၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၇၄ ပြား သိမ်းဆည်းရမိခဲ့သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း ရွှေလီစစ်ဆင်ရေး(၂)စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၁ ရက်က မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်၊ မူးယစ်တပ်ဖွဲ့စု(၁၀၂)နေပြည်တော်နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းကျေးရွာအဝင် နမ့်ခမ်း-မူဆယ်ကားလမ်းပေါ်တွင် နမ့်ခမ်းမြို့မှ နမ့်စန်ဂိုဒေါင်ကျေးရွာသို့ မုန်ထွယ်မောင်းနှင်သည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၃၀၀ သိမ်းဆည်းရမိခဲ့သည်။ **(ကြေးမုံ)**

# ကျောက်မဲမြို့နယ်တွင် ဆူဒိုအက်ဖီဒရင်းဆေးပြားနှင့် ဆေးပြားအကြေမှုန့်များ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ



**နေပြည်တော် ဇူလိုင် ၁၆**

ကျောက်မဲမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကျောက်မဲမြို့နယ် ချောင်းချောက်ကျေးရွာ ဘုန်းကြီးကျောင်း ဝင်းအတွင်း ဇူလိုင် ၁၃ ရက်က မသင်္ကာဖွယ်အထုပ်များတွေ့ရှိ၍ ကျောက်မဲမြို့မရဲစခန်းသို့ သယ်ဆောင်၍ ဖွင့်ဖောက်စစ်ဆေးရာ ဆာလာအိတ် ၁၅ အိတ်အတွင်းမှ ဆူဒိုအက်ဖီဒရင်း အာနိသင်ပါဆေးပြား ၅၃ ဒသမ ၁၂၅ သိန်း၊ (အလေးချိန် ၅၃၁ ဒသမ ၂၅) ကီလို၊ ဆူဒိုအက်ဖီဒရင်း အာနိသင်ပါ ဆေးပြားအကြေမှုန့် အလေး ချိန် ၁၅၁ ဒသမ ၂၅ ကီလို စုစုပေါင်း ဆူဒိုအက်ဖီဒရင်း အာနိသင်ပါဆေးပြားနှင့် ဆေးပြားအကြေမှုန့် အလေးချိန် ၆၈၂ ဒသမ ၅ ကီလိုတို့ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသဖြင့် ကျောက်မဲမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ပျောက်ဆုံးဆိုင်ကယ်အစီး ၃၀ ကျော်နှင့်အတူ ခိုးယူသူအား ဖမ်းဆီးရမိ

**မန္တလေး ဇူလိုင် ၁၆**

မန္တလေးမြို့ပေါ်နေရာအသီးသီးမှ ခိုးယူခဲ့သော ဆိုင်ကယ်အစီး ၃၀ ကျော်နှင့်အတူ ခိုးယူခဲ့သူအား ဇူလိုင်ပထမပတ်က ဖမ်းဆီးရမိကြောင်း သိရသည်။

မန္တလေးမြို့ပေါ်တွင် မှုခင်းကျဆင်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဇူလိုင် ပထမပတ်က မှုခင်းအကူဌာနစိတ်မှ ရဲအုပ်ရဲမြင့်ဦးစီး၍ ဒုရဲအုပ်စိုးစိုး၊ ဒုရဲအုပ်ဖြိုးမင်းသောင်းနှင့်တပ်ဖွဲ့ဝင်များက မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်နေ သန်းဇော်ထွေး(ခ)သန်းကြီး(ခ) ပုတ်သင်ညို(ခ)သူရိန်အား စစ်မေးခဲ့ရာ မန္တလေးမြို့ပေါ်နေရာအသီးသီးမှ ဆိုင်ကယ်များအား ခိုးယူခဲ့ခြင်းဖြစ်သည်။ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူများက သက်ဆိုင်ရာနယ်မြေရဲစခန်းများတွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆိုင်ကယ်ပျောက်ဆုံးသူများအနေဖြင့် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနသို့ ဆိုင်ကယ်နှင့်ပတ်သက်သော စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်စုံစမ်းနိုင်ကြောင်းသိရသည်။

**(၀၀၂)**

# ကြည့်မြင်တိုင်တွင် ယာဉ်စစ်ဆေးစဉ် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ရန်ကုန် ဇူလိုင် ၁၆**

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးပြည်စိုးနှင့်အဖွဲ့သည် ဇူလိုင် ၁၅ ရက် ည ၁၁ နာရီ ၁၅ မိနစ်ခန့်က ကြည့်မြင်တိုင်မြို့နယ် အိုးဘိုရပ်ကွက် အမက(၆)ကျောင်းရှေ့ အထက်ကြည့်မြင်တိုင်လမ်းတွင် ယာဉ်စစ်ဆေးမှုများဆောင်ရွက်စဉ် ဦးသူရဇော်(၃၄)နှစ် အင်းပေါက်စုကျေးရွာ အုန်းခြံရပ်ကွက် ရွှေပြည်သာမြို့နယ်နေသူ မောင်းနှင်လာသော DD/---- အငှားယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်ပါခရီးသည် ကျော်သူရ(ခ)ပန်းသီး(၂၃)နှစ် အထည်ချုပ်လုပ်သား အင်းပေါက်စုရပ်ကွက် ရွှေပြည်သာမြို့နယ်နေသူနှင့် ချစ်ဖြိုးဦး(ခ)ကိုဖြိုး(၂၂)နှစ် သာယာကုန်းလမ်း (၂)ရပ်ကွက် ပုဇွန်တောင်မြို့နယ် နေသူတို့အားတွေ့ရှိပြီး ကျော်သူရ၏ဘောင်းဘီအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား လေးပြား (၀ ဒသမ ၄ ဂရမ်)၊ သုံးစွဲလက်စ ခဲပြားစက္ကူ နှစ်ခု၊ ဆင်းကတ်ပါလက်ကိုင်ဖုန်း တစ်လုံး၊ ငွေကျပ် ၄၀၀၀၊ ချစ်ဖြိုးဦး(ခ)ကိုဖြိုးထံမှ ဆင်းကတ်ပါလက်ကိုင်ဖုန်း တစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းခဲ့သည်။

ယင်းသိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများမှာ ရွှေပြည်သာမြို့နယ် အင်းပေါက်စုရပ်ကွက်နေ သော်သော်(စိစစ်ဆဲ)ထံမှ လမ်းတွင် အရောင်းအဝယ်ပြုလုပ်ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ကျန်ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး အနောက်ပိုင်းမူးယစ်အထူးတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

# ပုသိမ်-မုံရွာကားလမ်းတွင် ယာဉ်တိမ်းမှောက်၊ ဒဏ်ရာများရရှိ

**ငဖဲ ဇူလိုင် ၁၆**

ငဖဲမြို့နယ် ပုသိမ်-မုံရွာကားလမ်းတွင် ဇူလိုင် ၁၅ရက်က ယာဉ်တစ်စီး တိမ်းမှောက်ခဲ့ပြီး ယာဉ်ပေါ်လိုက်ပါလာသူများ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၅ ရက် ညနေပိုင်းက တင်အောင်လင်း(၄၄)နှစ် ကမ္ဘမြို့ ပခုက္ကူမြို့နေသူ မောင်းနှင်ပြီး ၎င်း၏ ဇနီး ဒေါ်မေမောင်မောင်(၄၂)နှစ်၊ သမီး မရွှေလင်းဝတီမောင်နှင့် အဒေါ် ဒေါ်မြဝေ ပုသိမ်မြို့နေသူတို့ လိုက်ပါလာသည့် SURF ယာဉ်သည် ပြည်မြို့မှ ပဒါန်းကျေးရွာသို့ မောင်းနှင်လာစဉ် ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ်(၂၆၁) ရင်းရှည်ရွာဆည်လမ်းခွဲအနီးတွင် ဘရိတ်အုပ်ရာမှ လမ်း၏ယာဘက်သို့ တိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ လေးဦးတွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအား ငဖဲမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**(ကျော်ဇေယျ)**

**တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ**




# နှစ်လုံးထီလောင်းကစားပြုလုပ်သူများအား အရေးယူ

**နေပြည်တော် ဇူလိုင် ၁၆**

အောင်မြေသာစံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အောင်မြေသာစံရပ်ကွက်နေ စိုးနိုင်ထွန်း(၂၉)နှစ်၏နေအိမ်ကို ရှာဖွေရာ စိုးနိုင်ထွန်းအား နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေး ငွေကျပ် ၅၅၀၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ သာစည်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ယင်းနေ့မွန်းတည့် ၁၂ နာရီက မန္တလေးတိုင်းဒေသကြီး သာစည်မြို့ အမှတ်(၂)ရပ်ကွက်နေ မတင်နွယ်အေး(၄၆)နှစ်၏နေအိမ်ကို ရှာဖွေရာ မတင်နွယ်အေးအား နှစ်လုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၂၉၄၅၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် သာစည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**




## ရုံးအဆောက်အအုံဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အရှေ့ပိုင်းခရိုင်စာရင်းစစ်ရုံးအတွက် အောက်ဖော်ပြပါရုံးအဆောက်အအုံအား ရေ/မီး အပြည့်အစုံ၊ ခြံစည်းရိုး၊ အလံတိုင်အပါအဝင် ဗိသုကာပုံစံနှင့်အညီ ဆောက်လုပ်လိုပါသည်။

| အဆောက်အအုံအတိုင်းအတာ | တည်နေရာ |
|---|---|
| - အလျား ၄၀'×အနံ ၃၀' RC(၂)ထပ်အဆောက်အအုံ | သင်္ဃန်းကျွန်းမြို့နယ် င/ခ |
| - လျှပ်စစ်(အတွင်း/အပြင်)နှင့်ရေသန့်လုပ်ငန်း (အဝီစိတွင်းနှင့်ရေစင်/ရေသိုလှောင်ရန်စတီးတိုင်ကီ (ဂါလန် ၂၀၀ဆံ့အပါအဝင်) | ရပ်ကွက်၊ ပန်တျာလမ်းရှိ မြေတိုင်းရပ်ကွက်အမှတ်-၄၄၊ မြေကွက်အမှတ်၂/င-၃ |
| - အလျား၁၂၀ပေ/၉၀ပေ၊၁၀ပေ×အနံ၈၀ပေ×အမြင့်၈ပေ ခြံစည်းရိုး (အုတ်ဖိနပ်၊ ကွန်ကရစ်တိုင်၊ ချိန်းလင့်သံဆူးကြိုး(၃)တန်းပါ) | |

၂။ အထက်ပါလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ၁၆-၇-၂၀၁၅ရက်မှ ၂၃-၇-၂၀၁၅ရက်ထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီထိ ရုံးဖွင့်ရက်များအတွင်း ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ အောက်ကြည့်မြင့်တိုင်လမ်း၊ အမှတ်(၃၅/၈၇)တွင် အိတ်ဖွင့်တင်ဒါတစ်စောင်လျှင် ကျပ်၅၀၀၀/-နှုန်းဖြင့် လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၄-၇-၂၀၁၅ရက် ၁၃နာရီမှ ၁၄နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီး၊ စာရင်းစစ်ချုပ်ရုံးရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါတင်သွင်းလွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ တယ်လီဖုန်းအမှတ် ၀၁-၂၂၁၃၂၉၊ ၀၁-၂၁၂၅၁၆ သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**
**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၀။)**
**၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်**
**( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင် စေရမည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)၊ ပုဒ်မခွဲငယ် (၂) ကို ပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)၊ ပုဒ်မခွဲငယ် (၁)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)၊ ပုဒ်မခွဲငယ် (၁)တွင် ပါရှိသော "နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ" ဆိုသည့် စကားရပ်ဖြင့် အစားထိုး၍ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ် (၂) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ အခန်း (၄) ၏ နောက်တွင် အခန်း(၅)၊ အခန်း(၆) နှင့် အခန်း (၇) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**အခန်း(၅)**
**ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းခြင်း၊ ခန့်အပ်တာဝန်ပေးခြင်းနှင့် အရည်အချင်းများ**

၁၂။ ကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဂ) ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ အောက်ပါ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းရမည်-
(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊
(ခ) ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊
(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊
(ဃ) ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊
(င) မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ။

၁၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ကော်မရှင်က သတ်မှတ်ထားသည့် မူဝါဒနှင့်အညီ မိမိတို့၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းရမည်။

၁၄။ ကော်မရှင်သည် ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဂ) အရ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းရာတွင် အများယုံကြည်လေးစားခြင်းခံရသူ ပုဂ္ဂိုလ်အနည်းဆုံး ၃ ဦးဖြင့် ဖွဲ့စည်းရမည်။ ယင်းအဖွဲ့ဝင်များထဲမှ တစ်ဦးကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရမည်။ သက်ဆိုင်ရာ ရွေးကောက်ပွဲအရာရှိကို အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။ လိုအပ်လျှင် နိုင်ငံ့ဝန်ထမ်းများကို အဖွဲ့ဝင်များအဖြစ် ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၁၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ပုဒ်မ ၁၃ အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းရာတွင် အများယုံကြည်လေးစားခံရသူ ပုဂ္ဂိုလ်အနည်းဆုံး ၃ ဦးဖြင့် ဖွဲ့စည်းရမည်။ ယင်းအဖွဲ့ဝင်များထဲမှ တစ်ဦးကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရမည်။ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုစာရေးသည် ယင်းရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

၁၆။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်များသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် -
(က) အသက် ၄၀ နှစ်ပြည့်ပြီးသူ (ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအတွက် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်။)၊
(ခ) နိုင်ငံသားဖြစ်သူ၊
(ဂ) သိက္ခာသမာဓိနှင့် ပြည့်စုံပြီး အတွေ့အကြုံရင့်ကျက်သူ၊
(ဃ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ၊
(င) သက်ဆိုင်ရာဒေသတွင် အမြဲနေထိုင်ပြီး ဒေသခံပြည်သူများက ယုံကြည်လေးစားသူ၊
(စ) နိုင်ငံရေးပါတီဝင်မဟုတ်သူ၊
(ဆ) လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူ ဖြစ်ရမည့်အပြင် မိမိတာဝန်ကျသည့်ဒေသ/ မြို့နယ်အတွင်း ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ မိသားစုဝင်နှင့် အတူနေ ဆွေမျိုးသားချင်းများမဖြစ်စေရ၊ ကော်မရှင် အဖွဲ့ခွဲဝင် တစ်ဦးဦးသည် ဤအချက်နှင့်ငြိစွန်းပါကနုတ်ထွက်ရမည်။
(ဇ) နိုင်ငံရေးပြစ်မှုဖြင့်သော်လည်းကောင်း၊ အကျင့်စာရိတ္တဆိုင်ရာ ပြစ်မှုဖြင့်သော် လည်းကောင်း တရားရုံး၏ ပြစ်ဒဏ်စီရင်ချက်ကျခံဖူးသူမဖြစ်စေရ။

၁၇။ ပုဒ်မ ၁၆ ပါသတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၂၂ အရ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်များထံမှ အကူအညီ ရယူဆောင်ရွက်နိုင်သည်။

**အခန်း(၆)**
**တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၈။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -
(က) လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်း၊
(ခ) လွှတ်တော်ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း၊
(ဂ) သက်ဆိုင်ရာကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်ကို ကြီးကြပ်ခြင်း၊
(ဃ) မဲစာရင်းများ ပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့် ကြေညာခြင်း၊
(င) ရရှိသည့် ရန်ပုံငွေများကို စနစ်တကျသုံးစွဲခြင်း၊ သုံးစွဲစေခြင်း၊
(စ) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ နိုင်ငံရေးပါတီများကို ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း၊
(ဆ) ရွေးကောက်ပွဲနှင့်သက်ဆိုင်သော စာရင်းဇယားများနှင့် မှတ်တမ်းများကို တိကျစွာ ပြုစုထိန်းသိမ်းခြင်း၊
(ဇ) လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို ဖော်ဆောင်ခြင်း၊
(ဈ) ကော်မရှင်က ထုတ်ပြန်ခွင့်ပြုသော စာရင်းအချက်အလက်များမှတစ်ပါး အခြားကိစ္စများနှင့် စပ်လျဉ်း၍ ပေါက်ကြားခြင်း မရှိစေရန် စောင့်ထိန်းခြင်း၊
(ည) ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦးအတွက် မှန်မှန်ကန်ကန် ဆောင်ရွက်ခြင်း၊ မည်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက်မျှ မဲမဆွယ်ရခြင်း၊ ဘက်မလိုက်ရခြင်း၊
(ဋ) ကော်မရှင်က ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ခြင်း။

၁၉။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောက်ပါတို့ကို လိုက်နာရမည်-
(က) လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များကို တိကျမှန်ကန်စွာ လိုက်နာဆောင်ရွက်ခြင်း၊
(ခ) မိမိတာဝန်ကို ဘက်မလိုက်ဘဲ ဖြောင့်မတ်တည်ကြည်စွာ ထမ်းဆောင်ခြင်း၊
(ဂ) မိမိ၏တာဝန်၊ သိက္ခာနှင့်အညီ ပြောဆိုနေထိုင်ကျင့်ကြံခြင်း၊
(ဃ) ကော်မရှင်က ညွှန်ကြား၍ ဆောင်ရွက်ရသည်မှအပ ပါတီတွင်းကိစ္စများတွင် ဝင်ရောက်စွက်ဖက်မှုမပြုရခြင်း။

**အခန်း(၇)**
**ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ သက်တမ်း**

၂၀။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ သက်တမ်းသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သက်တမ်းနှင့်အညီ ဖြစ်သည်။ သို့ရာတွင် သက်တမ်းကုန်ဆုံးပြီးဖြစ်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက ကော်မရှင်အသစ်တစ်ရပ် ဖွဲ့စည်းပြီးနောက် ယင်းကော်မရှင်က ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းပြီးသည့်အချိန်အထိ မိမိ၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၏ အခန်း (၅) ကို အခန်း (၈) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၅။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၁၂ ကို ပုဒ်မ ၂၁ အဖြစ် အောက်ပါအတိုင်းအစားထိုးရမည် -
"၂၁။ (က) ယခင် ဖွဲ့စည်းထားပြီးဖြစ်သော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တို့သည် ဤပြင်ဆင်သည့်ဥပဒေအရ ဖွဲ့စည်းထားသော ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့် ဖြစ်သည်ဟူ၍ မှတ်ယူရမည်။
(ခ) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ကုန်ကျစရိတ်များ၊ ရွေးကောက်ပွဲ ကျင်းပခြင်းနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို မိမိ၏ဘဏ္ဍာငွေမှ ကျခံသုံးစွဲရန် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဥပဒေတွင် ထည့်သွင်းရေးဆွဲရမည်။
(ဂ) ကော်မရှင်သည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲ ဝင်များအတွက် ထိုက်သင့်သည့် လစဉ်ချီးမြှင့်ငွေနှင့်စရိတ်တို့ကို ရရှိခံစားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။"

၆။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မ ၁၄၊ ပုဒ်မ ၁၅၊ ပုဒ်မ ၁၆၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၈၊ ပုဒ်မ ၁၉ နှင့် ပုဒ်မ ၂၀ တို့ကို ပုဒ်မ ၂၂၊ ပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆၊ ပုဒ်မ ၂၇၊ ပုဒ်မ ၂၈ နှင့် ပုဒ်မ ၂၉ တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---

## လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

**ပူတာအို ဇူလိုင် ၁၆**

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဝန်ထမ်း များ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး ရက်တိုသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီက ပူတာအိုမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးတင့်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ပူတာအိုမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမလောင်ဖုန်ရမ်က သင်တန်းနှင့်ပတ်သက်၍ လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ယင်းသင်တန်းသို့ ပူတာအိုခရိုင်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်မှ လက်ထောက် ဦးစီးမှူးများနှင့် စာရေးဝန်ထမ်းများ သင်တန်းသား ၃၉ ဦးတက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများ၊ မြေလွတ်မြေရိုင်းစီမံခန့်ခွဲရေးဥပဒေ နည်း ဥပဒေများ၊ အမြဲအမိန့် ၁၁၆/၁၂၉/၁၅၀/၁၇၈/၁၈၀/၁၈၅/၁/၉၄၊ မြေတိုင်းတာခြင်းနှင့် မြေပုံရေးဆွဲအသုံးပြုခြင်း၊ စပါးစံကွက်ရိတ်သိမ်းခြင်းနည်းလမ်းများ၊ ရာသီဥတုနှင့် ကောက်ပဲသီးနှံနှစ်ချုပ်စာရင်းပြုစုခြင်း၊ မြန်မာနိုင်ငံ မြေစာရင်းလက်စွဲဥပဒေများမှ လိုအပ်သည်များကို ကောက်နုတ်၍ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးများက ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(iprd)**

## ဒိုက်ဦး၌ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပြသ

**ဒိုက်ဦး ဇူလိုင် ၁၆**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပေါက်တပင်မျိုးသန့်ခြံ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးဆင့်ပွားမျိုးစေ့ထုတ်လုပ်ခြင်း၊ မျိုးသန့်မျိုးပွားစေ့ထုတ်လုပ်ခြင်း၊ နည်းပညာဆွေးနွေးခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးသည့် သရုပ်ပြပွဲအခမ်းအနားကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက ကျင်းပရာ ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသောင်းကြိုင်၊ စက်မှုလယ်ယာဦးစီးအရာရှိ ဦးသိန်းဝင်း၊ ဆည်/မြောင်းဦးစီးအရာရှိ ဦးဇော်မျိုးနိုင်၊ ပေါက်တပင်မျိုးသန့်ခြံတာဝန်ခံ ဒေါ်စန်းစန်းမြိုင်နှင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူလယ်သမားများ တက်ရောက်ကြသည်။



အဆိုပါ အခမ်းအနားကို ပေါင်းပျိုးထောင်မှုနည်းစနစ် ပညာပေးပြသခြင်း၊ ချက်ချင်းနုတ်၊ ချက်ချင်းစိုက် နည်းစနစ်ပညာပေးခြင်း၊ မိဘမျိုးစေ့မှ ဆင့်ပွားမျိုးစေ့ထုတ် စိုက်စနစ်ပညာပေးခြင်း၊ ဆင့်ပွားမျိုးစေ့မှ မျိုးသန့်မျိုးပွား မျိုးစေ့ထုတ် စိုက်စနစ်ပညာပေးခြင်း၊ ကောက်စိုက်စက်ဖြင့် နှစ်ဧက စိုက်ပျိုးပြသခြင်းစသည့် ပြကွက်ငါးကွက် ပြသခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(IPRD)**

**သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်သည် ၁၉၉၉ ခုနှစ်က မန္တလေးနေ့စဉ်သတင်းစာတွင် ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည်ဟူသော ခေါင်းစဉ်ဖြင့် မန္တလေးမြို့ရပ်ကွက် သမိုင်းများ၊ လေးပြင်လေးရပ်ရှိ ရပ်ကွက်ဝင်းများအကြောင်းကို ကွင်းဆင်းသုတေသန ပြုလုပ်ကာ အပတ်စဉ်ဆောင်းပါးများ ရေးသားခဲ့သည်။ တစ်နှစ်ကျော်ခန့် ရေးသားပြီး ၂၀၀၀ ခုနှစ်တွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန မန္တလေးနေ့စဉ် သတင်းစာတိုက်မှ လုံးချင်းစာအုပ်အဖြစ် ရိုက်နှိပ်ခဲ့သည်။ တစ်နှစ်ကျော်အတွင်း အုပ်ရေ ၉၀၀၀ ကုန်သွားသည်။ ယင်းစာအုပ်သည် ၂၀၀၁ ခုနှစ်တွင် အမျိုးသားစာပေဆု (သုတပဒေသာ ဝိဇ္ဇာဘာသာရပ်) ဖြင့် ဆုရွေးချယ်ချီးမြှင့်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ရန်ကုန်မြို့ "မြိုး" စာပေမှ ဒုတိယအကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ထို့နောက် ၂၀၀၉ ခုနှစ်တွင် တစ်ဖန် မန္တလေးမြို့ မင်းမဟော်စာပေတိုက်မှ တတိယအကြိမ် အုပ်ရေ ၁၀၀၀ ရိုက်နှိပ်ထုတ်ဝေခဲ့သည်။**

**ဆရာနတ်မောက်ထွန်းရှိန်သည် သတင်းစာဆောင်းပါးများနှင့် အကျိုးပေးသည်ဟု ဆိုရပေမည်။ ၂၀၁၀ ခုနှစ်တွင် ရတနာပုံမန္တလေးနိပါတ်ပန်းချီကျော်များနှင့် ဗုဒ္ဓဝင်ပညာပေးမြန်မာ့နိပါတ်ပန်းချီလက်ရာများ ဆောင်းပါးပေါင်းချုပ်ဆက်လက် ရေးသားထုတ်ဝေခဲ့ရာ ၂၀၁၁ ခုနှစ်တွင် အမျိုးသားစာပေဆု (မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆု) ရွေးချယ်ချီးမြှင့်ခံခဲ့ရသည်။ ဒုတိယအကြိမ် အမျိုးသားစာပေဆုရရှိခြင်းဖြစ်သည်။ ထို့နောက် မန္တလေးနေ့စဉ် သတင်းစာတွင် မန္တလေးခေတ် ပိဋကတ်ပုံနှိပ်တိုက်များနှင့် မန္တလေးခေတ် ပိဋကတ်စာအုပ်ဆိုင်များအကြောင်း ဆက်လက်ရေးသားခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ရတနာစာပေမှ ထုတ်ဝေခဲ့ရာ ၂၀၁၄ ခုနှစ် ထွန်းဖောင်ဒေးရှင်းစာပေဆု (သုတပဒေသာဘာသာရပ်) စာပေဆု ရွေးချယ်ချီးမြှင့်ခံခဲ့ရသည်။ ဆက်လက်၍ မန္တလေးနေ့စဉ်သတင်းစာတွင် လူ့တန်းကြေ မန္တလေးမြို့က ကျောင်းအမများ ခေါင်းစဉ် ဖြင့် ဘာသာသာသနာဆိုင်ရာ လှူဒါန်းကြသူများ ပရဟိတ လုပ်ငန်းများတွင် ကြိုးပမ်းလှူဒါန်းနေကြသူ ကျောင်းဒကာ ကျောင်းအမများ ဘဝတစ်စေ့တစ်စောင်းအကြောင်းရေးသားလျက်ရှိသည်။**

**ဆရာ၏ ရှားပါးနေသော ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည်စာအုပ်ကို စာဖတ်ပရိသတ်များအတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြသွားမည်ဖြစ်သည်။ (ကြေးမုံ)**

# ဝင် တွေနဲ့ တည်ခဲ့သည့် မင် နေပြည်

## နတ်မောက်ထွန်းရှိန်

**ယခင်အပတ်မှအဆက်**

မင်းတုန်းမင်း ယာယီနန်းစံသည့် မင်္ဂလာစံနန်းတော်မှာလည်း ဆောင်မတော်အပါအဝင် (၂၇)ဆောင် ဆောက်လုပ်ပြီး ပြေစေရ၏။ မင်းတရားကြီးသည် မိဖုရားခေါင်ကြီးနှင့်အတူ အမရပူရရွှေမြို့တော်မှ တိမ်ဦးလရောင်၊ ဆင်မတော်ရွှေစက်တော်တင်၍ ရှေ့သုံးတပ်၊ နောက်သုံးတပ်ဝင်းကိုယ်ရံတော် အခင်းအကျင်းများနှင့်အတူ ၁၂၂၀ ခုနှစ်၊ ဝါဆိုလဆန်း (၁၂)ရက်၊ ကြာသပတေးနေ့ မန္တလေးသို့ ရွှေ့ပြောင်းသည်။

ဝါခေါင်လဆန်း(၆)ရက်တွင် တောင်မျက်နှာ အလယ်တံခါးနေရာမှ ထွက်တော်မူ၍ မြို့တော်တည်ရာဌာန၊ ဒေသများသို့ လှည့်လည်ကြည့်ရှုတော်မူ၏။ မြို့တော်ကြီး ပန္နက်မချမီ မြို့ရိုးအတွင်း မြေညှိရန်ရှိသည်များကို ကျုံးတော်ရာမြေက တူးသည့်မြေစာကို အစုအမှုထမ်းတို့ ညှိကြရာ မင်းတရားကြီးကိုယ်တော်တိုင် ဝင်းကိုယ်ရံတော်တို့နှင့် ထွက်တော်မူပြီး မြောက်မျက်နှာ၊ အနောက်မျက်နှာများကို ကြည့်ရှုဝင်တော်မူ၏။ ထိုနှစ် ဝါခေါင်လအတွင်း မန္တလေးမြို့တော် မြို့တွင်းမြို့ပြင် ဈေးများနှင့် မင်းမိဖုရား ဝန်တော်အိမ်ဝင်း၊ မင်းညီမင်းသား၊ မှူးတော်မတ်တော်၊ သူဌေးသူကြွယ်တို့ဝင်း၊ ရပ်ကွက်စု၊ တန်းအိမ်၊ လမ်းအိမ်တော်ပုံတော်ပါသည့်အတိုင်း ဝန်ကြီး၊ အတွင်းဝန်၊ မှူးတော်၊ မတ်တော်တို့ အနေကျအောင် ကြည့်ရှုခဲ့ရသည်။ မန္တလေးမြို့တော်ကြီး အုတ်မြစ်ချရန်များ မြေညှိပြင်ဆင်ရသည်။ တစ်ချိန်တည်းတွင် အမရပူရမှ မန္တလေးသို့ ရွှေ့ပြောင်းခြင်းလုပ်ငန်းများကိုလည်း အစီအစဉ်တကျ လုပ်ဆောင်စေရသည်။ အမရပူရနန်းတော် ဇေတဝန်ဆောင်ပေါ်၌ မင်းရပ်တုတော်များကို ထွက်တော်မူသည့် အခမ်းအနားနည်းတူ ရှေ့သုံးတပ်၊ နောက်သုံးတပ် ခင်းကျင်း၍ အမြောက်သံကြားအခါတော်နှင့် ရထားထက်တင်ဆောင်ပြီး ထီးဖြူနှစ်လက်စီ အုပ်မိုးကာ မန္တလေးရွှေမြို့တော်သစ်သို့ ဝန်ကြီး၊ အတွင်းဝန်၊ ဝန်ထောက်၊ မှူးတော်၊ မတ်တော်တို့ ကြပ်မတ်ဆောင်ယူစေသည်။

မြို့တော်တည်သမိုင်းကား သတ္တဌာန အဆောင်အရွက်ပင်ဖြစ်ပေရာ မန္တလေးမြို့ကြီးကို အုတ်ကျစ်ကျော်အေး မန္တလေးဟူ၍ မြို့တည်သက္ကရာဇ် သင်္ကေတအမှတ်အသားဖြင့် အများသိမှတ်ယူကြပြီး ဖြစ်သည်။ ၁၂၁၈ ခုနှစ်စတည်၍ ၁၂၂၀ ခုနှစ်တွင် တည်ထောင်ခြင်းဖြစ်သည်။ ရွှေမြို့တော်ကြီးကို သာသနာတော် ၂၄၀၀ ပြည့်မီအောင် ၁၂၁၈ ခုနှစ်က စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သော်လည်း မြို့ရိုးတော်ကြီးနှင့်တကွ ခုနစ်ဌာနကို ၁၂၂၀ ခုနှစ်၊ ကဆုန်လတွင်မှ အုတ်မြစ်ချတည်လုပ်ရခြင်းဖြစ်သည်။ ရာဇဝင်နှင့် သမိုင်းမှတ်တမ်းများတွင်လည်း အောက်ပါအတိုင်း ရေးထိုးမှတ်တမ်းတင်ထားသည်။

"မန္တလေးမြို့တည်၊ နန်းတည် မင်းတရားကြီးသည် ရတနာပုံရွှေမြို့တော်ကြီးနှင့်တကွ ခုနစ်ဌာနတည်လုပ်ရန် ၁၂၂၀ ခု၊ တန်ခူးလပြည့်ကျော် (၁၀)ရက်နေ့ မှန်နန်းစနုဆောင်တော်တွင် အမိန့်တော်တစ်ရပ် ချမှတ်ခဲ့သည်။ ၎င်းအမိန့်တော်ကို နာခံတော်ပြော့ကြီးမှူးက ၎င်းလပြည့်ကျော်(၁၁)ရက်နေ့တွင် ထုတ်ပြန်ရသည်။" အမိန့်တော်နှင့်အညီ ၁၂၂၀ ခု၊ ကဆုန်လဆန်း(၂)ရက်၊ အင်္ဂါနေ့ နံနက် တစ်ချက်တီးအချိန်အခါတော်အတိုင်း မန္တလေးမြို့တော်ကြီး အုတ်မြစ်ချရန်များကို တံခါး၊ ပြ၊ တန်ဆောင်းကြီးကြပ်မည့်သူ ဝန်ကြီး၊ အတွင်းဝန်၊ ဝန်ထောက်၊ မှူးတော်၊ မတ်တော် အသီးသီးကြပ်မတ်၍ မြေညှိပြင်ဆင်ကြသည်။

ထိုနှစ် ကဆုန်လဆန်း (၁၃)ရက်၊ ညဉ့် ၂ ချက်တီးကျော်(၁၄)ရက်၊ တနင်္ဂနွေနေ့အဝင် နာရီပြည့် ၂ ပါဒ် အချိန် အမြောက်သံကြားအခါတော်နှင့်-

၁။ ရွှေမြို့တော်ကြီး
၂။ ကျုံးတော်
၃။ မဟာလောကမာရဇိန်စေတီတော်
၄။ သိမ်တော်
၅။ မဟာအတုလဝေယန်ကျောင်းတော်
၆။ ပိဋကတ်တိုက်တော်
၇။ သုဓမ္မာဇရပ်တော်

ခုနစ်ဌာနကို တစ်ပြိုင်တည်း ဝန်ကြီး၊ အတွင်းဝန်၊ ဝန်ထောက်၊ မှူးကြီးမတ်ကြီးတို့ အသီးသီးကြပ်မတ်၍ စနေသား ကြိုးရင်း၊ တနင်္ဂနွေသား ကြိုးဖျား ကိုင်စေလျက် တနင်္လာသားကို ရွှေပန္နက်၊ ငွေပန္နက် စိုက်မှတ်စေပြီးလျှင် စာရင်းလျာထား ပါဝင်သော စားတော်၊ ကွမ်း၊ ရေ၊ မှူးသား၊ မတ်သားတို့ကစ၍ အုတ်မြစ်ချရန် အုပ်မြစ်ကျင်းတူး ဆောင်ရွက်ကြရသည်။

**ပြအိုး၊ ပြာသာဒ် တံခါး(၁၂)ရပ်**

အခါတော်မရောက်မီ မြို့တော်လေးထောင့်တွင်လည်း တွင်းတူး၍ အုတ်အင်္ဂတေ အသေအချာလုပ်ဆောင်စေပြီးလျှင် တစ်ရာ့နှစ်ဆယ်ဝင် အဖုံးအပိတ်အစုံအိုးကြီးကို အတွင်းစဉ့်သုတ်၊ အပြင်စဉ့်သုတ် ကောင်းမွန်အောင်လုပ်ဆောင်၍ စဉ့်အိုးကြီးတစ်လုံးအတွင်း နှမ်းကြီးဆီ လေးဆယ်၊ နှမ်းလျှင်ဆီ လေးဆယ်၊ မုန်ညှင်းဆီ လေးဆယ်၊ သုံးရပ်တစ်ရာ့နှစ်ဆယ်ကို ထည့်သွင်းပြီးလျှင် မြဲမြဲခိုင်ခံ့အောင် ဖုံးပိတ်လျက် ၁၂၂၀ ခုနှစ်၊ ကဆုန်လဆန်း(၁၃)ရက်၊ နေ့ ၂ ချက်တီးကျော် (၁၄)ရက်၊ တနင်္ဂနွေသို့အဝင် ၂ နာရီ၊ ၃ ပါဒ်၊ ၅ ဗီဇနာ၊ တစ်ပြန်ခရာပြည့် အချိန် မတိမ်းမယိမ်းစေရ။ တည့်မတ်စွာ ဆီအိုးကြီးများကို မြှုပ်နှံရသည်။ ကဆုန်လပြည့်ကျော် (၆)ရက်နေ့ ရွှေမြို့တော်ကြီးနှင့်တကွ ခုနစ်ဌာနများကို အုတ်စီခင်းလုပ်ဆောင်ပြီးလျှင် မြို့တံခါး ၁၂ ရပ် ယွန်းဆက်ပြေတန်ဆောင်းပြာသာဒ်တိုင်များ စိုက်ထူးရသည်။ မြို့တော်လေးမျက်နှာ ခတ်တံခါး ၄ ရပ်မှာ ပြာသာဒ်တိုင်များ စိုက်ထူရသည်။ မြို့တော်လေးမျက်နှာခတ်တံခါး ၄ ရပ်မှာ ပြာသာဒ်ဘုံ ခုနစ်ဆင့်၊ မိတ်တံခါး ၈ ရပ်မှာ ပြာသာဒ်ဘုံ ငါးဆင့်၊ ထောင့်ပြကြီး ၄ ခု၊ ပြငယ် ၃၂ တို့မှာ ပြာသာဒ်ဘုံ ၅ ဆင့်စီ လုပ်ဆောင်စေသည်။ သစ်စေးသရိုး၊ ဟင်္သပဒါး ရွှေချမွမ်းမံရသည်။ တံခါးတော်များကို တိုင်ထူမတ်သည့်နေ့ကစ၍ အမရပူရတံခါးဟောင်းအမည်များကို မခေါ်စေနှင့်။ သမုတ်တော်မူသည့် ကမ္ဗည်းသစ်၊ အမည်သစ်ကိုသာ ခေါ်ဝေါ်စေသည်။ နန်းမြို့ရိုး၏ မြို့ဝင်မြို့ထွက်တံခါး ၁၂ ခုရှိရာ တစ်မျက်နှာသုံးပေါက်စီဖြစ်သည်။ အလယ်တံခါးမကြီးများကို ကျုံးကူးတံတားနှင့် တည်ဆောက်ခြင်းဖြစ်သည်။ အလယ်တံခါးကို ခတ်တံခါး၊ ဝဲယာတံခါးကို မိတ်တံခါးဟု ခေါ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသား စာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်း အတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**


## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ် (၁၆၀)၊ ဧရိယာ (၀. ၀၅၅)ဧကရှိသော နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အမှတ်(၁၆၀)၊ နဂါးနိုင်လမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်ကို အမည်ပေါက် ဒေါ်ချိုချိုခိုင်[၁၂/လမတ(နိုင်)၀၁၀၅၂၀]၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ်(၁၉၃၁၄/၂၀၁၄)ရရှိသူ ဦးကျော်ကျော်လှိုင်[၁၂/စခန(နိုင်)၀၅၇၃၉၄]ထံမှ ကျွန်ုပ်တို့၏ အမှုသည်က အပြီးအပိုင် လွှဲပြောင်းဝယ်ယူမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ မြေ/အိမ်တို့နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် အထောက်အထားဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါ အရောင်းအဝယ်ကို အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးခင်ညွန့်(စဉ်-၁၇၀၁) ဒေါ်ရီရီတင်(စဉ်-၁၉၉၅)

တရားလွှတ်တော်ရှေ့နေများ

ရုံးခန်း(၁)၊ အမှတ်-၅၅၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ရုံးခန်း(၂)၊ အမှတ်(၉၀)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၃၇၇၇၅၅၊ ၀၉-၅၀၁၁၅၇၁၊ ၇၈၅၀၁၁၅၇၁၊ ၅၀၁၈၃၄၅၊ ၇၈၅၀၁၈၃၄၅၊ ၆၈၀၆၁၂၃၊ ၇၈၆၈၀၆၁၂၃

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၇၈)၊ မြေကွက် အမှတ်(၇၇၅)၊ အလျားပေ(၄၀)×အနံပေ(၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးမြင့်ဆွေ(ဘ)ဦးဝင်း[၁၂/ပဘတ (နိုင်) ၀၁၆၂၅၄]အမည်ဖြင့် မှတ်သားတည်ရှိနေပြီး ဦးမြင့်ဆွေထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆိုပါမြေကွက်ကို ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ထားပြီးဖြစ်ရာ အဆိုပါမြေကွက်နှင့်ပတ်သက် သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်(၇)ရက် အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်ပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက် အရ-

ဒေါ်ခင်မာလာ (**LL.B**)

တရားလွှတ်တော်ရှေ့နေ (စဉ် -၈၅၂၀)

တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၅၁၈၁၈၂၀၊ ၀၉-၂၅၃၁၀၄၈၂၆

## ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်းကြေညာခြင်း

ကျွန်တော် ကိုဝင်းကိုကိုအောင်[၉/ကပတ(နိုင်)၁၆၉၆၇၃]၏ဇနီး မပေါ်ဌေး[၉/ညဥန(နိုင်) ၁၉၃၅၇၂]သည် ၂၁-၆-၂၀၁၅ရက်တွင် ခင်ပွန်းဖြစ်သူ ခွင့်မလွှတ်နိုင်သောကိစ္စရပ်များကို ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအား ယနေ့မှစ၍ ဇနီးအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကိုဝင်းကိုကိုအောင်







## ဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အထက(၁)သဃ်န်းကျွန်းမှ မောင်ကျော်ဇင်ထက် (ဆသက-၁၃၇၈)သည် ၂၀၁၅ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ တစ်နိုင်ငံလုံးအမှတ်အများဆုံး(၁၀)ဦး (ဝိပ္ပံ)စာရင်းတွင် အဆင့် (၅)ဖြင့် ရရှိအောင်မြင်ခဲ့သည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ကျောင်းအုပ်ဆရာမကြီး
ဒေါ်ခင်သန်းနွယ်နှင့် မိဘဆရာအသင်း
ကျောင်းအကျိုးတော်ဆောင်အဖွဲ့

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ ကင်းမော်ရွာနေ ဦးစိန်ဒိုးနှင့်ဒေါ်ငွေအိတို့၏မြေး၊ ဦးသိန်းနု-ဒေါ်လှလှရီတို့၏သား မောင်ကျော်ဇင်ထက်သည် ၂၀၁၅ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ တစ်နိုင်ငံလုံးအမှတ်အများဆုံး (၁၀)ဦး (ဝိပ္ပံ)စာရင်းတွင် အဆင့်(၅)ဖြင့် ရရှိအောင်မြင်ခဲ့သည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဒေါ်ခင်လှ၊ ဒေါ်ခင်မြ၊ ဒေါ်ခင်ကြည်၊
ဒေါ်ခင်သိန်း၊ ဦးမောင်မောင်သိန်းဖေ၊ ဒေါ်လှလှကြည်၊

## ဝန်ထမ်းအလိုရှိသည်

**Cosmos Novel Tech Co.,Ltd**
**Room (802), Diamond Condo, Tower (A), Pyay Road, Kamayut Tsp, Yangon**
**Email : engineering@cosmosnoveltech.com**
**Ph: 01-535517, 09-421156547**

(မ) (၃)ဦး

- အသက်(၃၅)နှစ်အောက်ဖြစ်ရမည်။
- Trading Department တွင် တာဝန်ထမ်းဆောင်ဖူးသူဖြစ်ရမည်။
- Export, Import and Logistics အတွေ့အကြုံရှိသူ ဖြစ်ရမည်။
- Computer ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
- ဘွဲ့ရဖြစ်ရမည်။ (Any Graduate)

လျှောက်ထားလိုသူများသည် ဓာတ်ပုံ(၁)ပုံ၊ ပြည့်စုံသောကိုယ်ရေးရာဇဝင်နှင့်အတူ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့ကို ကြော်ငြာပါသည့်နေ့မှစ၍ (၂)ပတ်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

# စွမ်းအင်ချွေတာသုံးပစ္စည်းများတင်သွင်းရန်နည်းဥပဒေများပြဋ္ဌာန်းသည်အထိ ဆောင်ရွက်မည်

**ရန်ကုန် ဇူလိုင် ၁၆**

မြန်မာနိုင်ငံတွင်လည်း စွမ်းအင်ချွေတာသုံးပစ္စည်းများကို သုံးစွဲလာရန်အတွက် Green Technology သုံး ပစ္စည်းများကိုသာ နောက်ပိုင်းတွင် တင်သွင်းကြရန် အစိုးရသို့ တိုက်တွန်းကာ နည်းဥပဒေများ ပြဋ္ဌာန်းလာသည် အထိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ တင်ပြဆောင်ရွက်သွားမည်ဟု သိရသည်။

ကမ္ဘာတစ်ဝှမ်းတွင် သဘာဝသယံဇာတများကို သုံးစွဲရာတွင် လေလွင့်မှု မရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်း မရှိစေဘဲ ရေရှည်တည်တံ့စွာ အဆက်မပြတ်သုံးစွဲနိုင်ရန် Consume with Care စနစ်ဖြင့် သုံးစွဲနေကြပြီဖြစ်ကြောင်း UNEP Climate Change Report တွင် ဖော်ပြထားသည်။

ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လုပ်မှု မြင့်မားသည့် လောင်စာဆီနှင့် ကျောက်မီးသွေးသုံးစက်ရုံများကို လျှော့ချအသုံးပြုလာပြီး ရေကိုလည်း ချွေတာသုံးစွဲလာကြသည်။

လူသားများနေ့စဉ် အသုံးပြုသည့် အီလက်ထရွန်နစ်ပစ္စည်းများ၊ စက်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ တိုးတက်လာသည်နှင့်အမျှ ကမ္ဘာမှပေးစွမ်းနိုင်သည့် သဘာဝစွမ်းအင်များသည် လူသားတို့၏အလွန်အကျွံ ထုတ်ယူသုံးစွဲမှုများကြောင့် လောက်ငမှုရှိအောင် ပေးစွမ်းနိုင်မှုကျဆင်းလာသဖြင့် သဘာဝသယံဇာတများကို သုံးစွဲရာတွင် လေလွင့်မှုမရှိစေရေး Consume with Care သတိဖြင့် သုံးစွဲလာကြသည်။

အစိမ်းရောင်စီးပွားရေး Green Economy စွမ်းအင်ချွေတာနည်းပညာများ Green Technology များဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစေခြင်းဖြင့် အစိမ်းရောင်ဖွံ့ဖြိုးမှု Green Growth ဆီသို့ နိုင်ငံတိုင်း တက်လှမ်းနိုင်ရန် ကြိုးပမ်းနေကြလျက် စွမ်းအင်ချွေတာသုံးပစ္စည်းများကို အသုံးပြုလာကြသည်။

ယခင်က လမ်းမီးများ၊ ဘုရားတန်ဆောင်းများ၊ ဘုရားကျောင်းများတွင် လျှပ်စစ်အားစွဲအားများသည့် နီယွန်မီးချောင်းများ၊ မီးလုံး Tubes များနေရာတွင် စွမ်းအင်ချွေတာသုံး LED မီးလုံးများကို ကမ္ဘာတစ်ဝှမ်းတွင် ပြောင်းလဲအသုံးပြုလာပြီး၊ တီဗွီ Tube များနေရာတွင် Green Technology LED များ၊ LCD များကို ပြောင်းလဲ အသုံးပြုလာကြပြီဖြစ်သည့်အပြင် ဖွံ့ဖြိုးသည့်နိုင်ငံများတွင် လျှပ်စစ်ပစ္စည်းများ တင်သွင်းမှုကိုပါ Green Technology နည်းပညာသုံးလျှပ်စစ်ပစ္စည်းများကို တင်သွင်းခြင်း၊ ထုတ်လုပ်လာခြင်းတို့ကို သက်ဆိုင်ရာ နိုင်ငံတော်အစိုးရမှ ဥပဒေပြဋ္ဌာန်းကာ လျှပ်စစ်စွမ်းအင်ကို ချွေတာသုံးစွဲလာကြပြီဖြစ်သည်။ ထိုနိုင်ငံများထဲတွင် ထိုင်းနိုင်ငံလည်း အပါအဝင်ဖြစ်သည်။

ထိုင်းနိုင်ငံတွင် ထိုနည်းပညာဖြင့် လျှပ်စစ်သုံးစွဲမှု ၅၀ရာခိုင်နှုန်းကျော်ကို လျှော့ချနိုင်ပြီး ထိုင်းနိုင်ငံတွင် စွမ်းအင်ချွေတာသုံး LED လျှပ်စစ်ပစ္စည်းများ ပြသသည့် Thailand Lighting Fair 2015 ကို ဩဂုတ် ၁၉ ရက်မှ ၂၁ ရက်အထိ ဗန်ကောက်မြို့တွင် ကျင်းပခဲ့ကာ ပြည်သူများနှင့် နိုင်ငံတကာမှ တက်ရောက်ကြည့်ရှုသူများကို စွမ်းအင်ချွေတာရေး ပညာပေးဟောပြောပွဲများလည်း ပြုလုပ်သွားမည်ဟု သိရသည်။

အာဆီယံစီးပွားရေးအသိုက်အဝန်း AEC စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးမှု အကျိုးသက်ရောက်မှု ရှိစေရန် PEA ၏ စွမ်းအင်ချွေတာမှုလှုံ့ဆော်မှုဖြင့် အစိုးရ၏ စွမ်းအင်ချွေတာရေး စီမံကိန်းဖြစ်သည့် အိမ်သုံးနှင့် စက်မှုလုပ်ငန်းသုံးများ ပြင်ပမှ လျှပ်စစ်စွမ်းအင် တင်သွင်းမှုကို လျှော့ချသည့်စီမံကိန်းကို ထောက်ပံ့ပေးလျက်ရှိသည်။

၂၀၁၂ ခုနှစ်ကစတင်ပြီး PEA နှင့်အတူ စွမ်းအင်ချွေတာရေး၊ အစိုးရပိုင်းဆိုင်ရာ စွမ်းအင်ချွေတာ လှုံ့ဆော်မှုတစ်ရပ်အနေဖြင့် Bulb မီးလုံးများအစား LED များပြောင်းလဲအသုံးပြုခြင်းနှင့် စွမ်းအင်ချွေတာသည့် လေအေးပေးစက်များကို သုံးစွဲခြင်း၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာန၊ စွမ်းအင်ကို ၅၀ ရာခိုင်နှုန်းအထိ တိုးမြှင့်မှုပေးနိုင်သည်။

36 watts မီးချောင်း သုံးသိန်းကျော်ကို စက်မှုလုပ်ငန်း ၂၀၀ ကျော်တွင် LED ဖြင့် ပြောင်းလဲသုံးစွဲခဲ့ရာ တစ်နှစ်လျှင် ၄၃ သန်း Unit အထိ ထိန်းသိမ်းနိုင်ခဲ့ပြီး ကျန်စက်မှုလုပ်ငန်းများတွင် ယခုလမ်းစဉ်အတိုင်း LED ပြောင်းလဲတပ်ဆင်လိုက်ပြီဖြစ်သည်။

အများပြည်သူနေရာများတွင် စွမ်းအင်ချွေတာနိုင်ရန် နိုင်ငံပေါင်းများစွာရှိ အဝေးပြေးလမ်းမများတွင်လည်း LED သုံးစွဲရန် စီစဉ်နေပြီး လေးနှစ်တာကာလအတွင်း သန်း ၈၀၀ ယူနစ်ကို ချွေတာနိုင်မည်ဖြစ်သည်။

သမိုင်းဝင်နေရာများ၊ ဘုရားကျောင်းများ၊ တံခါးလုပ်ငန်းများ တွင် LED ကို ပြောင်းလဲသုံးစွဲလျက်ရှိရာ လျှပ်စစ်မီးကို အကျိုးရှိရှိ ဖြန့်ဝေခြင်းသည် လူနေမှုဘဝကို မြှင့်တင်ရုံသာမက စွမ်းအင်သုံးစွဲမှုကဏ္ဍတိုးတက်လာမည်ဖြစ်ပြီး စွမ်းအင်ချွေတာရေးမှာ စဉ်ဆက်မပျက်လုပ်ဆောင်နေသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း Assistant Governor နှင့် TP Halo Co Ltd မှ ဈေးကွက်မန်နေဂျာ Mr. Moses Chang တို့ကပြောသည်။

ထို့အပြင် အဆောက်အအုံများကိုလည်း Green Building နည်းပညာများဖြင့် တည်ဆောက်လာကြသည်။ လူဦးရေ ၅ ဒသမ ၄ သန်းနေထိုင်နေသည့် စင်ကာပူနိုင်ငံတွင် Green Building ပေါင်း ၂၇၅၀ ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် Green Building များအားလုံး တည်ဆောက်နိုင်ရေး နိုင်ငံတကာမှ ပညာရှင်များဖြင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ပြီး ၈၀ ရာခိုင်နှုန်းအထိ လျှပ်စစ်စွမ်းအင်အသုံးကို လျှော့ချနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

Green Building ဖြစ်မဖြစ် အဆောက်အအုံများကို International Green Building Council မှ နှစ်စဉ်အဆောက်အအုံပိုင်ရှင်များက ကုန်ကျစရိတ်ခံ၍ စစ်ဆေးကာ ပလက်တီနမ်အဆင့်၊ ရွှေအဆင့်၊ ငွေအဆင့် စသည်ဖြင့် Green Mark များပေး၍ ဂုဏ်ယူသည့်အလေ့အထထွန်းကားလာသည်။

Green Building ဆိုသည်မှာ တည်ဆောက်ပစ္စည်း Material၊ စွမ်းအင် (Energy)နှင့် ရေ (water) စသည်တို့ကို ချွေတာသုံးစွဲသည့် စနစ်ဖြစ်ပါသည်။ နေရောင်ခြည်တိုက်ရိုက်ရရှိမှု၊ နေကွယ်ဘက်ကျမှုနှင့် သဘာဝအလင်းရောင်အသုံးချမှု လေအေးပေးစက် လိုအပ်၊ မလိုအပ်စသည်ဖြင့် တွက်ချက်ဆောက်လုပ်လာသည့်အပြင် အဆောက်အအုံများ တည်ဆောက်ရာတွင်လည်း Green Building သုံး ကုန်ကြမ်းများကို ရွေးချယ်အသုံးပြုလာကြသည်။

စွမ်းအင်ချွေတာရေးအသိပညာများ ပြန့်ပွားလာစေရန် ပြည်သူများနှင့် ကျောင်းသားလူငယ်များကို လေ့လာနိုင်ရန် နိုင်ငံတကာမှ ပညာရှင်များဖြင့် Green Building Week 2015 ကို ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၆ ရက်အထိ နှင့် International Green Building Conference 2015 ကို စက်တင်ဘာ ၂ ရက်မှ ၄ ရက်အထိ စင်ကာပူနိုင်ငံတွင် ဟောပြောပွဲနှင့် ဆွေးနွေးပွဲများပါကျင်းပပေးပြီး အစိုးရအဖွဲ့အစည်းများနှင့်အတူ စင်ကာပူစွမ်းအင်ဝန်ကြီးကိုယ်တိုင် အားသွန်ခွန်စိုက် ပံ့ပိုးဆောင်ရွက်နေပြီ ဖြစ်သည်။

ထိုင်း၊ ဖိလစ်ပိုင်၊ အိန္ဒိယ၊ ဟောင်ကောင်၊ ဂျပန်၊ တရုတ်နှင့် အာရှနှင့်ပစိဖိတ်ဒေသဖွံ့ဖြိုးသည့်နိုင်ငံများတွင် Green Building များ အသုံးပြုလာပြီဖြစ်ကြောင်း စင်ကာပူမှ Building and Construction Authority မှ နည်းပညာဖွံ့ဖြိုးတိုးတက်မှုဌာန မန်နေဂျာ Ms. Ho Chan Vun Ching က ပြောသည်။

ထိုသို့ စွမ်းအင်များကို ချွေတာသုံးစွဲလာကြပြီး လူသားအရင်းအမြစ်များအတွက် အလုပ်အကိုင် ဖန်တီးပေးနိုင်သည့် စက်ရုံအလုပ်ရုံများကို ကောင်းမွန်စွာ တိုးမြှင့်လည်ပတ်နိုင်မည်ဖြစ်သည့်အပြင် ထုတ်ကုန်များလည်း မြင့်တက်လာမည်ကာ GDP များလည်းတက်စေမည်မှာ မလွဲပင်ဖြစ်သည်။

လက်ရှိ မြန်မာနိုင်ငံရှိ ဘုရား၊ စေတီများ၊ လမ်းများတွင် မီးတိုင်များတွင် ဝပ် ၂၀၀၀၊ ဝပ် ၃၀၀၀ ကျော်သည့် နီယွန်မီးချောင်းကြီးများ၊ မာကျူရီမီးလုံးကြီးများကိုသာ သုံးစွဲနေပြီး နေ့စဉ် လျှပ်စစ်ဓာတ်အားများ ဆုံးရှုံးလျက်ရှိသည့်အပြင် တစ်ခါတစ်ရံ နေ့အချိန်များတွင်ပင် ဖွင့်ထားကာ လျှပ်စစ်စွမ်းအင်များ ပြုန်းတီးလျက်ရှိနေသည်။

ရန်ကုန်ဈေးကွက်ရှိ LED လမ်းမီးလုံးကြီးတစ်လုံးလျှင် မီတာ(၅၀-၁၀၀)ဝပ်သာရှိပြီး လျှပ်စစ်ဓာတ်အားစားမှုကို များစွာသက်သာစေပါသည်။

**သန့်ဇင်ဝင်း**

## အောင်သာယာကျေးရွာ၌မူလတန်းကျောင်းဖွင့်လှစ်

**ဒီပဲယင်း ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်း မြို့နယ် အောင်သာယာကျေးရွာတွင် ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီက အခြေခံပညာမူလတန်းကျောင်း ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခြေခံပညာမူလတန်းကျောင်းဆိုင်း ဘုတ်သစ်အား မြို့နယ်လက်ထောက်ပညာရေးမှူး ဦးအုန်းသန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးပေါက်စ၊ ရပ်မိရပ်ဖ ဦးညဏ်မြင့်၊ ကျောင်းအကျိုးတော် ဆောင် ဦးသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးမျိုးအောင်က ကျောင်းဆိုင်းဘုတ်သစ်အား ဖွင့်လှစ်ပေးခဲ့ကြောင်းသိရသည်။ **အောင်လင်း**(Iprd)

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ အရှေ့မာန်ပြေ ၂၂လမ်း၊ အမှတ် ၂၈ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၄) ထပ်တိုက် မျက်နှာမူ(ဝဲ) ပထမထပ်တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်ထားသော ကန်ထရိုက်တာ ဦးဇော်ခိုင်မြင့်(ခ) ပေါလ်[၁၂/မဂတ(နိုင်)၀၀၅၀၃၆]ထံမှ ဝယ်ယူရန်အတွက် ဒေါ်သန်းသန်းဝင်းသည် ၉-၇-၂၀၁၅ရက်တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သန်းသန်းဝင်း[၁၂/ပဇတ(နိုင်)၀၂၂၈၉၁]

ဖုန်း-၀၉-၂၅၉၂၉၈၃၇၃၊ ၀၉-၄၂၁၀၅၂၈၃၃

### အသိပေးကြေညာချက်

ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V GOLDEN FAN V.28 သင်္ဘောသည် ၁၉-၇-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ATTOLLO အက်တို(လ်)လို အဆင့်မြင့်ခရီးသွားကုမ္ပဏီ

| | |
|---|---|
| မဲလံ-ခင်းကျိုက်ဆရေတော်ခွန် (နေ့ချင်းပြန်) | JULY 18,25 |
| ပုဂံ-စွယ်တော်လေးဆူ-ပုပ္ပါး (၃ည ၄ရက်) | JULY 30 - AUG 2 |
| လွိုင်ကော် (၃ည ၅ရက်) | JULY 30 - AUG 3 |
| လားရှိုး-သီပေါ-ပြင်ဦးလွင် (၄ည ၅ရက်) | JULY 30 - AUG 3 |
| ချင်းမိုင်-ချင်းရိုင်-မယ်ဆိုင် (၃ည ၄ရက်) | JULY 30 - AUG 2 |
| ဗန်ကောက်-ပတ္တရား (၄ည ၅ရက်) | AUG 27 - AUG 31 |

01-389187, 09-32109138, 09795418474

## ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ [အနော်ရထာစက်မှုဇုန်အပိုင်း(၂)နှင့် ပန်းလှိုင်မြစ်အကြား] မြေကွက်နှင့်ပတ်သက်၍ သတိပေးရှင်းလင်းကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ လသာမြို့နယ်၊ အနော်ရထာလမ်း၊ အမှတ်(၁၀၇/၁၀၉)တွင် တည်ထောင်ဖွင့်လှစ်ထားသော တော်ဝင်ကြာဖူးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ဒါရိုက်တာအဖွဲ့၏ လွှဲအပ်ညွှန်ကြား ချက်အရ သတိပေးကြေညာအပ်သည်မှာ-

ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အကျိုးတူပူးပေါင်းလျက် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်တွင် အနော်ရထာစက်မှုဇုန်စီမံကိန်း (ပထမအဆင့်)နှင့် (ဒုတိယအဆင့်)များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ အနော်ရထာစက်မှုဇုန်စီမံကိန်း(တတိယအဆင့်)လုပ်ငန်းကို ဆောင်ရွက်ရန် လှိုင်သာယာမြို့နယ် စက်မှုဇုန်အပိုင်း(၂)နှင့် ပန်းလှိုင်မြစ်အကြား မြေတိုင်းရပ်ကွက်အမှတ်(၂၀)ဟုခေါ်တွင်သော မြေဧရိယာအတွက် မြေကွက်တန်ဖိုးငွေပေးသွင်းထားပြီး မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနထံမှ စီမံကိန်းအကောင်အထည်ဖော် လုပ်ကိုင်ခွင့် တရားဝင်ခွင့်ပြုမိန့်ရရှိထားပါသည်။

အဆိုပါစီမံကိန်းမြေဧရိယာအတွင်း လက်ရှိထားနေထိုင်လျက်ရှိကြသော အထောက်အထားခိုင်လုံစွာတင်ပြနိုင်သည့် လယ်သမားအချို့နှင့် မူလလယ်သမားမဟုတ်သော်လည်း မြေပေါ်တွင်စိုက်ပျိုးလုပ်ကိုင်နေထိုင်သူ များကို သက်ဆိုင်ရာအုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူများ၏ ဦးဆောင်မှုဖြင့် ဆွေးနွေးညှိနှိုင်းလျက် ထိုက်သင့်သောကရုဏာကြေးများ ပေးအပ်မှုပြုခဲ့ပြီးဖြစ်ပါသည်။

သို့ရာတွင် အဆိုပါစီမံကိန်းမြေဧရိယာအတွင်း မူလလယ်သမား/စိုက်ပျိုးရေး လုပ်ကိုင်သူများအဖြစ် နေထိုင်သူများမဟုတ်သူအချို့သည် မြေယာပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းတစ်စုံတစ်ရာမရှိဘဲ မြေယာများကို အဆင့်ဆင့်လက်ညှိုးထိုးလွှဲပြောင်းရောင်းဝယ်မှုများပြုလုပ်လျက် လက်ရှိထားနေထိုင်လျက်ရှိကြောင်းသိရပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီအနေဖြင့် သက်ဆိုင်ရာဌာနသို့ တရားဝင်မြေတန်ဖိုးများ ပေးသွင်းထားပြီး၊ အကျိုးတူစက်မှုဇုန်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိထားပြီးဖြစ်သော မြေဧရိယာအတွင်း မြေယာပိုင်ဆိုင်မှုအထောက်အထားတစ်စုံတစ်ရာမရှိဘဲ လက်ရှိထားနေထိုင်ကြသူများအပေါ် ဥပဒေနှင့်အညီ တရားစွဲဆိုဖယ်ရှားမှုပြုလုပ်သွားရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ရာ အဆိုပါ စီမံကိန်းမြေဧရိယာအတွင်း မြေဧကများကို အထောက်အထားမဲ့လွှဲပြောင်းရောင်းဝယ်ခြင်း၊ လက်ရှိထားနေထိုင်ခြင်း ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန် ကြိုတင်သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | | |
|---|---|---|
| ဦးသန်းစိုး(ထွန်း) | ဒေါ်မူယာ | ဦးဇော်ဇော်နိုင်အောင် |
| **B.A(Eco), H.G.P,R.L,D.B.L** | **LL.B,Dip:in Business Law** | **LL.B** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၅၄၉၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၆၀) | အထက်တန်းရှေ့နေ(စဉ်-၂၅၄၇၄) |

အမှတ်(၁၅၈/ဘီ)၊ ၃လွှာ၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြား ဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင် မည်ဟုယုံကြည်ပါသည်။ (စာတည်း)*

**အခန်း(၂)**

**သံသရာ**

မကွေးလေယာဉ်ကွင်း ထိန်းသိမ်းညွှန်ကြားရေး မျှော်စင်ထက်၌ တာဝန်ခံအရာရှိသည် သာမန်လူတိုင်း နားမလည်နိုင်သော အင်္ဂလိပ်စကား၊ မြန်မာစကား၊ အချက်ပြသင်္ကေတ စကားသုံးမျိုး ရောပါနေသော ဘာသာတစ်မျိုးနှင့် ရေဒီယို စကားပြောခွက်တွင်း အော်ဟစ်ပြောဆိုနေသည်။ သူစကား ရပ်တိုင်း သူ့နားနှစ်ဖက်တွင် အုပ်ထားသော စကားလက်ခံ နားကြပ်များမှာလည်း လျှပ်စစ်နှင့် သတ္တုသံ ရောသော စကားများ မြည်ထွက်နေ၏။

အပြန်အလှန်ဆက်သွယ်ပြောဆိုခြင်း ပြီးသောအခါ အရာရှိသည် သူ့နားပေါ်မှ နားကြပ်များကို ဖြုတ်ချွတ်လိုက်ကာ သူ့လက်ထောက်အား လှမ်းပြော၏။

"ဗိုး . . . အိုက်ရ ပူရတဲ့အထဲ ငှက်အိုနှစ်စီး ရှေ့ဆင့်နောက်ဆင်း ဆင်းမယ်၊ အိုကေ . . . ချာလီ၊ ကွန်ထရိုးကို မင်း ယူလိုက်တော့၊ ငါ အေးဂျင့်နဲ့ အလုပ်သမားတွေကို သွားပြောလိုက်ဦးမယ်"

အရာရှိသည် သူ့လက်ထောက် ချာလီအား ဤသို့ ရခိုင်သံဝဲဝဲနှင့် ညွှန်ကြားလိုက်ပြီး မျှော်စင်မှ ဆင်း၍ လေယာဉ်ဆိပ်ဝခန်းဘက်သို့ လျှောက်လာခဲ့သည်။ အဆင်သင့်တွေ့ရသော ယူဘီအေ ကိုယ်စားလှယ်ကို ခပ်သွက်သွက် ဆက်လက် ညွှန်ကြားပြီး သူ့လျှာနည်းအတူ သွက်သော ခြေများနှင့် စခန်းရှေ့ပိုင်းသို့ ဆက်လက်ထွက်လာ၏။

စခန်းအနီး နေပူကျဲကျဲတွင် စိမ်းပြာနုရောင် ဟေး(လ်)မင်းကားနှင့် ကြက်ဥနှစ်ရောင် ဗောက်(စ်)ဟော(လ်)ကား နှစ်စီး အပါအဝင် ကားငါးစင်းခန့် ရပ်ထားကြ၏။

စခန်းရိပ်သာတွင် ထောင့်တစ်ထောင့်ရှိ ခုံရှည်ပေါ်၌ လူသုံးယောက်တို့ ထိုင်နေကြသည်။ တစ်ဦးမှာ အသက်လေးဆယ်ခန့်ရှိ၍ ခေါင်း၌ ဖော့ဦးထုပ်ဆောင်းထား၏။ စတစ်ကော်လာအင်္ကျီကို လည်ပင်းကြယ်သီး ဖြုတ်ပြီး လက်မောင်းနှစ်ဖက်ကို ပင့်လိပ်တင်ထား၏။ အပေါ်ဝတ် အင်္ကျီမပါ။ ချည်လုံချည်ကို တိုတိုဝတ်ထား၏။ ကျန်နှစ်ဦးကားအသက်နှစ်ဆယ်ကျော် အရွယ်များ ဖြစ်သည်။ နှစ်ဦးလုံး ပိုးလုံချည် တိုက်ပုံအင်္ကျီတို့နှင့် သပ်သပ်ရပ်ရပ်ဖြစ်ကြ၏။ တစ်ဦးမှာ အသားညိုပြီး ကျောက်ပေါက်မာသက်သက်ရှိကာ ရွှေတစ်ဝက်ကော်တစ်ဝက်ကိုင်းနှင့် မျက်မှန်တပ်ထားသည်။ အခြားတစ်ဦးကား ဖြူဖြူဝင်းဝင်းဖြစ်၍ နှုတ်ခမ်းမွေးစစ အရင်တွေ့သည်။

အရာရှိသည် မျှန်မှန်နှင့်သူကို အရင်တွေ့သည်။

"ဟာ . . . ဆရာဦးမြသန်းပါလား"

တစ်ဖက်လူက စကားမပြန်မီ သူက နှုတ်ခမ်းမွေးစစနှင့် တစ်ယောက်ကို နှုတ်ဆက်ပြန်၏။

"ဟယ် . . . ဆရာဦးတင်မောင်လတ်ပါလား"

တစ်ဆက်တည်းမှာပင် သူက ဖော့ဦးထုပ်နှင့်လူကို မြင်သွားပြန်၏။

"အိုး . . . ကျောင်းအုပ်ကြီးလည်း ပါသကိုး၊ နေပါဦး. . . ကိုကြီးရီ၊ ဘယ်သူ့ လာကြိုကြတာလဲ။"

ကျောင်းအုပ်ကြီး ခေါ် ကိုကြီးရီ ခေါ် ဦးဘရီက ရှေ့ဆောင်စကားပြန်သည်။

"မန္တလေးတက္ကသိုလ်က ကထိကတစ်ဦး စာမေးပွဲ မေးခွန်းတွေနဲ့ ရောက်လာမှာမို့ လာကြိုနေကြတာ"

"ဪ. . . အင်း အင်း၊ ကျွန်တော်တို့အသိထဲကတော့ မဟုတ်ဘူးထင်တယ်"

"မသိဘူး၊ ကထိကတစ်ယောက်လို့ပဲ သံကြိုးရတယ်၊ ဒါထက် ဖိုးစံရွှေ၊ လေယာဉ်ပျံ ဆင်းခါနီးပြီလား"

အရာရှိ ဖိုးစံရွှေသည် ခပ်တွန့်တွန့်ဆံပင်များရှိသော သူ့ခေါင်းကို မြန်မြန်သွက်သွက် ကုတ်လိုက်သည်။ သူ ခေါင်းကုတ်ဟန်မှာ စိတ်ပျက်စိတ်ညစ်ခြင်းနှင့် မည်သို့မျှ ဆိုင်ဟန်မတူ။ ဝသီပါနေ၍သာ ဖြစ်ဟန်တူသည်။ သူသည် ဤသို့လျှပ်တစ်ပြက်အတွင်း ခေါင်း ငါးချက်ခန့် ကုတ်လိုက်ပြီး ဖြေ၏။




"ဆိုက်တော့ ဆိုက်တော့မယ်၊ မန္တလေးကမဟုတ်သေးဘူး၊ ရန်ကုန်ကကောင်က အရင်ဆင်းမယ်"

ဦးဘရီက အနည်းငယ် အံ့ဩဟန်နှင့် ပြန်မေးသည်။

"ရန်ကုန်က ခါတိုင်း ဒီနေ့ ရန်ကုန်လေယာဉ်ပျံ မဆိုက်ပါဘူး၊ မဟုတ်ဘူးလား"

"ဟုတ်တယ်၊ အင်းလေ. . . မဟုတ်ဘူး၊ အခုဟာက အထူးလေယာဉ်ပျံဆိုပါတော့၊ နေဦး. . . အထူးလေယာဉ်ပျံလည်း မဟုတ်ဘူး၊ ဒီလိုလေ. . . အဆင်သင့်လို့ ဆိုပါတော့၊ ဒီမှာ ဆင်းမယ်၊ ဟဲဟိုး သွားမယ်၊ ကျိုင်းတုံ သွားမယ်၊ ပြီးတော့ ရန်ကုန်ပြန်မယ်၊ ခရီးသည်ရှိ ရှိသလိုပေါ့၊ အိုကေ. . . ကျွန်တော် တောင်ဝါ(မျှော်စင်) ပြန်သွားလိုက်ဦးမယ်"

ဖိုးရွှေစံသည် သုတ်သုတ်ပြောကာ သုတ်သုတ်ခွာ၍ အခြား ကြိုဆိုလာသူများကိုလည်း ဝတ္တရာမပျက် သုတ်သုတ်နှုတ်ခွန်းဆက်စကားပြောပြီး မျှော်စင်ဆီသို့ သုတ်သုတ်ပင် ပြန်တက်သွား၏။

ဦးဘရီက အသာရယ်မောရင်း ကျန်နှစ်ဦးသိအောင် မှတ်ချက်ချသည်။

"ဖိုးစံရွှေက ကျောင်းသားကတည်းက ဒီပုံစံအတိုင်းပဲ၊ ဆရာကြီးတို့နဲ့ ပြည်နဲ့ တကောင်းကျောင်းဆောင်မှာ အတူနေခဲ့ကြတာ၊ အမြဲတမ်းလျှာရော ခြေရော သုတ်သုတ်နဲ့ သွက်သွက်ပဲ၊ လူတိုင်းကိုလည်း ခင်တယ်၊ လူတိုင်းအတွက်လည်း အမြဲတာဝန်ကျေချင်တယ်၊ ဒီတော့ သူ့ ဘယ်တော့ ကြည့်ကြည့် အမြဲတမ်း သုတ်သုတ်သွက်သွက်ပဲ"

ဦးဘရီက စကားအဆုံး၌ ဆက်လက်ရယ်မောနေ၏။

ထိုစဉ် ရန်ကုန်လေယာဉ်သည် တောင်ဘက်မှ ပေါ်လာကာ နိမ့်ဆင်းဆိုက်ရောက်လာ၏။

လေယာဉ်ထက်မှ ခရီးသည် ဆယ်ဦးခန့် ဆင်းလာကြသည့်အနက် မိန်းမသားနှစ်ဦးမှာ ထင်ရှားလှပြီး လူတိုင်း၏ အာရုံကို သိမ်းယူဆွဲငင်ထားကြ၏။

တစ်ဦးမှာ အသက်နှစ်ဆယ်ကျော်မျှ ရှိမည်ထင်ရ၏။ ဖြူသောအသားသည် မွတ်ညက်ကြည်လင်သန့်စင်သည်။ ကြော့ရှင်းသော ကိုယ်နေနှင့် ဖျတ်လတ်သွက်လက်သော ကိုယ်ဟန်ရှိသည်။ ချောမောနုနယ်သော မျက်နှာလေးသည် ထက်မြက်ရဲရင့်မှုကိုလည်း ပြနေ၏။

အခြားတစ်ဦးကား အသက်သုံးဆယ်ကျော်ခန့်ရှိမည်။ အသားရောင်သည် ပယင်းရွှေရည်ဝင်းဝင်းဖြစ်သည်။ ပုံ့ပုံ့ဝန်းဝန်းနှင့် ပြည့်ဖြိုးရုံ ပြည့်ဖြိုးသော ကိုယ်ခန္ဓာသည် သွယ်မောင်းသောအရပ်ကြောင့် ပျောင်းပျောင်းနွဲ့နွဲ့တော့ရှိ၏။ လှပခြင်းနှင့် ခံ့တည်မှုရောသော မျက်နှာသွင်ပြင်သည် အတွင်းစိတ်၏ သိမ်မွေ့နူးညံ့မှုကိုလည်း ဖော်ပြနေ၏။

ဒုတိယမိန်းမရွယ်သည် မိခင်နည်းတူ အသားဝါဝါရွှေရွှေနှင့် ချစ်စဖွယ်သော အသက်ငါးနှစ်ခန့် သမီးလေးတစ်ဦးကို လက်ဆွဲထား၏။

သူတို့အားလုံးနောက်မှ မဟာနဖူးကျယ်ကျယ်၊ ဆံပင်ပါးပါး၊ ကိုယ်ထည်မဝတဝဖြင့် မြင်ရုံဖြင့် စိတ်သဘောကောင်းမှန်းလည်း သိသာ၍ အရာရှိကြီးတစ်ဦးလည်း ပုံဖမ်းနိုင်သော အသက်လေးဆယ်ခန့် ယောကျ်ားတစ်ဦးက လိုက်ပါလာ၏။

လေယာဉ်စခန်းအတွင်းသို့ အသားဖြူဖြူနှင့် ကြော့ရှင်းသော မိန်းမပျိုက အရင်ရောက်လာသည်။ မိန်းမပျိုသည် ဦးဘရီတို့အသိုက်ကိုမြင်သော် ပြုံးရွှင်စွာ လှမ်းနှုတ်ဆက်သည်။

"ဪ. . . ဆရာကြီးပါလား၊ ဆရာတို့ကော ပါသကိုး၊ ဘယ်သူ့လာကြိုကြတာလဲ"

"မန္တလေးက ဧည့်သည်တစ်ဦးလာကြိုတာပါ၊ ဒါထက် မမြင့်ဝေကို အောင်စာရင်းမှာတော့ တွေ့လိုက်တယ်၊ ဘယ်မှာတာဝန်ကျသလဲ"

"မန္တလေးမှာပါ ဆရာကြီး၊ အခု မေမေတို့ ဖေဖေတို့နဲ့လည်း ဝင်တွေ့ရင်း ကိုကိုကလည်း ခွင့်ရတာနဲ့ လိုက်လည်လို့"

ဦးဘရီက မမြင့်ဝေတို့ အစ်ကိုတို့ဘက် လှမ်းကြည့်သည်။

မမြင့်ဝေ၏အစ်ကိုက လေယာဉ်စခန်းရုံးအမှုထမ်းများကို လက်မှတ်များပြ၍ စောစောက ကြိုရောက်နှင့်နေသော လူတစ်ဦးနှင့်အတူ ပစ္စည်းများ စစ်ယူနေ၏။

အသားဝါဝါနှင့် မိန်းမရွယ်က ကိုယ်ကို ကိုင်းကာ သမီးငယ်၏မျက်နှာတွင် စို့ထွက်နေသော ချွေးပေါက်တို့ကို ယုယကြင်နာစွာ တို့သုတ်ပေးရင်း ပြုံးရွှင်ရယ်မောလျက် တစ်စုံတစ်ခု ပြောပြနေ၏။

ဘေးတိုက် လှမ်းမြင်ရသည် ဖြစ်လေသောကြောင့် မိန်းမရွယ်၏ ပုံကျတန်းထင်သော နှာတံ၊ မယုံနိုင်လောက်ဖွယ် ရှည်လျားသမျှ ကော့ပျံနက်မှောင်သော မျက်တောင်ကြီးများ၊ ဝင်းစင်ရှင်းသန့်သော နဖူးပြင်ထက် နဂိုသဘာဝ အတိုင်း ခွေနွယ်ဝဲကျလျက်ရှိသည့် ဆံပင်များ စသည်တို့ကို ဦးဘရီသည် ထင်ထင်ရှားရှား မြင်ရသည်။

အပြုံးကိုထာဝစဉ်ဆောင်ထားသော ဦးဘရီ၏မျက်နှာသည် ရုတ်တရက် တည်ကြည်သွားသည်။ မျက်ခုံးများပင် မသိမသာတွန့်သွားပြီး မိန်းမရွယ်ကို စူးစူးစိုက်စိုက် ဆက်ကြည့်သည်။

ထိုစဉ် ထုံးစံအတိုင်း ပျာယီးပျာယာနှင့် ဖိုးစံရွှေ ပေါ်လာပြန်သည်။

"မန္တလေး လေယာဉ်ပျံလည်း နောက်ဆယ်မိနစ်ဆို ဆင်းတော့မယ် ကိုကြီးရီ၊ အခု ဒီမှာကားမများရင် ကျွန်တော် ဂိတ်ဖွင့်ပြီး လွှတ်နှင့်မလို့၊ အဲဒါ. . . အဲဒါ. . ."

ပြောရင်းဆိုရင်းက ဖိုးစံရွှေ၏ မျက်လုံးများသည် မိန်းမရွယ်နှင့် ကလေးဆီသို့ ရောက်သွား၏။ ထိုခဏ၌ပင် သူ့မျက်လုံးများက ပြူးသွားပြီး အံဩဖွယ်ပြည့်ဝစွာနှင့် ဦးဘရီအား ပြန်ကြည့်သည်။

ဦးဘရီသည် အလွန်သတိပြုမိမှသာ မြင်နိုင်ရုံ ခေါင်းကို ဆတ်ခနဲညိတ်ပြီး လေယာဉ်ကွင်းဘက်သို့ လှမ်းကြည့်လျက် အမှတ်မထင်ဟန်နှင့် ဆို၏။

"လာကြိုကြတဲ့ ကားလည်း နည်းသားပဲ၊ လမ်းမကြီးပေါ်မှာလည်း ကားပြတ်နေတယ်"

ဖိုးစံရွှေသည် မိန်းမပျိုကို တစ်ချက်လှမ်းကြည့်လိုက်ပြီးနောက် ဘာမှမပြောတော့ဘဲ နေရာမှ ခွာသွား၏။

လေယာဉ်နှစ်စီး လာဆုံသဖြင့် သေးငယ်ကျဉ်းမြောင်းသော စခန်းရုံးမှာ လှုပ်လှုပ်ရွရွ ရှုပ်ရှုပ်ယှက်ယှက် ဖြစ်နေသည်။

မမြင့်ဝေသည် ခပ်သွက်သွက် နှုတ်ဆက်၏။

"ကဲ. . . မမြင့်ဝေ သွားလိုက်ဦးမယ်၊ ဪ. . . ဆရာဦးမြသန်း၊ ဆရာမ ဒေါ်မြင့်မြင့်ကိုတွေ့ရင် ပြောပြပေးပါ၊ ညနေ မမြင့်ဝေလာခဲ့မယ်လို့"

"ဟုတ်ကဲ့. . . ပြောလိုက်ပါ့မယ်၊ သူလည်း ဝမ်းသာမှာပါပဲ၊ ဆရာဦးဗိုလ်သင်းက မန်းစက်တော်ရာသွားနေလို့ အခုအိမ်မှာ သူတစ်ယောက်တည်းရယ်"

မကြာမီ ရန်ကုန်လေယာဉ်ပါ ခရီးသည်တို့သည် လေယာဉ်ကွင်းမှ ထွက်ခွာကြ၏။

ဦးဘရီက လူကြီးပီပီ ဣန္ဒြေနှင့် အခြားဘက်သို့ ငေးကြည့်နေသော်လည်း လူငယ်ဆရာနှစ်ဦးက မမြင့်ဝေတို့ ထွက်သွားသည်ကို ငေးကြည့်ကျန်ရစ်သည်။ စိမ်းပြာနုရောင် ဟေး(လ်)မင်းကားလေးကို မမြင့်ဝေကိုယ်တိုင် မောင်းထွက်သွားကြောင်း သူတို့နှစ်ဦး မြင်ကြရသည်။

ကျောင်းအုပ်ကြီးမကြားအောင် ဦးမြသန်း၏ နားနားကပ်၍ ဦးတင်မောင်လတ်က ဆိုသည်။

"မမြင့်ဝေ ချောလှပြီလား အောက်မေ့တယ်၊ သူ့အစ်မက ပိုချောနေတယ်"

"အစ်မ မဟုတ်ဘူး၊ ယောက်မ ဖြစ်လိမ့်မယ်"

"အင်းလေ. . . အတူတူပေါ့"

"ဟုတ်တယ်၊ အတူတူပါပဲ၊ အင်းလေ. . . ဘာပဲဖြစ်ဖြစ် သူများသားသမီးများကျတော့ ကံကောင်းကြရှာတယ်"

ဦးမြသန်းက သူ့ဘာသာသူသာ နားလည်မည်ဖြစ်သော မှတ်ချက်ကို ချ၏။

စခန်းရုံးရှေ့ ဂိတ်ဝ၌ ဆိုက်ထားသော လေယာဉ်သည် ပန်ကာများလည်၍ ရွေ့လျားပြီး တစ်နေရာသို့ ဖယ်ပေးသည်။ လေယာဉ်တစ်စီး ဆိုက်တော့မည်ကို အချက်ပေးသည့် သံချောင်းခေါက်သံ ပေါ်လာပြီး မကြာမီမှာပင် မြူကြောင့် ပြာဝေဝေရှိသော လွင်တီးခေါင်၏ မိုးကုပ်စက်ဝိုင်းမှနေ၍ လေယာဉ်တစ်စီးသည် ငှက်ငယ်ပမာဏအရွယ်နှင့် စတင်ပေါ်လာ၏။ လေယာဉ်၏အသွင်သည် တစ်စစ ကြီးမားလာကာ စက်သံလည်း ပေါ်လာ၏။

လေယာဉ်သည် ဘီးနှင့်မြေထိ၍ လမ်းကြောင်းအတိုင်း ပြေးလာနေဆဲ၌ ဦးဘရီတို့က ဂိတ်ဝသို့ရောက်နှင့်ကာ ကြိုဆိုကြသည်။

ခရီးသည်အားလုံးနောက်မှ ကိုသက်ခိုင်သည် အေးအေးဆေးဆေးဆင်းလာခဲ့သည်။ လှေကားရင်းမြေပြင်သို့ ရောက်လျှင်ရောက်ချင်း ခေတ္တရပ်၍ ပတ်ဝန်းကျင်ကို မျက်လုံးလှည့်ဝေ့ကြည့်မိသည်။

မကွေးလေယာဉ်ကွင်းသည် ချမ်းမြသာစည် လေယာဉ်ကွင်းကဲ့သို့ပင် ရှင်းလင်းပြန့်ပြောသည်။ နွေဦး၏ သွေ့ခြောက်သောရာသီ၌ ဖြစ်သောကြောင့် မြက်ခင်းတို့သည် အားလျော့လျော့ စိမ်းနေသည်။ လေယာဉ်ကွင်းဘေး တစ်ဖက်တစ်ချက်၌ စီတန်းစိုက်ထားသော ရွက်သေးဆူးချွန်ပင်ပုမျိုးတို့ကလည်း မြရည်ကို တတ်နိုင်သမျှ ဆောင်ထားဆဲဖြစ်၏။

လေယာဉ်ဆိုက်ချိန် ဖြစ်သောကြောင့် မကွေး-ရေနံချောင်း ကားလမ်းကို တန်းထိုးဖြတ်ကာ တားဆီးထားသဖြင့် ယာဉ်အသီးသီးတို့ ရပ်နားနေကြရသည်။ သို့ရာတွင် စောစောကပြေးနှင့်ထားသော ကားတို့၏ အဟုန်ကြောင့် ဖုန်မှုန့်တို့သည် ဝေဝေလူလူ လေ၌ ဆိုင်းရစ်ပျံ့လွင့်နေကြဆဲတည်း။

ဖျော့သော အစိမ်း၊ ဝေသော ဖုန်မှုန့်တို့ကြောင့် ပြာရီသည့် နွေပန်းချီသည် ပြည့်စုံကုံလုံ၍ ဆွတ်ပျံ့ဖွယ်ရှိသည်ဟု ကိုသက်ဆိုင်၏ရင်၌ ခံစားနေရ၏။

"ဟယ်. . . လက်စသတ်တော့ ဖိုးသက်ခိုင်ကိုး"

အံ့ဩခြင်းနှင့် ဝမ်းသာမှုတို့ရောသောအသံနှင့်အတူ လက်တစ်ဖက်က သူ့ပခုံးပေါ်သို့ ရင်းနှီးစွာ ကျရောက်လာခါမှကိုသက်ခိုင်သည် စိတ်ကူးမှနိုးလျက် ဦးဘရီကို ဝမ်းသာလှိုက်လှဲစွာပင် ပြန်နှုတ်ဆက်ရ၏။

"ဟာ. . . ကိုကြီးရီ. . . ကျွန်တော်မမြင်မိဘူး၊ အင်းလေ. . . ကိုကြီးရီကို မြင်တောင် ဒီအဝတ်အစားနဲ့ဆို့ ဘယ်မှတ်မိမလဲ"

ဦးဘရီက သူ့အဝတ်အစားကို ပြန်ငုံ့ကြည့်ပြီး တစ်ချက်ရယ်သည်။

"ဟုတ်ပါရဲ့၊ ကိုကြီးလည်း အိုက်တာ၊ ပူတာနဲ့ ဖြစ်သလို ဝတ်ထွက်လာတာ၊ တောသူကြီးဂိုက် ပေါက်နေပြီထင်တယ်"

ဦးဘရီက ရယ်မောပြောဆိုပြီး ကိုသက်ခိုင်အား ကျန်ဆရာနှစ်ဦးနှင့် မိတ်ဖွဲ့ပေးသည်။ ဦးတင်မောင်လတ်ကိုမူ ရန်ကုန်မှ ပြောင်းလာသူဖြစ်သောကြောင့် ကိုသက်ခိုင်က မသိ။ ဦးမြသန်းမှာမူ မန္တလေးတက္ကသိုလ်ထွက်ဖြစ်သောကြောင့် တပည့်တစ်ဦးအဖြစ် ကိုသက်ခိုင်က သိပြီးဖြစ်သည်။

ဦးမြသန်းတို့က လောကဝတ်ပျူငှာနှင့် ကိုသက်ခိုင်၏ လက်မှ အထုပ်အပိုးတို့ကို ဆွဲငင်ယူကာ ရှေ့မှထွက်သွားနှင့်သည်။ နောက်မှ ဖြည်းဖြည်းလျှောက်လာကြရင်း ဦးဘရီက တစ်စုံတစ်ခုကို လေးလေးနက်နက်တွေးပြီး မှတ်ချက်ချ၏။

"ကထိကတစ်ဦး လာမယ်ဆိုတော့ ထင်တော့ထင်သား၊ ဖိုးသက်ခိုင်ပဲ လာမလား၊ ဖိုးချစ်ဆွေပဲ လာမလား၊ ဖိုးသာလှိုင်ပဲ လာမလား၊ ဒီသုံးယောက်ထဲက တစ်ယောက်ယောက်ပဲ ထင်ထားတာ၊ အခုတော့ ဖိုးသက်ခိုင်ဖြစ်နေတာကိုး၊ အင်း. . . တိုက်ဆိုင်ပဲ တိုက်ဆိုင်လွန်းတယ်"

ဦးဘရီ၏ နောက်ဆုံးစကား၌ အနက်အဓိပ္ပာယ်တစ်မျိုး ပေါ်လွင်နေသောကြောင့် ကိုသက်ခိုင်က ဖျတ်ခနဲ မေးမိ၏။

"ဘာတိုက်ဆိုင်နေလို့လဲ ကိုကြီးရီ"

ဦးဘရီ၏ မျက်ခုံးများသည် တစ်ချက်တွန့်သွား၏။ သို့ရာတွင် ချက်ချင်းပင် ရယ်လိုက်ပြီး ဖြေသည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**



# အမရပူရရှိမြင်းလှည်းတချို့မှာ ပုံစံတစ်မျိုးဖြင့် ခရီးသည်များ သယ်ယူပို့ဆောင်မှုပြုလုပ်

**မန္တလေး ဇူလိုင် ၁၆**

အမရပူရမြို့ပေါ်မှ မြင်းလှည်းများအား ငှားရမ်းမှုနည်းလာ၍ ယခင်ကထက် ဝင်ငွေလျော့နည်းလာကာမြင်းလှည်းမောင်းသူအများစုမှာ မြင်းလှည်းများအား ဂိတ်တွင်ကြာရှည်စွာထိုးထားရပြီး ခရီးသည်နှင့် ကုန် တင်မည့်သူကိုစောင့်နေရလေ့ရှိခြင်းကြောင့် မြင်းလှည်းများအား ပုံစံတစ်မျိုးပြောင်းကာ ခရီးသည်များကို ဝန်ဆောင်မှုပြုလုပ်ရန် စဉ်းစားလာကြကြောင်း ယင်းမြို့မှ မြင်းလှည်းမောင်းသူများက ပြောသည်။

အမရပူရမြို့ပေါ်ရှိ မြင်းလှည်းများ မန္တလေးမြို့ပေါ်မှ လိုင်းကားဖြင့် တင်ဆောင်လာသော ကုန်စည်များ၊ အမရပူရ သိမ်ကြီးဈေးမှ ကုန်စည်များကို အနီးအနားရွာများသို့ အဓိကသယ်ယူပို့ဆောင်ပေးကြရပြီး မြင်းလှည်း တစ်ခေါက်လျှင် ငွေကျပ် ၁၅၀၀ မှစကာ ခရီးအနီးအဝေးအလိုက် ငွေပမာဏကို ကြည့်ယူကြကြောင်း သိရသည်။

အမရပူရ မြင်းလှည်းဂိတ်တွင် မြင်းလှည်း ၁၅ စီးကျော်ရှိပြီး အလှည့်ကျစနစ်ဖြင့် ထွက်ကြရကာ တိုးတက်ခေတ်မီလာသောခေတ်တွင် ဆိုင်ကယ်များ၊ လိုက်ထရပ်ကားများ၊ ထော်လာဂျီများ အသုံးပြုမှုများလာခြင်းကြောင့် မြင်းလှည်းမောင်းခြင်း အလုပ်မှာ အလုပ်ပါးလျက်ရှိလာသည်။

လက်ရှိကာလတွင် အမရပူရမှ မြင်းလှည်းဆရာတချို့သည် နည်းစနစ်အသစ် မြင်းလှည်းပုံစံတစ်မျိုးဖြင့် ခရီးသည်များသယ်ယူပို့ဆောင်ပေးရန် စဉ်းစားလာပြီး အထူးသဖြင့် ပြင်ဦးလွင်မြို့မှ ရထားလုံးများနည်းတူ နိုင်ငံခြားသားခရီးသွား ဧည့်သည်များကို ပို့ဆောင်ပေးနိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

လာမည့် ခရီးသွားရာသီတွင် နိုင်ငံခြားသား ခရီးသွားဧည့်သည်များကို အမရပူရမြို့တစ်ခွင် လိုက်ပို့နိုင်ရန် စမ်းသပ်ပြေးဆွဲနိုင်ရန် ကြံဆထားကြောင်း သိရသည်။

လက်ရှိကာလတွင် မြင်းလှည်းပုံစံတစ်မျိုးကို ဝယ်ယူထားပြီး စာကျင်ဝ မြင်းလှည်းဂိတ်တွင် ထိုးထားလျက်ရှိကြောင်း အဆိုပါ မြင်းလှည်းမောင်းသူများက ပြောသည်။

တိုးတက်ခေတ်မီလာသော ကာလတွင် သယ်ယူပို့ဆောင်မှုကဏ္ဍသည် များစွာပြောင်းလဲလာကာ ယခင်က သယ်ယူပို့ဆောင်မှုကဏ္ဍတွင် သာရေး၊ နာရေး၊ ကျန်းမာရေးအား မြင်းလှည်းစီးနင်းသူများနှင့် ဆိုက်ကားစီးနင်းသူများ ရှိနေသေးကြောင်း သိရသည်။

**တိမ်တမန်**

# ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ အထူးအစည်းအဝေးကျင်းပ

**မင်းတပ် ဇူလိုင် ၁၆**

ချင်းပြည်နယ် မင်းတပ်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့၏ အထူးအစည်းအဝေးကို ခရိုင်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၅ ရက်က ကျင်းပသည်။

အစည်းအဝေးတွင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြင့်ဆွေက "ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း ကြေညာပြီး လိုအပ်သောကြေညာချက်များထုတ်ပြန်ထားကြောင်း၊ ၂၀၁၅ ခုနှစ် ဇူလိုင် ၂၀ ရက်မှစ၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်းကို လက်ခံခြင်း၊ စိစစ်ခြင်း၊ ရွေးကောက်ပွဲများကိုလည်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများအောင်မြင်ရေးအတွက် နယ်မြေဒေသများခွဲဝေ၍ အဖွဲ့ဝင်များက တာဝန်ယူကြရန်တို့ကို အသေးစိတ်ညှိနှိုင်းချမှတ်ရန်ဖြစ်ကြောင်း" ပြောကြားသည်။

ဆက်လက်၍ ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးသောင်းတင်ငြိမ်း(လက်ထောက်ညွှန်ကြားရေးမှူး)က ဆွေးနွေးညှိနှိုင်းရမည့်လုပ်ငန်းစဉ်များကို တင်ပြပြီး တက်ရောက်လာသည့် အဖွဲ့ဝင်များက ဆွေးနွေးညှိနှိုင်းခြင်း၊ အချိန်ကာလနှင့် နယ်မြေတာဝန်ခံသတ်မှတ်ခြင်း၊ နယ်မြေသတ်မှတ်ခြင်းတို့ကို ဆုံးဖြတ်ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

■

# ကျိုက်ထို၌ အလုပ်ရုံဆွေးနွေးပွဲသုံးရက်တာပြုလုပ်

**ကျိုက်ထို ဇူလိုင် ၁၆**

မွန်ပြည်နယ် ကျိုက်ထိုမြို့ စိမ်းလဲ့တင်ဟိုတယ်၌ ဇူလိုင် ၁၃ ရက်မှ ၁၆ ရက်အထိ Dialogue ညှိနှိုင်းဆွေးနွေးသူများ အလုပ်ရုံဆွေးနွေးပွဲ သုံးရက်တာ ပြုလုပ်ခဲ့သည်။

အဆိုပါ UNDP မှ ကြီးမှူးကျင်းပကာ အတိုင်ပင်ခံအရာရှိ Mr: Chris Spies မှ ဦးဆောင်ဆွေးနွေးလျက်ရှိရာတွင် Dialogue လုပ်ငန်းစဉ်များအတွက် အရည်အသွေးပြည့်ဝသော ညှိနှိုင်းဆွေးနွေးသူများ အားကောင်းခိုင်မာလာရေး ယုံကြည်မှု တည်ဆောက်ခြင်း၊ စုဝေးဆွေးနွေးခြင်းပုံစံများ ချမှတ်ခြင်း ကြိုတင်ပြင်ဆင်ခြင်း၊ ညှိနှိုင်းလုပ်ဆောင်ခြင်း ဆက်လက် လုပ်ဆောင်မည့်အစီအစဉ်များကို သုံးရက်တာအတွင်း တက်ရောက်လာသူများ Dialogue ဖြစ်စဉ်ပါဝင်မည့်အဓိက သက်ဆိုင်သူများ၏အခန်းကဏ္ဍကို ရှာဖွေဖော်ထုတ်နိုင်ရန် ဆွေးနွေးသွားကြမည်ဖြစ်ကြောင်းသိရသည်။

ယင်းသို့ UNDP မှအတိုင်ပင်ခံအရာရှိနှင့်တာဝန်ရှိသူများ၊ မြို့နယ်များမှအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိဒုတိယအုပ်ချုပ်ရေးမှူးများ၊ ပြည်နယ်/ခရိုင်/မြို့နယ်များမှ ပြန်ဆက် ဝန်ထမ်းများ၊အရပ်ဖက်လူမှုအဖွဲ့အစည်း NGOများမှ ဝန်ထမ်းများ တက်ရောက်ခဲ့သည်။

**ထွန်းထွန်း(ရေး)**

# နှမ်းစပါးစံကွက်ရိတ်သိမ်း

**ဒီပဲယင်း ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ဝဘာကျေးရွာအုပ်စု တောင်သူ ဦးဘိုဝင်း၏ ကွင်းအမှတ်(၂၀၄၇)၊ ဦးပိုင်အမှတ်(၉၄/ ၃) နှမ်းစပါးစံပြစိုက်ကွင်း ၁၀ ဧက ရှိ GW-1 (ပုလဲသွယ်)စပ်မျိုးစပါး စံကွက်ရိတ်သိမ်းပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ရာ စပါးစံကွက်ရိတ်သိမ်းပွဲသို့ ဝဘာကျေးရွာ၊ ယင်းတွေကျေးရွာ၊ မဲသည်ကျေးရွာ၊ လက်တီးကျေးရွာ မှ တောင်သူများ လာရောက်လေ့လာကြသည်။ အဆိုပါ GW-1(ပုလဲသွယ်)စပ်မျိုးစပါးသည် တစ်ဧကအစိုထွက်နှုန်း ၁၉၇ ဒသမ ၉၈ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

**သိန်းထွန်း(Iprd)**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

CALDINA TAXI(CNG)
ယာဉ်မောင်းအလိုရှိသည်
(တစ်လက်ကိုင်)
Ph:201224
09-31855508

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
ဈေးနီး၊ ကျောင်းနီး၊ ကားမှတ်တိုင်နီး၊
ဒေါ်ပုံ မြေညီ 12½'x50'x9'
သိန်း ၄၈၀ BCC ကျပြီး၊ လူမနေရသေး
Ph:09-250666053
09-250153485

ကား မျိုးစုံ
(Alphard/Crown/MarkII/အခန်းတဘုံ/Hiace ၉/၁၃ယောက်စီး ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးဝဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာစွာ ဝန်ဆောင်မှုပေးနေပါသည်။
Ph: 09795549249, 095418126

ပြင်ဆင်ဖတ်ရှုပါရန်
၁၃-၆-၂၀၁၅ရက်နေ့ကြေးမုံ သတင်းစာ၏ စာမျက်နှာကြော်ငြာ ADVERTISEMENT ကန့်ကွက်နိုင်ကြောင်းကြော်ငြာလိုင်သာယာမြို့နယ်၊ဒေါ်ခေါင်နန်၏ဂရန်သစ်တွင်မှတ်ပုံတင်အမှတ်(၁/မတအ(နိုင်)၀၂၆၉၄၃)အစား (၁/ပတအ(နိုင်)၀၂၆၉၄၃)ဟုဖတ်ရှုပါရန်။

လပြည့် 09-50-37438
532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ်ကားမျိုးစုံ ငှားရန်အသင့်ရှိသည်
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

ဒဂုံမြို့သစ်
(တောင်ပိုင်း)(ဆိပ်ကမ်း)
မြေကွက်များဝယ်လိုသည်
ဖုန်း -0943075129

GUSTO International College
GUSTO INTERNATIONAL COLLEGE
" အထူးဂုဏ်ယူဝမ်းမြောက်ခြင်း "
Pearson (UK) မှ ချီးမြှင့်သော ၂၀၁၅ ခုနှစ် Computing ဘာသာရပ်ထူးချွန်ဆု
*Gold Medallion Award (၂) ဆုစလုံးကို*
GUSTO မှ ကျောင်းသူကျောင်းသားများ ဖြစ်ကြသော ကိုကျော်ကျော်ထက် နှင့် မမေရီမွန် တို့မှ ထူးချွန်စွာ ဆွတ်ခူးနိုင်ခဲ့ပြီး
နိုင်ငံတကာပညာရေး အသိုင်းအဝိုင်းတွင် GUSTO ၏ ဂုဏ်သတင်းကို ပိုမိုမြင့်တင်ပေးနိုင်ခဲ့သည့် အတွက်
GUSTO ၌ လက်ရှိတက်ရောက်နေသော ကျောင်းသားကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့်တကွ ကျောင်းအုပ်ချုပ်ရေးအဖွဲ့မှ အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း...







**2015 August Intake** အတွက် ကျောင်းအပ်လက်ခံလျက်ရှိပြီး အနာဂတ် IT ခေါင်းဆောင်လူငယ်များကို GUSTO International College မှ နွေးထွေးစွာကြိုဆိုပါသည်၊
No. 289 (A), Pyay Road, Sanchaung Tsp., Yangon. 09 8628806, 09 73031302, 01 504632


UAB
United Amara Bank
"အနာဂတ်ဘဝ လှပဖို့
UAB တွင် ငွေစုစို့"
Be Educated!
Study Time
with UAB Teenagers Account
စာရင်းဖွင့်နိုင်သူများ - အသက် (၁၂)နှစ် မှ အသက် (၁၈)နှစ် အထိ
ကနဦးထည့်ဝင်ငွေ - ၁၀၀၀ ကျပ်
အတိုးနှုန်း - တစ်နှစ်လျှင် ၈.၂၅%
ငွေထုတ်နိုင်သည့် အကြိမ်အရေအတွက် - (၁)လလျှင် (၂) ကြိမ်
The Asian Banking & Finance Awards 2015
ငွေကျပ်သိန်း(၅၀)ကို အနည်းဆုံး(၃)လ ထားရှိရုံဖြင့် Bonus ပေးမည့် ကာလများ
(June, September, December, March)တွင် ထိုအခွင့်အရေးကို ရရှိနိုင်မည် ဖြစ်ပါသည်။
www.unitedamarabank.com
facebook/UnitedAmaraBank
Call Center - 01 8603305

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆင်းရဲမှုလျှော့ချရေးအပိုင်း(၁)(MY-P1)အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်းများ ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တည်ဆောက်လျက်ရှိသော သမရိုးကျတံတား၏ အပေါ်ထည် (Steel Plate Girder)နှင့် ဆက်စပ်ပစ္စည်းများအား ဝယ်ယူရန် တင်ဒါခေါ်ယူလိုပါသည်။

တင်ဒါတင်သွင်းသူသည် -

- မြန်မာနိုင်ငံအတွင်းတွင် Steel Plate Girder ထုတ်လုပ်သည့်ကုမ္ပဏီ/စက်ရုံရှိရမည်။ တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်သည့် အတွေ့အကြုံရှိရမည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၂၀-၇-၂၀၁၅ရက်မှ ၂၇-၇-၂၀၁၅ရက်အထိ

၃။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် - ၂၆-၈-၂၀၁၅ရက်၊ ၁၆း၃၀နာရီ

၄။ တင်ဒါဖွင့်မည့်ရက် - ၃၁-၈-၂၀၁၅ ရက်

၅။ တင်ဒါပုံစံများကို တစ်စောင်လျှင် ကျပ် တစ်သောင်းငါးထောင်နှုန်းဖြင့် အောက်ဖော်ပြပါ ဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**
**လမ်းဦးစီးဌာန၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၀၇၄၆၈**

## အမြန်ရောင်းမည်

- ရန်ကုန်မြို့၊ အလုံလမ်းမပေါ်ရှိ Orchid Condo (၄)လွှာ၊ ရွှေတိဂုံဘုရား View မြင်ဆင်ပြီး၊ အသင့်နေနိုင် (3200 sqft)

* 1sqft လျှင် ကျပ် ၂၀၀,၀၀၀/- နှုန်းဖြင့် အမြန်ရောင်းမည်။

ဆက်သွယ်ရန်ဖုန်း(ရုံးချိန်အတွင်းသာ) - ၀၁-၇၀၉၄၃၅၊ ၀၁-၉၆၈၈၇၄၁

## ဝန်ထမ်းအလိုရှိသည်

၁။ Sale ၁၀ ဦး (ကျား/မ)
၂။ Marketing ၁၀ ဦး (ကျား/မ)
၃။ Assistant account ၃ ဦး (မ)
၄။ Cashier ၂ ဦး (မ)

- တက္ကသိုလ်မှ ဘွဲ့ရဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ (၁) နှစ်ရှိရမည်။
- သွက်လက်၍ လုပ်ငန်းတွင်စိတ်ပါဝင်စားသူဖြစ်ရမည်။
- အမှတ်စဉ်(၃)နှင့်(၄)အတွက် LCCI Level (II) အောင်ရမည်။ ကွန်ပျူတာ Excel ကျွမ်းကျင်ရမည်။

စိတ်ပါဝင်စားသူများသည် Tha Toe Aung Zeya Co.,Ltd No. 116, Seikanthar Street, Kyauktada, (ဖုန်း-၀၁-၂၅၀၀၈၄)သို့ (၁၀)ရက်အတွင်းလူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

## ကွမ်းခြံကုန်းမြို့ ဝါဆိုသင်္ကန်းကပ်လှူပွဲ ဖိတ်ကြားလွှာ

ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်)၏ (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ၂၆-၇-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် ကွမ်းခြံကုန်းမြို့ မဟာတိလောက မှန်ကူသွန်း ဘုရားကြီးတန်ဆောင်း၌ ကျင်းပမည်ဖြစ်ရာ ကွမ်းခြံကုန်းမြို့ နယ်သူ နယ်သားများနှင့် စိတ်ပါဝင်စားသူများအား လှိုက်လှဲစွာ ဖိတ်ကြားအပ်ပါသည်။

ဝါဆိုသင်္ကန်းနှင့်အလှူငွေပစ္စည်းများကို လှူဒါန်းလိုသူများ ဦးစိုးညွန့်(နာယက) ဖုန်း-၅၄၁၆၈၆၊ ဦးကျော်ခိုင်(ဥက္ကဋ္ဌ)ဖုန်း-၂၄၆၁၄၀၊ ၂၄၆၂၄၂ ဦးစိန်မြင့်(ဒုတိယဥက္ကဋ္ဌ)ဖုန်း-၀၉-၇၃၁၉၁၈၅၀၊ ဦးစန်းအောင်(အတွင်းရေးမှူး-၁)ဖုန်း ၀၉-၄၄၈၀၄၃၄၁၉၊ ဦးမောင်မောင်မြင့်(ဘဏ္ဍာရေးမှူး)ဖုန်း ၀၉-၄၃၀၉၆၂၈၅၊ ဒေါ်ခင်သန်းလွင်(အမှုဆောင်)ဖုန်း ၃၉၈၂၀၀တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ လိုက်ပါလိုသူများအတွက် မော်တော်ယာဉ်စီစဉ်ထားရာ ၎င်းနေ့နံနက် ၆း၃၀နာရီတွင် မြို့တော်ခန်းမ၊ မဟာဗန္ဓုလပန်းခြံရှေ့မှ စတင်ထွက်ပါမည်။

**အမှုဆောင်အဖွဲ့**

## မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း(MICPA)ဟောပြောပွဲ

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း(MICPA)၏ ဟောပြောပွဲကို အသင်းအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးအောင်နိုင်မောင်မောင်မှ "Performance Management for Business"ခေါင်းစဉ်ဖြင့် ၂၀၁၅ခုနှစ်၊ ဇူလိုင်လ ၂၆ရက်(တနင်္ဂနွေနေ့)တွင် နံနက် ၈ နာရီမှ မွန်းတည့် ၁၂နာရီထိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်းရှိ ဟောပြောပွဲခန်းမ၌ ဟောပြောဆွေးနွေးပေးမည်ဖြစ်ပါသည်။ အဆိုပါဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို မှတ်ပုံတင်ကြေးပေးသွင်း၍ တက်ရောက်နိုင်ပြီး လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအနေဖြင့် CPD နာရီထောက်ခံချက်ရရှိမည်ဖြစ်ပါသည်။ ဟောပြောပွဲတက်ရောက်လိုသူများအနေဖြင့် ၂၃-၇-၂၀၁၅ ရက် နောက်ဆုံးထားပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း၊ အလုံမြို့နယ်၊ သခင်မြပန်းခြံလမ်း၊ အမှတ်-၁/၁၉၊ ပထမထပ်ရှိ အသင်းရုံးခန်းသို့ လာရောက်စာရင်းပေးသွင်းနိုင်ပါကြောင်းနှင့် နယ်မှလာရောက်မည့်သူများအနေဖြင့် အသင်းရုံးခန်းသို့ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း၊ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၁-၂၁၄၆၅၃၊ ၀၉-၃၁၇၁၈၁၄၉သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။







ကြော်ငြာ


## ပေါ်ပြူလာစတား Travel & Services

ဗုဒ္ဓဂယာခရီးစဉ်
သံဝေဂနီယ(၄)ဌာန၊ အဝိဇဟိတ(၄)ဌာန၊
နယူးဒေလီ၊ တာ့ချ်မဟာ
၁၄ည၊၁၅ရက် – စရန်ငွေ ၁ သိန်း နှင့်
750 Usd

| | | |
|---|---|---|
| အောက်တိုဘာ | -၅၊ ၂၆ | |
| နိုဝင်ဘာ | -၁၅၊ ၂၉ | |
| ဇန်နဝါရီ | -၂၅ | |
| ဖေဖော်ဝါရီ | -၁၀၊ ၂၄ | |
| မတ် | - ၂၊ ၁၆ | |

ပြည်တွင်းခရီးစဉ်
တောင်ကြီးခရီးစဉ်- ၁.၆ သိန်း Oct-27
ပြင်ဦးလွင်ခရီးစဉ်- ၁.၅ သိန်း Nov-25
၄ည/၅ရက်ဇရိတ်ငြိမ်း Packages, Scania Bus, 3Stars Hotel, Restaurant
Ph: 01 2301866, 09-5129134, 09-786516520, 09-785022452

## Y.E.S. International English Language Centre
Since 1994
B.A.(Hons.)(English), M.A.(ESL)(Hawaii, USA)

**Basic Spoken English**
Mon to Thurs-3:00-5:00 pm 6 Jul
Mon to Thurs-1:00-3:00 pm 13,27 Jul
Sat & Sun - 12:30-3:30 pm 18 Jul
Sat & Sun - 3:45-6:45 pm 18 Jul
Mon to Thurs 7:30-9:30am 20,27Jul,10Aug
Mon to Thurs-5:30-7:00 pm 27 Jul
Sat & Sun - 9:00-12:00 am 8 Aug

**Pre-Intermediate English**
Mon to Thurs-10:30-12:30 am 13 Jul
Mon to Thurs-7:30-9:30 am 27 Jul
Mon to Thurs-10:30-12:30 pm 10 Aug

**Grammar Foundation Course**
Mon to Thurs - 10:00-12:00 am 13 Jul

**Structure & Written Expression**
Sat & Sun - 12:30-3:30-6:30pm 18 Jul
Mon to Thurs-4:00-5:30pm 27 Jul
Mon to Thurs-5:30-7:00pm 27 Jul

**Basic Writing Course**
Sat & Sun - 12:30 - 3:30 pm 18 Jul
Sat & Sun - 3:45 - 6:15 pm 25 Jul

**Vocabulary Enrichment Course**
Mon to Thurs - 3:30-5:00 pm 20 Jul
Sat & Sun - 10:00 - 12:00 am 25 Jul

TOEFL, SAT, IELTS, API, AWC, IE
No.190, 2nd Flr, 28th St (Upper), Pabedan Tsp. Ph: 01-243950, 246910









ကြော်ငြာ


**Mingalar Cinemas**

www.facebook.com/mingalarcinemas

Mingalar Cinemas facebook

| | | | | | |
|---|---|---|---|---|---|
| သမ္မတ | သွင် | မင်္ဂလာ(၁) | မင်္ဂလာ(၂) | ရွှေဆောင် | နေပြည်တော် |
| မင်္ဂလာစံပြ | Top Royal | ဝင်းလိုက် | မြို့မ | မင်္ဂလာဒိုင်းမွန်း | မင်္ဂလာထွန်းသီရိ |

**ဤအရာကိုအချစ်ဟုခေါ်သလား**

ရန်ကုန် - သမ္မတ၊ သွင်၊ မင်္ဂလာ(၁)၊ မင်္ဂလာစံပြ၊ Top Royal

မန္တလေး - ဝင်းလိုက်၊ မြို့မ

ပြည် - မင်္ဂလာထွန်းသီရိ

**TERMINATOR GENISYS(3D)**

ရန်ကုန် - နေပြည်တော်(၁) မင်္ဂလာ(၂)၊ မင်္ဂလာစံပြ

မန္တလေး - မင်္ဂလာဒိုင်းမွန်း၊ မြို့မ(နံနက် ၁၀း၀၀)နာရီ

ပြည် - မင်္ဂလာထွန်းသီရိ

**MINIONS(3D)**

ရန်ကုန် - ရွှေဆောင် (၁) မင်္ဂလာစံပြ

မန္တလေး - မင်္ဂလာဒိုင်းမွန်း

ပြည် - မင်္ဂလာထွန်းသီရိ

**JURASSIC WORLD (3D)**

ရန်ကုန် - နေပြည်တော် (၃)

**GHOST COINS**

ရန်ကုန် ရွှေဆောင်(၂)

**KEEP RUNNING SIR,YES SIR!**

ရန်ကုန် နေပြည်တော် (၂)

မန္တလေး မင်္ဂလာဒိုင်းမွန်း

၁၇ . ၇ . ၂၀၁၅ ရက်မှ စတင်ပြသမည့်ဇာတ်ကားသစ်များ

ပွဲချိန်သတ်မှတ်ချက် - ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ







**Pearson အသိအမှတ်ပြု Online Test Centre ကို KMD တွင်ဖွင့်လှစ်လိုက်ပါပြီ....**

သင့်အနာဂတ်သေချာစေဖို့ နိုင်ငံတကာအသိအမှတ်ပြု အောင်လက်မှတ်များကို ရယူကြပါစို့...

PEARSON VUE-Authorized Test Center

Certifications connect you to global opportunity

KMD Education Services

Millions of Skill Staff are Needed Every Year Across the Globe

Microsoft | CISCO | vmware | ORACLE | JUNIPER | spring | Linux Professional Institute | Adobe

KMD Online Test Centre No-174-182, Pansodan Street(Middle) Kyauktada Township. Tel: 381035, 381776, 384109, 391286

# သမိုင်းမချိုလေသည့် စစ်ကိုင်းမြို့၏ မြို့တည်နန်းတည် နှစ်(၇၀၀)ပြည့်ပွဲတော်



**စစ်ကိုင်း ဇူလိုင် ၁၆**

စစ်ကိုင်းမြို့တည်နန်းတည် နှစ် (၇၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်ကြီးကို ဇူလိုင် ၂၆၊၂၇၊ ၂၈ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရန် ဇေယျာသူ ဇေယျာသားတို့ တက်ကြွလှုပ်ရှားပျော်ရွှင်နေကြပြီ။

ယခုအခါ စစ်ကိုင်းမြို့တည် နန်းတည်မင်း သီရိအသင်္ခယာစောယွမ်း၏ ၁၃ ပေခွဲရှိသည့် ကြေးသွန်းရုပ်တုကြီးကို သီရိမင်္ဂလာတံတားအဆင်း အိုးဖိုအဝိုင်းကြီးတွင် ဂုဏ်ယူဝင့်ကြွားစွာ ငွားငွားစွင့်စွင့် စိုက်ထူထားပြီးလေပြီ။ ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာကျင်းပရန် လှုံ့ဆော်ရေးယာဉ်များဖြင့် မြို့နယ်အနှံ့၊ ကျေးလက်အနှံ့သို့ တီးမှုတ်ဖျော်ဖြေလျက်ရှိသည်။

စစ်ကိုင်းမြို့မှ တေးဂီတဝိုင်းများသာမက နာမည်ကျော်မန္တလေးမြို့မ တူရိယာအသင်းကြီးကလည်း လာရောက်ဝိုင်းဝန်းကူညီအားဖြည့်ကာ လှုံ့ဆော်တေးသီချင်းများဖြင့် ဖျော်ဖြေပေးလျက်ရှိနေသည်ကို တွေ့ရသည်။ ပွဲတော်အကြိုအဖြစ် တရားပွဲများ၊ ဘာသာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲများ၊ စာပေဟောပြောပွဲများ၊ တေးဂီတဖျော်ဖြေပွဲ၊ အားကစားပြိုင်ပွဲများ၊ လက်ဝှေ့ပွဲ၊ ကိုယ်ကာယအလှနှင့် လှယဉ်ကျေးမယ် ပြိုင်ပွဲများ ကျင်းပလျက်ရှိသည့်အပြင် အထိမ်းအမှတ်ပြက္ခဒိန်၊ အထိမ်းအမှတ်မဂ္ဂဇင်းနှင့် မော်ကွန်းသတင်းလွှာထုတ်ဝေခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ပွဲတော်ရက်တွင် သံဃာတော်အပါး ၇၀၀ နှင့် သီလရှင်အပါး ၇၀၀ တို့အား ဆွမ်းကပ်လှူခြင်း၊ ပွဲတော်လာပရိသတ်များအား **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍**



## ဘင်္ဂလီဒုက္ခသည်များအတွက် ထောက်ပံ့ပေးသည့် ပစ္စည်းများ လိုအပ်သည့်အတိုင်းအတာထက် ပိုမိုများပြားနေမှုကြောင့် လမ်းဘေးဈေးဆိုင်များဖွင့်၍ တစ်ဆင့်ပြန်လည် ရောင်းချခြင်းများ ပြုလုပ်လျက်ရှိ။

စာမျက်နှာ » ၅

## ကမ္ဘာ့တန်ဖိုးအကြီးဆုံးအားကစားအသင်းစာရင်းတွင် ရီးယဲလ်မက်ဒရစ်အသင်း ထိပ်ဆုံးမှဆက်လက်ရပ်တည်

**အမေရိကန်၏ စီးပွားရေးမဂ္ဂဇင်းတစ်ခုဖြစ်သည့် ဖောဘိစ်သည် ကမ္ဘာ့တန်ဖိုးအကြီးဆုံးအားကစား အသင်းများကို နှစ်စဉ်ဖော်ပြပေးလျက်ရှိရာ ယခုနှစ်တွင် ရီးယဲလ်မက်ဒရစ်အသင်းသည် ကမ္ဘာ့တန်ဖိုးအကြီးဆုံး အားကစားအသင်းအဖြစ် ဖော်ပြခံခဲ့ရပြီး သုံးနှစ်ဆက်ကမ္ဘာ့တန်ဖိုးအကြီးဆုံးအားကစားအသင်းလည်း ဖြစ်လာခဲ့သည်။**

စာမျက်နှာ ၁၃ ကော်လံ ၅ သို့ ❖



**ယနေ့ မာတိကာ**

မမေ့နိုင်သည့် အာဇာနည်

စာမျက်နှာ - ၂

ပိုလ်ချုပ်တို့ကျေးဇူး - နေ့တိုင်းသတိတရ ပေးဆပ်နေကြပါစို့

စာမျက်နှာ - ၆

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း အထူးစီမံချက်တစ်ရပ်အဖြစ် ယင်းမာစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့

စာမျက်နှာ - ၇




ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ် (၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ ကြေးမုံ The Mirror Established in 1957
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၁၂၈၊ ၀၆၇-၃၆၀၁၃၀၊ ဖက်စ် ၀၆၇-၃၆၀၁၃၁၊ ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁